


၁အုပ်စာနယ်ဇင်းကြိုတင်ခွင့်ပြုချက်အမှတ် (၃၅၀)
ချက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၄၉)

ရဲ ၀၉၈၃ ) ၃၃ ကျောင်းလမ်း၊ မင်္ဂလာ
ို့ ပန်းလက်ဆောင် စာပေအား ထုတ်ဝေ၍
မြဲ) အမှတ် ၆၀၊ မဥ္စူလမ်းသွယ် (၂)
င် မြင့်ကောရီ ပုံနှိပ်စက်ဖြင့် ရိုက်နှိပ်

ကြွင်တာပေ
အမှတ် ၁၅/၁၃၀း ဖြေ
ဒေ ဆာ ခင် နု မြို့
ဖုန်း ၂၀၄၄၉

မောင်နှင်းဆွေ

# ကူဗလိုင်ခန့်၏လက်သုံးတော်ဓား

ပထမအကြိမ်
၁၉၇၀-ဖေဖော်ဝါရီလ
အုပ်ရေ-၁၅၀၀၊

ပန်းချီ
မောင်မောင်တို့အဖွဲ့
ဘလောက်
လွင်
အဖုံးရိုက်
စကားဝါ
စာအုပ်တန်ဖိုး
တဆယ့်ရှစ်ကျပ်

လွင်စာပေ

....က....

အချိန်ကာလကား မြက်ခင်းပြင်ဒေသသား မွန်ဂိုလူမျိုးများ ကမ္ဘာကြီးတခြမ်းလုံးကို ပိုင်စိုးထားခဲ့သည့် အခါသမယပင်တည်း။

အတိုင်းတိုင်းအပြည်ပြည်သော နိုင်ငံကြီးငယ်တို့သည် မွန်ဂိုတို့၏ မြင်းခွာများအောက်တွင် ပြားပြားဝပ်ခဲ့ရသည်။ မွန်ဂိုတို့၏ ဓား လှံ လက်နက် လေးမြားအောက်တွင် တိုင်းသူပြည်သားများ သွေးချောင်းစီးခဲ့ရသည်၊ မွန်ဂိုစစ်သူရဲများ လုယက်တိုက်ခိုက်ဖျက်ဆီးမှုကြောင့် မီးတဟုန်းဟုန်း လောင်ကျွမ်း ပျက်စီးခဲ့ကြရသည်။

မွန်ဂိုတို့၏ ပထမဦးဆုံးသော ခေါင်းဆောင်ကြီး ဂျင်ဂျစ်ခန် ကေရာဇ် လွန်ပြီးသည့်နောက် မြေးတော် ကူဗလိုင်ခန်ကေရာဇ် လက်ထက်တွင် တရုတ်ပြည်ကြီးမှာ ကေရာဇ်ဘုရင်ကူဗလိုင်ခန်၏ လက်တွင်းသို့ ကျရောက်ခဲ့ရလေတော့သည်။

ကူဗလိုင်ခန်သည် တရုတ်ပြည်မြောက်ပိုင်းမှ ဧကရာဇ်မင်း အဆက်ဆက် စိုးစံခဲ့ဘူးသော ပီကင်း နေပြည်တော်ကြီးကို သိမ်းယူပြီးနောက် ခရမ်းရောင် နန်းမြို့ကြီးတွင် စံပယ်တော်မူနေ၏။

တခုသော နေ့လည်ခင်းတွင်ဖြစ်သည်၊ ဧကရာဇ်ဘုရင် ကူဗလိုင်ခန်သည် ခရမ်းရောင်နန်းတော်ကြီးအတွင်းရှိ တခုသော အတွင်းဆောင်ထဲတွင် ထိုင်ဖုံသလွန်တခုအထက်၌ ငြိမ်သက်စွာ ထိုင်ယင်း ကူးမစ်ခေါ် မြင်းနို့ဖြင့်ဖောက်အပ်သည့် ရွှေနန်းတော်သုံး မွန်ဂိုအရက်တမျိုးကို ကျောက်မျက်ရတနာအမျိုးမျိုး စီခြယ်အပ်သော ရွှေခွက်ဖြင့် သောက်သုံးနေရာမှ လေးနက်စွာ စဉ်းစားခန်းဝင်နေလေသည်။

ဧကရာဇ်ဘုရင်ကြီး ကူဗလိုင်ခန်သည် တရုတ်ပြည်ကြီးအား သိမ်းပိုက်ထားပြီး ဖြစ်သည် ဆိုသော်လည်း မြောက်ပိုင်းမျှသာ ဖြစ်သေးသေး၏။ တရုတ်ပြည်တောင်ပိုင်းသည် ဆွန်းမင်းဆက်၏ လက်ထဲတွင် ရှိနေလေသေး၏။

ဧကရာဇ်ဘုရင် ကူဗလိုင်ခန်သည် မိမိ၏ လက်အောက်တွင် တရုတ်ပြည်မြောက်ပိုင်းကော တောင်ပိုင်းပါ ကျရောက်စေရန် ဦးခေါင်းထဲတွင် အမြဲကြံသ တွေးတောနေလေသည်။

တခဏမျှအကြာတွင် ဧကရာဇ်ဘုရင်ကူဗလိုင်ခန်ရှိရာ အတွင်းဆောင်တွင်းသို့ နန်းရေးဝန်ကြီး ရောက်ရှိ လာခဲ့လေသည်။

နန်းရေးဝန်ကြီးလည်း စာချွန်လွှာတစောင်ကို ဧကရာဇ်ဘုရင်အား ဆက်ကပ်၏၊

ယင်း စာချွန်လွှာသည် ယနေ့နံနက် ညီလာခံသဘင်တွင် ဧကရာဇ်ဘုရင် ကူဗလိုင်ခန်ဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်တရပ်နှင့် ပတ်သက်နေသော စာချွန်လွှာဖြစ်သည်။

ဧကရာဇ်ဘုရင် ကူဗလိုင်ခန်က စာချွန်လွှာရေးသားစီစဉ်ရန် နန်းရေးဝန်ကြီးအား အမိန့်ပေးစေခိုင်းခဲ့သောကြောင့် နန်းရေးဝန်ကြီးသည် အမိန့်တော်အတိုင်း ရေးသားစီစဉ်ပြီး ဧကရာဇ်ဘုရင်အား လာရောက်ဆက်ကပ် ပြသရခြင်း ဖြစ်လေသည်။

ဘုရင်မင်းမြတ်သည် စာချွန်လွှာအား ထူထဲသောမျက်ခုံးကြုံ့သွားသည်အထိ ဖတ်ရှုတော်မူလိုက်၏၊ ပြီးနောက် ကျေနပ်သဘောကျသွားသည့်ဟန်ဖြင့် ဦးခေါင်းဆတ်၍ မသိမသာပြုံးလိုက်ပြီး စာချွန်လွှာ၏အောက်ခြေတွင် ဘုရင့်တံဆိပ်တော်ကို ခတ်နှိပ်လိုက်လေသည်။

နန်းရေးဝန်ကြီးသည် တံဆိပ်တော်ခတ်နှိပ်ပြီး စာချွန်လွှာကို ယူငင်၍ အတွင်းဆောင်မှထွက်ခွာသွားစဉ် ဘုရင်မင်းမြတ်သည် ကူးမစ်အရက်ကိုတကျိုက်ကျိုက်သောက်ယင်းကြောက်မက်ဘွယ် အပြုံးတရပ်ကို ပြုံးလိုက်လေသည်။

ဤအပြုံး၏နောက်ကွယ်တွင် သွေးချောင်းစီးစေမည့် တိုက်ပွဲကြီးများ ဖြစ်ပေါ် လာတော့မည်မှာ အမှန်ပင် ဖြစ်သတည်း။

…၁…

'နောင်... ဒိုင်း'

ခရမ်းရောင်နန်းမြို့ကြီးအတွင်းသိမ့် ဗဟိုရ်စည် တီးခတ်သံကြီးသည် ထွက်ပေါ်လာခဲ့၏။ နန်းမြို့တံခါးသည် ပွင့်လာခဲ့သည်။

ပွင့်ဟသွားသော နန်းမြို့တံခါးအတွင်းမှ မြင်းသည်ကျော်တဦးသည်ဘုရင်မင်းမြတ်ချိပ်တံဆိပ်ထိုးနှိပ်ထားသည့် စာချွန်လွှာကိုဆောင်ယူ၍ မြင်းဖြင့် တရှိန်ထိုး စိုင်းထွက်လာခဲ့သည်။

မြင်းသည်ကျော်ကား ဘုရင့် အတူးတမန်တော် ဆက်သားအဆင့်ရှိ မြင်းစီးသူရဲဖြစ်ချေသည်။ တောင့်တင်း ကြံ့ခိုင်သော မြင်းသည်ကျော်၏ ခန္ဓာကိုယ်အထက်တွင် မွန်ဂို စစ်သူရဲတို့၏ တောက်ပြောင်သော ချပ်ဝတ်ထန်ဆာတို့ကို ခန့်ငြားစွာ ဆင်ယင်ထားသည်။

မြင်းကြီးမှာလည်း မွန်ဂိုမြင်းကောင်း မြင်းသန့်ကြီး ဖြစ်ပေ၏။ နန်းမြို့တံခါးဝမှထွက်မိသည်နှင့် အရှိန်အဟုန်ပြင်းသော မြှားတစင်းနှယ် မြင်းစီးသူရဲသည် မြင်းကြီးကို စိုင်းနှင်ခဲ့လေသည်။

မြင်းကြီးတွင်ချိတ်ဆွဲတပ်ဆင်ထားသော ခြူသံများကြောင့် ခရီးလမ်းတလျှောက် ရှိသူ လူသူတို့သည် လမ်းမပေါ်မှ အလျှင်အမြန် သေပြေးရှင်ပြေး ဖဲ့ဆင်း ရှောင်တိမ်းကြရလေသည်။ သို့မဟုတ်ပါက မြင်းကြီး၏ခွာအောက်တွင် ကျိုးကန်း အသက်ပျောက်ကြရံသာမက မိသားစုနှင့် ဆွေစဉ်မျိုးဆက်ပါ မင်းမျက်အသင့် ခံကြရတတ်လေသည်။

တမန်ဆက်သား မြင်းသည်ကျော်သည် ဦးတည်လာခဲ့သော ခရီးအတိုင်း စိုင်းနှင်လာခဲ့ယင်းမှ ခရီးထောက်မြို့တခုသို့ ရောက်လာသောအခါ စခန်းတခုတွင် ဝင်ရောက်လိုက်၏။

ထိုစခန်းတွင် ထိုမြင်းသည်ကျော်ကဲ့သို့ တမန်ဆက်သားတဦးသည် အားကောင်းမောင်းသန် မြင်းကြီးတစီးဖြင့် စောင့်ဆိုင်းနေ၏။ နေပြည်တော်မှရောက်ရှိလာသည့် မြင်းသည်ကျော်၏လက်တွင်းရှိ စာချွန်လွှာကို ပြောင်းလဲ ယူဆောင်ပြီးနောက် စခန်းထောက်မြင်းသည်ကျော်သည် ဆက်လက်စိုင်းနှင် လာခဲ့ပြန်၏။

ယင်းသို့ဖြင့် မြင်းသည်ကျော်အဆင့်ဆင့်တို့သည် တဦးပြီးတဦး အဆက်မပြတ် နေ့ရော ညပါ စိုင်းနှင်လာခဲ့ကြရာ မကြာလှသေးသောရက်ပိုင်းအတွင်း ဧကရာဇ်ဘုရင် ကူဗလိုင်ခန်ရောက်စေလိုသောအရပ်သို့ ဆိုက်ရောက်သွားရလေတော့သည်။

၇

တရုတ်ပြည်၏တောင်ပိုင်း နယ်စွန် ကိုင်ဖင်မြို့တော်တွင် မွန်ဂို စစ်သေနာပတိချုပ်ကြီး ဘယင်သည် ထောင်သောင်းမကသော စစ်သည်တော်များနှင့် တပ်စခန်းချနေလေ၏။

မွန်ဂိုသေနာပတိချုပ်ကြီး ဘယင်သည် ကြုကိုင်ဖင်မြို့တော်အား ကင်းနယ်စား၏ လက်ဖဝါးမှ တိုက်ခိုက်သိမ်းယူပြီးသည်မှာ အချိန်မကြာလှသေး။ တလခန့်မျှသာ ရှိချေသေး၏။

နောက်ထပ် မွန်ဂိုတပ်တော်ကြီး တောင်ပိုင်းပြည်နယ် အတွင်းသို့ ဆက်လက်ချီတက်ရန် စစ်ရေးစီစဉ်မှုများ ပြုလုပ်ယင်း ရိက္ခာစုဆောင်းအာ ခေတ္တမျှ တပ်နားစနေခြင်း ဖြစ်လေသည်။

တောင်းပိုင်းတွင် တရုတ်ဆွန်း ကေရာဇ်သည် ဟန်ချောင်မြို့တော်တွင် ထီးနန်းစိုးစံနေဆဲ ဖြစ်သည်။ မွန်ဂိုတပ်တော်ကြီး အလုံးအရင်းနှင့် ချီတက်လာသည်ဟုလည်း ဆွန်းကေရာဇ် ကြားသိထားရသည်၊ သို့မို့ကြောင့် ကေရာဇ်နှင့်တကွ တောင်ပိုင်း

ပြည်သူလူထုတို့သည် ချီတက်လာသည့် မွန်ဂိုတပ်ကြီးအား ခုခံကာကွယ်နိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြကုန်သည်။

မွန်ဂို သေနာပတိစစ်သူကြီး ဘယင်သည် ကိုင်ဖင်မြို့တော်အတွင်းရှိ ယာယီစစ်ဌာနချုပ် ဘွင် လက်အောက်ခံ ဗိုလ်မှူးတပ်မှူးတို့နှင့် စစ်ရေးအစီအစဉ်များ တိုင်ပင်ဆွေးနွေးနေကြစဉ် ဌာနချုပ် အဆောက်အဦးရှိ့သို့ ဘုရင်ကေရာဇ်၏ အထူးအဆင့်ရှိသည့် မြင်းသည်ကျော်တဦး ဆိုက်ရောက်လာခဲ့လေသည်။

မြင်းသည်ကျော်သည် ခရီးမြင်းကို နေ့ညမအား အဆက်မပြတ် စိုင်းနှင်လာခဲ့ရဟန်ဖြင့် ချွေးအလူးလူး ဖုံအလိမ်းလိမ်းရှိနေလေသည်။

ဘုရင်ကေရာဇ်၏ အထူ တမန်တော်ကို မြင်တွေ့လိုက်ကြရသည်နှင့် အစောင့်အကြပ်များသည် မြင်းသည်ကျော်ဘမန်အား သေနာပတိချုပ် အစည်းအဝေးကျင်းပရာ ခန်းမဆောင်အတွင်းသို့ ဆျင်အမြန် ပို့ဆောင်ပေးကြလေသည်။

မြင်းသည်ကျော်သည် သေနာပတိချုပ်အား ဘုရင်းမင်းမြတ်၏ အထူ စာချွန်လွှာကို ပေးအပ်လိုက်၏၊ ဘုရင့်အမိန့်တော်ပါသည့် စာချွန်လွှာဖြစ်သဖြင့် သေနာပတိချုပ်သည် လက်နှစ်ဘက်ဖြင့် ရိုသေစွာ ယူငင်ယင်း ချိပ်ကိုခွါ၍ စာချွန်လွှာအား ဖတ်လိုက်လေသည်။

စာချွန်လွှာထဲတွင် ပါရှိသည့် ကေရာဇ်၏ အမိန့်တော်ကို ဖတ်ရှုမိလိုက်ရသည်နှင့် သေနာပတိချုပ် မျက်နှာထက်တွင် အရေးကြီးသော အရိပ်အသွင်များ ဆိုင်းထင်လာခဲ့လေသည်၊

လက်အောက်ခံ တပ်မှူး စစ်မှူးများသည် သေနာပတိချုပ်

အား အကဲခတ်သောမျက်နှာများ၊ စူးစမ်းသော မျက်လုံးများဖြင့် ဝန်းရံကြည့်ရှုနေကြလေသည်။

ခဏတွင်မူ သေနာပတိချုပ်ကြီးသည် သူ့အား ဝန်းရံကြည့်ရှုနေသည့် တပ်မှူးစစ်ကဲအပေါင်းတို့ကို တစုံတရာသော စကားတခွန်း မိန့်ကြားလိုက်လေသည်။ ယင်းစကားကို ကြားလိုက်ရသည်နှင့် တပ်မှူးစစ်ကဲအပေါင်းတို့၏ မျက်နှာများသည်လည်း အရေးတကြီး အမူအယာများ လွှမ်းမိုးလာခဲ့ကြရလေတော့၏။

မကြာမီသွေးချောင်းစီးမည့် အကြောင်းအရာများ ဖြစ်ပေါ်လာတော့မည်တည်း။

၁

ကောင်းကင်ထက်တွင် လမင်းက ပြည့်ဝစွာ သာနေသည်။ ကြယ်ပွင့်ကလေးများကလည်း ဇဖိတ်ဖိတ် တလက်လက်ဖြင့် လမင်းနှင့်အပြိုင် တောက်ပနေကြသည်။

မှိုင်းပြာသော မိုးကောင်းကင်အထက်တွင် တိမ်မြူကင်းရှင်းနေသဖြင့် ဝါရွှေသော လရောင်ခြည်မျှင်များသည် သောသာမြေပြင်အဝှန်းသို့ ထိုးဖြာကျဆင်းနေလေသည်။

တရုတ်ပြည် တောင်ပိုင်းအတွင်းရှိ စမ်းချိုမြို့။

မြို့အစွန်တဘက်ရှိ မြို့စားကြီး ဝှမ်ဆောက်ရန်၏ စံအိမ်တော်နန်းဆောင်ကြီးသည် ကြီးမား ကျယ်ဝန်းသော ခြံတော်ကြီးအတွင်းတွင် ပကတိတိတ်ဆိတ်ငြိမ်သက်စွာ ရှိနေလေသည်။ အချိန်ကလည်း သန်းခေါင်လွန်ခဲ့ပြီဖြစ်သဖြင့် စံအိမ်တော်နန်းဆောင်ကြီးတခုလုံး အိပ်မောကျနေကြဟန်ရှိသည်။

စံအိမ်တော်ကြီး၏ အစောင့်တပ်ဖွဲ့များသည်သာ ခြေသံနှင့်

မှန်ဖြင့် သွားလာလှုပ်ရှား စောင့်ကြပ်နေကြလေသည်။ အစောင့်တို့၏ လှည့်ပတ်စောင့်ကြပ်နေကြသည့် ခြေသံများမှတပါး စံအိမ်တော်တခုလုံး တိတ်ဆိတ် ငြိမ်သက်လွန်းနေသည်။ တခါတရံ သစ်ရွက်များကို လေတိုးဝှေ့သံနှင့် ညဥ့်ငှက်များ၏ အထိတ်တလန့် အော်ဟစ်လိုက်သံတို့သာ ကြားရတတ်သည်။

ကောင်းကင်ထက်တွင် တိမ်မှေးမှုန်ခိုးတို့ ကင်းစင်သည်မှန်ငြားလည်း စံအိမ်တော် ခြံဝင်းကျယ်ကြီး အတွင်းမှာတော့မူ သစ်ပင်အုပ်များ ထူထပ်သဖြင့် မှိုင်းပြာသော မြူခိုးမြူခြည်တို့ ထွေးရစ်နေလေသည်။ သို့သော် ဝါရွှေသော လရောင်တို့ကမူ ကြီးမားထည်ဝါလှသည့် စံအိမ်တော်ကြီး၏ အဆောက်အဦများပေါ်သို့ အစွမ်းကုန် ကျဆင်းနေကြလေသည်။

လရောင်သည် မြို့စားကြီး၏ လှပခန့်ငြားသည့် စံအိမ်တော်ကြီးအား ကြည့်လှည့်ကြကုန် ဟူ၍ဘိတ်ခေါ်နေဘိသည့်အလား။

မကြာမီ ဝတ်ရုံအနက်ကို ဝတ်ဆင်ထားသည့် သိုင်းသမားတဦးသည် ကြောင်ရိုင်းတကောင်အလား အစောင့်အကြပ်များ ထူပြောလှသည့် စံအိမ်တော် ခြံဝန်းကြီးကို ခတ်ထားသော ကျောက်တံတိုင်းမြင့်ကြီး နဘေးသို့ လွှားကနဲရောက်ရှိလာသည်။

စံအိမ်တော်တွင် စောင့်ကြပ်နေသည့် အစောင့်အကြပ်များမှာ လက်ရွေးစင် တိုက်ခိုက်ရေးသမားများ၊ သိုင်းသမားများပင် ဖြစ်ကြ၏။ သို့သော် ယင်းဝတ်ရုံနက်နှင့်သိုင်းသမား ချဉ်းကပ်လာသည်ကိုတော့ မည်သည့်အစောင့်အကြပ်မျှပင် သတိမထားလိုက်မိကြ။ သို့နှယ် ဝတ်ရုံနက်သိုင်းသမား၏ ကိုယ်ဖော့ပညာနှင့် မျက်ကွယ် ကိုယ်ဖျောက်ပညာက အဆင့်မြင့်မားလွန်းလှသည်။



အစောင့်အကြပ်များသည် ငါးယောက်တတွဲ ဆယ်ယောက်တတွဲ ကျောက်တံတိုင်းမြင့်ကြီး၏ သူရဲပြေး သူရဲခိုဘလျှောက် လှုပ်ရှားလှည့်ပတ် စောင့်ကြပ်နေကြသည်။ အရေးရှိက တိုက်ခိုက်ရန် အဆင်သင့်အနေအထားမျိုးဖြင့်သတိမလစ်လပ်ရအောင်ထားကာ လက်နက်များကိုလည်း ပြင်ဆင်ထားကြသည်။

အစောင့်တသုတ်သည် ဝတ်စုံနက်သိုင်းသမား ပုန်းခိုနေသည့် ကျောက်တံတိုင်းခြေရင်းအထက် သူရဲပြေးတလျှောက် တန်းစီ ကျော်ဖြတ်သွားကြသည်။ မျက်စိလျင်လှသည်။ နားပါးလှသည်။ ပတ်ဝန်းကျင်ရှိ တစုံတဦး၏ အသက်ရှူသံကိုပင် ကြားရနိုင်သည် ဟူ၍ နာမည်ကြီးလှသော ယင်းအစောင့်အကြပ်များမှာ သူတို့ အောက်ဘက် ဆီတွင် လူတယောက် ပုန်းအောင်း နေသည်ကို လုံးဝပင် မသိရှိကြ။

မှောင်ရိပ်ခိုနေသော ဝတ်စုံနက်သိုင်းသမားသည် တကိုယ်တည်း ကြိတ်၍ ပြုံးလိုက်၏။ စိတ်တွင်းမှလည်း မိမိဖာသာ ပြောနေမိလေသည်။

'အင်း....စမ်းချီမြို့စားကသူ့ စံအိမ်တော်မှာ တကယ့်လက်ရွေးစင် ထိပ်ထိပ်ကြဲအစောင့်အကြပ်တွေကို ချထားပါလား။ ချထားပေမယ့်ပေါ့လေ....အခြေအနေ တွေကလဲ တနေ့ထက်တနေ့ ရှုပ်ထွေးလာတာကိုး။ အစောင့်အကြပ်တွေ ဘယ်လောက်ပဲ ထူထူ ငါ့အဖို့တော့ စမ်းချီမြို့စားရဲ့ စံအိမ်တော်ဝန်းထဲဝင်ရတာ ငှက်ပျောသီးအခွံနွှာစားရသလောက် မပင်ပန်းပါဘူး'

ဝတ်စုံနက်သိုင်းသမား အတွေးဆုံးသွားသည်နှင့် သူရဲပြေး တလျှောက်ရှိ လှည့်ပတ်စောင့်ကြပ်နေကြသည့် အစောင့်များ

လွန်သွားလေသည်။ ဝတ်စုံနက်သိုင်းသခင်းသည် အခေါ်သို့ တချက်မော့ကြည့်လိုက်၏။ အခေါင့်များ ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်ကို တွေ့လိုက်ရသည်။

ခဏတွင် ဝတ်စုံနက်သိုင်းသမားသည် ကျောက်တံတိုင်းထိပ် သူရဲပြေးပေါ်သို့ ရောက်ရှိလာခဲ့သည်၊ တဆက်တည်းပင် စံအိမ်တော်ခြံဝန်းအတွင်းသို့ လျင်မြန်ဖျပ်လတ်သော မျက်လုံးများဖြင့် ကြည့်ရှုအကဲခတ်ပြီး ပေါ့ပါးစွာ ခုန်ဆင်းလိုက်လေသည်။

တိုတောင်းလှသောအချိန်ကလေးအတွင်း ဝတ်စုံနက် သိုင်းသမားသည် စံအိမ်တော်ခြံဝန်းအတွင်းရှိ သစ်ပင်များအကြားသို့ တိုးဝင် ပျောက်ကွယ်သွားခဲ့လေတော့သည်။

**စံအိမ်တော်ခြံဝန်းကျယ်ကြီးအတွင်းရှိ တနေရာ။**

ထိုနေရာသည် မြို့စားကြီးနှင့်တကွ စံအိမ်တော်သူ စံအိမ်တော်သားများ အပန်းဖြေအနားယူရာ ဥယျာဉ်တော်အပိုင်းဖြစ်သည်။ ဥယျာဉ်တော်အတွင်းရှိ အရောင်မျိုးစုံ၊ အဆင်အသွေးမျိုးစုံသော ပန်းတို့သည် လရောင်အောက်တွင် ငွားငွား စွင့်စွင့် ပွင့်နေကြလေသည်။

ညဉ့်နက်လေ တသုန်သုန်ဝယ် ပန်းတို့၏ သင်းပျံ့သော ယနံ့သည် ကြိုင်လျှောက်နေကြလေသည်။ ဥယျာဉ်တော်သည် သာယာလှပစွာ ဖန်တီးထား၏၊ ပန်းမျိုးစုံတို့ကို သူ့နေရာနှင့်သူ စေစေဆာဆာ အကွက်ချစိုက်ပျိုးထားရုံမျှမကသေး… စိမ်းလန်းသောမြက်ခင်းများ၊ တောင်ကုန်းတောင်ပူစာငယ် အတုကလေးများက တသွင်သွင်စီးဆင်းနေသော ရေအလျဉ်နှင့် စမ်းချောင်းငယ်ကလေးများကိုပါ ဖန်တီးထားလေသည်။

ထိုမျှမကသေး ကျောက်ဆစ်ပန်းတမော့ အကျော်အမော်တို့၏ လက်ရာဖြင့် ထိုင်ခုံများ၊ သလွန် ညောင်စောင်းများ စသည်တို့ကို နေရာအနှံ့ ခင်းကျင်းစီစဉ်ထားလေသည်။

ဥယျာဉ်တော်သည် လူသူ ပကတိကင်းရှင်းနေသဖြင့် ည၏ ပိုးကောင်ငယ်ကလေးများ တကျီကျီ မြည်ကျူးသည့် အသံလောက်သာ ရှိနေလေသည်။

သည်စဉ်အခိုက် တောင်ကုန်းအတုလေးတခု နောက်ကွယ်မှ ဖြူနွဲ့နွဲ့ သဏ္ဍာန်လေး တရပ်သည် ထွက်ပေါ်လာခဲ့လေသည်။ ထိုသဏ္ဍာန်ရှင်သည် ကြာနွယ်ကြာရိုးလို ပျော့ပျောင်းလှသဖြင့် မိန်းကလေးတဦးမှန်း သိသာနိုင်လေသည်။

မိန်းကလေးဖြူဖြူသည် တောင်ကုန်းနောက်ကွယ်မှထွက်ပေါ် လာပြီးနောက် စမ်းချောင်းလေးတသွယ်ဆီသို့သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် လျှောက်လှမ်းလာခဲ့လေသည်။ မိန်းကလေး၏လှုပ်ရှားဟန်မှာ ညင်သာနွဲ့ပျောင်းလှသဖြင့် ကောင်းကင်ဘုံမှ နတ်သမီးကလေးတပါး ကြွဆင်းလာသည့် အလားမှတ်ထင်ရတော့၏။

ဤမျှ တိတ်ဆိတ်ငြိမ်သက်နေသော ဥယျာဉ်တော် အတွင်းဝယ် မိန်းကလေးသည် အဘယ်အမှုကိစ္စကြောင့် ရောက်ရှိလာခဲ့ရလေသနည်း။

ပြီးနောက် အဖော်မပါ၊ တကိုယ်တည်း။

မိန်းကလေးတွင်မည်ကဲ့သို့သော အကြံအစည်များ၊ စိတ်ကူး စိတ်သန်းများ ရှိနေလေသောကြောင့်ပါနည်း။



ဖြိုလျှင်မူ ဤမိန်းကလေးသည် ဤစံအိမ်တော်ကြီးမှ မိန်းကလေးတဦးပင်လော။

အခြားသော အရပ်ဒေသတပါးမှ ရောက်ရှိလာသူပေလော။

ဤမေးခွန်း၏အဖြေကား ကာယကံရှင်မှသာလျှင်သိနိုင်စွမ်း ပေလိမ့်မည်။

အဖြူရောင်သဏ္ဍာန်ရှင် မိန်းကလေးသည် စမ်းချောင်းလေးအပါးသို့ ရောက်ရှိလာခဲ့၏၊ ချောင်းစပ်တွင် အသာရပ်လိုက်သည်။ ကောင်းကင်ထက်မှ ထိန်သင်းစွာ သာနေသော လမင်းသည် ချောင်းရေမျက်နှာပြင်ပေါ်ဝယ် ထိုးဖြာကျဆင်း နေလေသည်။ မိန်းကလေးသည် ချောင်းရေပြင်တွင် ထင်ဟပ်နေသော လရိပ်ကို နှစ်ခြိုက် သဘောကျစွာ ငေးမောကြည့်ရှုနေလေသည်။

ညဥ့်နက်လေတိုးသဖြင့် မိန်းကလေး၏ ဆံနွယ်စများ အဝတ်အစားများသည် တလူလူ လွင့်ပါးနေလေသည်။ မိန်းကလေးသည် သူမ၏ ဝတ်ရုံအင်္ကျီအတွင်းသို့ လက်ကို ထိုးသွင်းလိုက်၏။ လက်ပြန်ဆွဲအထုတ်လိုက်တွင် ပေါက်စီတလုံး ပါလာသည်။

မိန်းကလေးသည် ပေါက်စီကို အစငယ်ကလေးများဖဲ့၍ ချောင်းရေပြင်ထဲသို့ ပစ်ချလိုက်သည်။ ချောင်းကမ်းစပ်တွင် အိပ်ပျော်နေကြသော ငါးငယ်ကလေးများသည် ရေပြင်၏လှုပ်ရှားမှုကြောင့်နိုးထလာကြသည်။ ရေပြင်ထဲကျလာသောပေါက်စီ အစအနကလေးများကို တကောင်ထက်တကောင် တိုးဝှေ့လုယက် စားသောက်ကြလေတော့သည်။

ခဏတွင် ငါးငယ်ကလေးများ၏ အစာလုတိုးဝှေ့မှုကြောင့် ရေပြင်မှာ ပလုံစီပွက်ထသံကလေးများပင် ကြားလာရလေသည်။ မိန်းကလေးသည် ငါးငယ်ကလေးများ အစာလု တိုးဝှေ့နေကြသည်ကို ကြည့်ကာ နှစ်သက်သဘောကျစွာ ရယ်မောလိုက်လေသည်။ ညဦးနက်လေပြေထဲတွင် မိန်းကလေး၏ ရယ်မောသံက မြူး ကြွသွား၏။

ချောင်းနဘေးမှမိန်းကလေးအားတစုံတဦးကချောင်းမြောင်း ကြည့်ရှုနေလေသည်။ ဤသည်ကို မိန်းကလေး သိပုံမရ။ သတိ ထားမိပုံမရ။

ထိုသူကား အခြားသူမဟုတ်။ စံအိမ်တော် ခြံဝန်းကြီးအတွင်း သို့ တိတ်တဆိတ်ဝင်ရောက်လာခဲ့သည့် ဝတ်စုံနက် သိုင်းသမားပင် ဖြစ်လေသည်။ ဝတ်စုံနက်သိုင်းသမားသည် မလှမ်းမကမ်းရှိပန်း ရုံများအတွင်းမှ ဥယျာဉ်တော်ထဲတွင် တကိုယ်တည်း ရောက်ရှိ နေသော မိန်းကလေးကိုစိတ်ဝင်စားစွာ အကဲခတ်ချောင်းမြောင်း ကြည့်ရှုနေမိခြင်း ဖြစ်လေသည်။

စင်စစ် သူသည် ဤစံအိမ်တော် ခြံဝန်းကြီးအတွင်းသို့ တိတ် တဆိတ် ဝင်ရောက်လာခဲ့သည့် အဓိက ရည်ရွယ်ချက်မှာ စံအိမ် တော် အဆောက်အဦများအတွင်းသို့ လျှို့ဝှက်စွာ ဝင်ရောက် ဘို့ပင်ဖြစ်သည်။

သို့သော် ဥယျာဉ်တော်ထဲ အရောက်တွင်မူ သူ့ခြေလှမ်း များက ရှေ့မတိုးနိုင်တော့ဘဲ မိန်းကလေးကြောင့် ရပ်တန့် သွားမိရလေတော့သည်။ ပြီး.... ညဦးနက်နက်တွင် တကိုယ်တည်း



ရှိနေသော မိန်းကလေးအား ယခုကဲ့သို့ ချောင်းမြောင်းကြည့်ရှု နေခြင်းဖြစ်၏။

မိန်းကလေးသည် ပေါက်စီ အစအနကလေးများအား ဖဲ့၍ ရေပြင်ထဲမှ ငါးငယ်ကလေးများ ရှိရာဆီသို့ ချနေယင်း လေ တသုတ်တိုက်လိုက်သဖြင့်ဆံနွယ်စများကိုလက်တဘက်ဖြင့် အသာ အယာ သပ်၍ တင်လိုက်လေသည်။

ထိုစဉ် မိန်းကလေး၏မျက်နှာသည် တစုံတခုသော အမှား အယွင်းကြောင့်တမျိုးတမည်ဖြစ်သွားရလေသည်။ မိန်းကလေး၏ မျက်နှာသည် စောစောကမျက်နှာ မဟုတ်တော့။

ပြောင်းလဲသွားသော မျက်နှာကို မြင်လိုက်ရသည်နှင့် တပြိုင် နက် ချောင်းမြောင်းကြည့်ရှုနေသည့် ဝတ်စုံနက် သိုင်းသမား၏ နှုတ်ဖျားမှ အာမေဋိတ်သံတခွန်းက သတိမထားမိဘဲ လွတ်ခနဲ ပွင့်ထွက်သွားမိရလေတော့သည်။

'ဟာ.... ဒါ.... ဒါ.... သူ.... သူပါလား။ ဘုရားဘုရား။ သူ ပြန်လာပြီ၊ သူပြန်လာပြီ'

ဤသည်မှာပင် ဝတ်စုံနက်သိုင်းသမား၏ အမှားဖြစ်တော့၏။ အမှတ်မထင် ရေရွတ်မိသော သူ့အာမေဋိတ်သံကို မိန်းကလေး ကြားသွားရလေသည်။

'ဟင်.... ဒါဘယ်သူလဲ၊ ဘယ်သူ့အသံလဲ'

ပျောင်းနွဲ့သော မိန်းကလေး၏သဏ္ဍာန်သည် အရပ်လေးမျက် နှာသို့ လျှင်မြန်စွာ လှည့်ပတ်အကဲခတ် ကြည့်ရှုလိုက်သည်။ မိန်း ကလေး၏ လှုပ်ရှားပုံကား မြန်လိုက်သည့်ဖြစ်ခြင်း။ စကြာ ကလေးတခုကို လေပြင်းပြင်းတိုးဝှေ့လိုက်သကဲ့သို့ ဖြစ်သည်။

သည့်အချိန်တွင် မိမိအခြေအနေ မလှပြီကို သိသဖြင့် ဝတီ စုံနက် သိုင်းသမားသည် ငှက်မဲဘကောင် ပျံသန်းသွားသည့် အလွား ပုန်းအောင်းနေရာ ပန်းရုံအတွင်းမှ လွှားကနဲ ခုန်ပျံ ပြေးထွက်သွားလေတော့သည်။ သို့သော် အဖြူရိပ် သဏ္ဍာန်တခု သည် ငှက်မဲကြီး၏ ခန္ဓာကိုယ်အထက်သို့ လေထဲမှာပင် ကျဆင်း လာပြီး ပြင်းထန်သော လက်ဝါးရိုက်သံတရပ် ထွက်ပေါ်လာ သည်။

'နင် ဒီလိုပြေးလို့ လွတ်မတဲ့လား'

'ဖြန်း'

'အား....'

နာကျင်စွာ အော်ဟစ်ညည်းတွားလိုက်သည့်အသံကြီးတရပ် သည် စံအိမ်တော် ခြံဝန်းကြီးတခုလုံး သိမ့်သိမ့်ခါမတတ် ကျယ် လောင်စူးရှစွာ ထွက်ပေါ်လာခဲ့လေတော့၏။ ယင်းအော်သံ ကြီးကြောင့် အစောင့်တပ်သားများ အပြေးအလွှား ရောက်ရှိ လာကြလေတော့သည်။ အစောင့်များသည် ပန်းရုံများအစပ် တွင် လဲကျအသက်ပျောက်နေသော ဝတ်စုံနက် သိုင်းသမားကို တအံ့တသြ တွေ့ရှိကြရလေတော့သည်။

မိန်းကလေးဖြူဖြူကား မရှိတော့ပြီ။ မိန်းကလေးဖြူဖြူသည် မြူခိုးများ ဝန်းရစ်ထားသည့် ညဖြူဖြူအကြားတွင် ပျောက် ကွယ်သွားခဲ့လေပြီ။

လွင်စာပေ

၃

ချိတ်ဆွဲထွန်းညှိထားသည့် ပိုးမီးပုံးကြီးကြောင့် အခန်းထဲ တွင် လင်းလင်းချင်းချင်း ရှိနေသည်။ သို့သော်အလင်းကြီးတော့ မဟုတ်လှ။ အခန်းထဲမှ အရာဝတ္ထု မြင်ကွင်းများကို မြင်သာ နိုင်ရုံမျှ ဖြစ်သည်။

အခန်းသည် စမ်းချိစံအိမ်တော်ကြီးအတွင်းရှိ အထူးအခန်း ဆောင်တဆောင် ဖြစ်သည်။ ပရိဘောဂပစ္စည်းများသည် အခန်း ထဲတွင် များများစားစားမရှိလှ။ ခြူးပန်းခြူးနွယ်များဖြင့် ထု လုပ်ထားသော ကုလားထိုင်ကြီးတလုံးနှင့် စားပွဲတလုံးသာ ရှိသည်။

ကုလားထိုင်ကြီးနှင့် မလှမ်းမကမ်းတွင် အသက်ငါးဆယ် အရွယ်ခန့်ရှိ ပုဂ္ဂိုလ်တဦးသည် စကြံန်လျှောက်နေသေသည်။ ကိုယ်လုံးကိုယ်ထည် ပိန်ပိန်ပါးပါးဖြင့် ချွန်စူးသော မုတ်ဆိတ် ပါးသိုင်းမွေးများရှိသည်။ ရွှေဝါရောင် ပိုးဝတ်ရုံကြီးကို ဝတ်

ဆင်ထားသည်။ မျက်နှာအနေအထားကား တည်ငြိမ်ရင့်ကျက်သည့် အနေအထားမျိုး။ သို့တစေ ယခုအချိန်တွင်မူ ယင်းတည်ငြိမ်ရင့်ကျက်သော မျက်နှာထက်တွင် စိတ်လှုပ်ရှားမှုများ။ အနည်းငယ် လှိုင်းထနေလေသည်။

ခဏအတွင်း အခန်းထဲသို့ အသက်သုံးဆယ်အရွယ်ခန့် တောင့်တင်းကျစ်လစ်သော ကိုယ်လုံးကိုယ်ထည်နှင့် သိုင်းသမားတဦး ဝင်လာသည်။ မြင်ရုံဖြင့်ပင် ထိုသူသည် အဆင့်မြင့် သိုင်းသမားတဦးမှန်း သိသာနိုင် လေသည်။ ဥပဓိရုပ်က ယောကျ်ားပီသ၏။ တည်ကြည်၏။ ဉာဏ်ပညာ ထက်မြက်ပုံလည်းရသည်။ အတွေးအခေါ်ကောင်းပုံလည်း ရှိသည်။

မှန်သည်။ ယင်းအရည်အချင်းများကြောင့်ပင် မြို့စားကြီး ဝှမ်းဆောက်ရန်သည် သူ့အား စံအိမ်တော်၏ ကာကွယ်ရေးတပ်မှူးအဖြစ် ခန့်အပ်ခဲ့သည်။ ထို့ပြင်တဝ သူသည် မြို့စားကြီး၏ အတိုင်ပင်ခံ အကြံပေးအရာရှိလည်း ဖြစ်ချေသေး၏။ အမည်က စမ်းဟောက်တန်။ ပြည်နယ်တဝှန်းလုံးတွင် ပြိုင်စံရှားသိုင်းသမား။

ဤပြည်နယ်တွင် သူနှင့်ယှဉ်ပြိုင်နိုင်သူမှာ ဆင်ဖန်မြို့စားကြီး၏ မွေးစားသားရန်လျှုချင်းတဦး တည်းသာ ရှိသည်။ စမ်းဟောက်တန်အခန်းတွင်းသို့ဝင်လာ ပြီးအရိုအသေပြုလိုက်သည်နှင့် မြို့စားကြီးသည် ကြိန်း လျှောက်နေရာမှ ရပ်တန့်လိုက်ကာ....

'စောစောက အော်လိုက်သံက ဘာဖြစ်တာတဲ့လဲ စမ်းဟောက်တန်'

မြို့စားကြီး၏မေးသံက တည်ငြိမ်မှုရှိသလောက် စမ်းဟောက်တန်မှာမူ အနည်းငယ် မျက်နှာပျက်နေသည်။ စိုးရိမ်မကင်း ဖြစ်



နေပုံမျိုးလည်းရသည်၊ ခေါင်းကိုလည်း မသိမသာခါရမ်းလိုက်ပြီး....

'ကျွန်တော်တို့အတွက် အခြေအနေဆိုးတရပ် ဖန်တီးလာခဲ့ပါတယ် အရှင်'

'အခြေအနေဆိုး ဟုတ်လား'

မြို့စားကြီးက မျက်မှောင်ကြုတ်၍ ရုတ်ဆိုလိုက်၏။ ပြီးမှ... ဆက်လက် မေးမြန်းလိုက်သည်။

'ဆိုစမ်းပါအုံး၊ ဘယ်လိုအခြေအနေဆိုးများလဲ'

'မှန်ပါ၊ ကျွန်တော်တို့ စံအိမ်တော် ခြံဝန်းအတွင်းမှာ လူတယောက် အသတ်ခံလိုက်ရပါတယ်အရှင်'

'လူတယောက် အသတ်ခံရတာများ ရေးကြီးခွင့်ကျယ်လုပ်လို့။ နေစမ်းပါဦး။ အဲဒီအသတ်ခံရတဲ့လူက ဘယ်သူလဲ၊ စံအိမ်တော် အမှုထမ်းထဲက တယောက်ယောက်ဖြစ်မှာပေါ့ ဟုတ်စ'

'မဟုတ်ပါဘူး အရှင်။ အသတ်ခံရတဲ့ သူက စံအိမ်တော် အမှုထမ်းထဲက မဟုတ်ပါဘူး'

'ဒါဖြင့် အသတ်ခံရတဲ့သူက ဘယ်သူမို့လို့လဲ'

'မှန်ပါ...ညဉ့်မျက်လုံးတွန့်ချွန် ဖြစ်ပါတယ် အရှင်'

မြို့စားကြီး၏မျက်ခုံးနှစ်ဖက်မှာ နဖူးပြင်သို့မြင့်တက်သွား၏။ အံ့သြသွားသောအမူအယာဖြင့်လည်း ပြန်၍ မေးလိုက်သည်။

'ဘယ်သူ...ညဉ့်မျက်လုံးတွန့်ချွန် ဟုတ်စ။ ငါ့ရဲ့ မဟာပြိုင်ဘက်ကြီးဖြစ်တဲ့ ဆင်ဖန်မြို့စားရန့်တာထုန်ရဲ့ သတင်းစုံစမ်းရေးသမား တွန့်ချွန်လား'

'မှန်ပါတယ် အရှင်။ အစောင့်အကြပ် အထပ်ထပ်ကြားမှာ

ဖောက်ထွင်းဝင်ရောက်ပြီး သတင်းစုံမေး ထောက်လှမ်းနိုင်လို့ ညဥ့်မျက်လုံးဘွဲ့ရရှိထားတဲ့ ဆင်ဖန်မြို့စားကြီးရဲ့ သတင်းစုံစမ်းရေးသမား တွန့်ချန်ပါ'

မြို့စားကြီးဝှမ်ဆောက်ရန်သည် ခေတ္တမျှတွေသွား၏။ မျက်ခုံးနှစ်ဘက်ကိုကြုံ့၍လည်း စဥ်းစားလိုက်သည်။ ပြီးမှ ဆိပ်သည်းသော လေသံဖြင့်....

'အိမ်း....ဒီအတိုင်းဆိုယင် မောင်မင်းပြောသလို အခြေအနေဆိုးတရပ် ဖြစ်ကောင်း ဖြစ်လာနိုင်တယ်၊ ပြဿနာတက်ကောင်းလဲ တက်လာနိုင်တယ်။ ဆင်ဖန်မြို့စား ရန်တာထုန်ဟာ သူ့လူ ညဥ့်မျက်လုံးသေရတာနဲ့ ပတ်သက်လို့ ဒို့အပေါ် ရန်ညှိုးဖွဲ့မှာ အမှန်ဘဲ'

'ဒါကတော့ အသေအချာပါဘဲ အရှင်။ နို့သော် တခုပြောစရာရှိတာက သူ့လူကိုကျွန်တော်တို့ပိုင်နက်အတွင်း လျှို့ဝှက်ဝင်ရောက်လာတဲ့အတွက် အသုတ်သင်ခံရတာ ဖြစ်တာကြောင့် ကျွန်တော်တို့မှာ တာဝန်တော့မရှိပါဘူး။ ဒါကိုလဲ သူ့ဘက်က နားလည်သဘောပေါက်မှာပါ'

'အိမ်း....သူ့ကို ဘယ်သူက လုပ်ကြံ သတ်ဖြတ်လိုက်တာလဲ၊ ဘယ်သူ့လက်ချက်လဲ'

'ဒါကို ကျနော်မသိပါဘူး အရှင်'

'အလို.... စံအိမ်တော်ကြီးရဲ့ အစောင့်တပ်မှူးဖြစ်တဲ့ ထိပ်တန်းသိုင်းသမား မောင်မင်းက မသိဘူးလို့ဆိုချင်သလား'

'မှန်ပါတယ် အရှင်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်မသိရတဲ့အတွက် အစောင့်တပ်မှူး ရာထူးက ဖြုတ်ပြီး အရေးယူအပြစ်



ပေးယင်လဲ ခံရမှာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်မသိသလို အခြားဘယ်သူမှလဲ မသိကြပါဘူး'

'ဒို့လူတွေထဲက တယောက်ယောက်ရဲ့လက်ချက်ကော မဖြစ်နိုင်ဘူးလား'

စမ်းဟောက်တန်သည် မြို့စားကြီးအား ရိုကျိုးလေးစားစွာ ဦးခေါင်းကို အသာခါရမ်းပြလိုက်သည်။

'မဖြစ်နိုင်ပါဘူး အရှင်။ ညဥ့်မျက်လုံးရဲ့ အလောင်းကို ကျွန်တော် အသေအချာ စစ်ဆေးကြည့်ရှုပြီးပါပြီ။ သူ့ကျောကုန်းမှာ တိယင်ဆေး တချက်လွှတ်နည်းနဲ့ အရိုက်ခံလိုက်ရတဲ့ မရဏသက်ဝါးရာတချက် တွေ့ရပါတယ်။ ဒီတချက်ထဲနဲ့ဘဲ သူ အသက်ပျောက်ရတာပါ။ ညဥ့်မျက်လုံးလို ထိပ်တန်းသိုင်းသမားတဦးကို ဒီနည်းသုံးပြီး သတ်ဖြတ်နိုင်တာ ကျွန်တော်တို့လူထဲမှာ တယောက်မှမရှိပါဘူး။ ပြီးတော့ ကျွန်တော့်အစောင့်တပ်ဖွဲ့ဝင်တွေကလဲ ကျွန်တော်မသိဘဲ တစုံတယောက်ရဲ့အသက်ကို မသတ်ဖြတ်တတ်ကြပါဘူး။ ကျွန်တော့်ဆီက အမိန့်ကို စောင့်တတ်ကြပါတယ်'

'အိမ်း....ဒါဆိုယင်တော့ စဥ်းစားစရာပါလား၊ ဘယ်သူများဖြစ်နိုင်မယ်လို့ မောင်မင်းထင်သလဲ'

'လောလောဆယ်တော့ ပြောရ မလွယ်သေးပါဘူး အရှင်။ စဥ်းစားရခက်နေပါတယ်'

မြို့စားကြီးသည် သည်း လက်သည်းရှားခံကို စဥ်းစားဟန်ဖြင့် နံရိုက်ကဲ့ ငေးစိုက်ကြည့်ရှုနေယင်းမှ စမ်းဟောက်တန် ဘက်သို့ လှည့်လိုက်ပြန်ကာ....

'ဒါထက် ဗိုက်ကိစ္စကြောင့် ဟိုနေ့ကျယင် သူ...ဒို့ဆီကို လာမှ လာပါ့မလား'

မြို့စားကြီးဝှမ်ဆောက်ရန်ရည်ညွှန်းသည့် သူ ဆိုသောပုဂ္ဂိုလ်မှာ အခြားသူမဟုတ်၊ ဆင်ဖန်မြို့စားကြီး ရန့်တာထုန်ဖြစ်သည်။

မြို့စားကြီးဝှမ်ဆောက်ရန်သည် ရက်ပိုင်းအတွင်း ကျင်းပတော့မည့် မိမိ၏မွေးနေ့ပွဲ သဘင်အတွက် ပြည်နယ်ကြီးအတွင်းရှိ မြို့စားကြီးများနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ စစ်မှူးစစ်ကဲများ၊ သူဌေးသူကြွယ်ကြီးများ၊ ထိပ်သီး သိုင်းအကျော်အမော်များကို ဖိတ်စာပို့၍ ဖိတ်ကြားခဲ့သည်။

ယင်းကဲ့သို့ဖိတ်ကြားခဲ့ရာတွင် မြို့စားကြီးဝှမ်ဆောက်ရန်သည် မိမိ၏ပြိုင်ဘက်ကြီးဖြစ်သော ဆင်ဖန်မြို့စားကြီး ရန့်တာထုန်ကိုပါ ဖိတ်ကြားခဲ့သည်။

ယခုဖြစ်ပျက်သော ညဥ့်မျက်လုံးတွန့်ချန်၏ကိစ္စကြောင့် ရန့်တာထုန် မိမိမွေးနေ့ပွဲသဘင်သို့ လာမှလာရောက်ပါမည်လောဟု တွေးတော သံသယဖြစ်နေမိလေသည်။ စမ်းဟောက်တန်ထံမှ စဉ်းစားတွေးဆသော စကားသံသာ ပေါ်လာခဲ့၏။

'ဗိုက်ကိစ္စနဲ့ပတ်သက်လို့တော့ မပူပါနဲ့ အရှင်။ မြို့စားကြီး ရန့်တာထုန် အရှင့်မွေးနေ့ပွဲ သဘင်ကို လာကိုလာရမှာပါ'

'ဘာကြောင့်တုန်း မောင်မင်း'

'သူ့လူဟာ သူ့အတွက် ကျွန်တော်တို့သတင်းကို ကျွန်တော်တို့အဝန်းအဝိုင်းပိုင်နက်အတွင်းမှာ လာရောက် စုံစမ်းထောက်လှမ်းယင်း အသတ်ခံလိုက်ရပါတယ်။ ဗိုက်ကိစ္စနဲ့ပတ်သက်ပြီး သူမလာဘဲနေယင် သူ့အပေါ်ပိုပြီး သံသယအဖြစ်ခံရတော့မှာပေါ့၊ သူလဲ ပါးနပ်တဲ့ ပုဂ္ဂိုလ်တဦးတဲ့ဟုတ် လား အရှင်။ သူ့အပေါ် သက်သေမကင်းမဖြစ်ရအောင် ဗိုက်ကိစ္စကို မသိယောင်ပြုပြီး ရောက်လာမှာပါ'



'အိမ်း....မောင်မင်းတွေးဆချက် မဆိုးဘူး'

မြို့စားကြီးသည် စမ်းဟောက်တန်၏ တွေးဆချက်ကို သဘောတူဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ စမ်းဟောက်တန်ထံမှ စကားဆက်လက်ထွက်ပေါ်လာပြန်သည်။

'ပိုပြီးသေချာတာကတော့ ရှင်းဝါးတောင်တန်း ဘက်ကိုသွားပြီးပညာအဆင့်တက်နေတဲ့သူ့သားတော်မောင်ရန်လျှုချင်းလဲ ပြန်ရောက်လာခဲ့ပြီ ကြားရပါတယ် အရှင်။ ဒီတော့အရှင်ဘဲ စဉ်းစားကြည့်တော်မူပါ'

'အိမ်း....အိမ်း....ဟုတ်ပေတယ်။ ရန့်တာထုန်ဟာ သူ့သားရန်လျှုချင်းကို အင်မတန်အားကိုးတယ်။ ရန်လျှုချင်း သူ့အပါးမှာရှိနေယင် သူ့အသက်အန္တရာယ်အတွက် လုံဝလုံခြုံမှုရှိတယ်လို့ ယုံကြည်စိတ်ချတတ်တယ်။ သူ အားကိုးထိုက်အောင်လဲ ရန်လျှုချင်းပညာအဆင့်က မြင့်မားလှပေတာကိုး။ ရှင်းဝါးတောင်ကပညာများ ဆင့်ပွားလာခဲ့ပြီဆိုသင်တော့ သူ့အဆင့်ဟာ မသေးတော့ပေဘူး'

'မှန်ပါတယ်အရှင်'

'ရန်လျှုချင်းကို သတိထားကြရမယ် မောင်မင်း။ ရန့်တာထုန်ကို စာရင်းရှင်းချင်ယင် ရန်လျှုချင်းကို ကြိုတင်ပြီးဖယ်ရှားထားနိုင်မှ ဖြစ်ပေမယ်'

'မှန်ပါတယ်အရှင်။ ကျွန်တော်လဲ ဒီလိုဘဲသဘောရပါတယ်'

'ဒီမေ့မွေးနေ့ပွဲသဘင်မှာရန့်တာထုန်ကို ဘာ့ကြောင့်အခုလောက်လာစေချင်တယ်ဆိုတာ မောင်မင်း သိတယ်နော်'

'မှန်ပါ။ သိပါတယ်အရှင်'

'အိမ်း.... ဒီတကြိမ် သူလာပြစ်ယင်တော့ စာရင်းပြတ်ကြပြီပေါ့ကွယ်'

မြို့စားကြီးဝှမ်ဆောက်ရန်သည် ကျေနပ်အားရစွာ ရေရွတ်ကြုံးဝါးလိုက်၏။

၄

ညနေစောင်းခဲ့ပြီဖြစ်သည်။

စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်၏ စံအိမ်တော်ကြီးရှေ့တွင် လူအများ ရှုပ်ထွေးစည်ကားစ ပြုလာခဲ့ပြီ။

မြင်းဖြင့်တမျိုး၊ ဝေါယာဉ်ဖြင့်တသွယ်၊ ရထားများဖြင့် တနည်း အမျိုးမျိုးအဖုံဖုံသော ယာဉ်များကို စီးနင်းကာ ဆိုက်ရောက်လာခဲ့ကြသည်။

ထိုသူတို့သည်ကား မြို့စားကြီး ဝှမ်ဆောက်ရန်၏ မွေးနေ့သဘင်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းများပင် ဖြစ်သတည်း။

ဧည့်သည်တော်များသည် အထက်တန်းစား လူကုံတန်များ ပီပီ တောက်ပသော ပိုးဖဲထည်ပါဝတ်စုံများနှင့် ကျောက်မျက်ရတနာများကို ဝတ်စားဆင်ယင်လာခဲ့ကြသည်။

သူတို့ဝတ်ဆင်လာခဲ့ကြသည့် အဖိုးထိုက် တဖိုးတန် ဝတ်စုံ

များနှင့် ဆင်ယင်လာခဲ့ကြသော ရွှေငွေ ကျောက်မျက်ရတနာ လက်ဝတ်တန်ဆာတို့ကြောင့် အရောင်များ မျက်စိကျိန်းမတတ် တဖိတ်ဖိတ်တလက်လက် တောက်ပနေလေတော့သည်။

စံအိမ်တော်ကြီး၏ ဝန်းတံခါးဝမှ စံအိမ်တော်အမှုထမ်းများသည် မွေးနေ့ပွဲသဘင်သို့ ကြွရောက်လာခဲ့ကြသော ဧည့်သည်တော်အပေါင်းတို့ကို ဆီးကြို၍ စံအိမ်တော်ဝန်းအတွင်းသို့ ခေါ်ဆောင်ကာ ပွဲသဘင်ကျင်းပမည့် ဥယျာဉ်ကြီးအတွင်းတွင် နေရာချထားပေးနေကြလေသည်။

ဥယျာဉ်ကြီးသည် ရနံ့သင်းပျံ့သော ပန်းပေါင်းစုံတို့ ဝေဝေဆာဆာဖြင့် သာမေ့ဘွယ်ရာ တည်ရှိနေသည်။ ပျော်ရွှင်ကြည်နူးဘွယ်ရာလည်း ကောင်းသည်။

တာဝတိံသာနတ်ပြည်မှ သိကြားမင်း၏ နန္ဒဝန်နတ်ဥယျာဉ်ပမာ။

မွေးနေ့ပွဲ ကျင်းပသည့်အတွက် ဥယျာဉ်ကြီး၏ နေရာအနှံ့အပြားတွင် ရောင်စုံပိုးမီးပုံးများကိုလည်း လှပစွာ ဆင်ယင်ထားလေသည်။

ယနေ့ည....

မြို့စားကြီး၏ ဧည့်ခံပွဲဘင် နေပြည်တော်မှ ငှားရမ်းခေါ်ဆောင်လာခဲ့သော ပန်းလိပ်ပြာ အနုပညာ အဆိုအကအဖွဲ့မှသီဆိုကပြဖျော်ဖြေကြမည် ဖြစ်သည်။

ပန်းလိပ်ပြာ အဆိုအကအဖွဲ့သည် ပြိုင်စံရှား လှပချောမောသော မိန်းကလေးခုနစ်ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အဆိုအကအဖွဲ့ ဖြစ်လေသည်။



ပန်းလိပ်ပြာအဖွဲ့၏ အဆိုအကဂုဏ်သတင်းသည် တောင်ပိုင်းပြည်နယ် အနှံ့အပြားတွင် အလွန်အမင်းကျော်ကြားနေသည်ဟု အဆိုရှိခဲ့သည်။

ဘုန်းကေရဇ် ဘုရင်မင်းမြတ်၏ ရွှေနန်းတော်တွင်းသို့ပင် ဝင်ရောက်ဖျော်ဖြေခွင့် ရခဲ့သည်ဟု ပြောစမှတ် ပြုကြသည်။

ထို့ကြောင့် မွေးနေ့ပွဲသို့ ကြွရောက်လာခဲ့ကြသော ဧည့်သည်တော်များသည် ပန်းလိပ်ပြာအဖွဲ့မှ ဧည့်ခံဖျော်ဖြေမှုကို စိတ်ဝင်စားခြင်း ကြီးစွာဖြင့် မျှော်လင့် စောင့်ဆိုင်း နေကြလေသည်။

ပန်းလိပ်ပြာအဖွဲ့သည် နာမည်ကြီးလှသည် မှန်ငြားလည်း ဤဒေသတဝိုက်မှ မည်သူမည်ဝါမျှ သီဆိုကပြ ဖျော်ဖြေခြင်းကို မကြည့်ရှုဘူးကြ။

လူတိုင်းပင် ပန်းလိပ်ပြာအဖွဲ့ ဘာ့ကြောင့် နာမည်ကျော်ကြားရသည်။ ပန်းလိပ်ပြာအဖွဲ့ဝင် မိန်းကလေးများ အဘယ်မျှလောက် ချောမောလှပကြသည်တို့ကို ကြည့်လိုနေကြ၏။

ဥယျာဉ်ကြီး၏ နေရာအနှံ့အပြားရှိ လှပခန်းနားသော စားပွဲကုလားထိုင်များတွင် ဧည့်သည်တော်များသည် နေရာယူကာ ပန်းလိပ်ပြာအဖွဲ့၏ ကျော်ကြားသော ဂုဏ်သတင်းများကို ထွေရာလေးပါး ပြောဆိုကြယင်း စားကောင်းသောက်ဖွယ်များနှင့် အဖိုးတန်အရက်များကို သောက်စားနေကြလေသည်။

မြို့စားကြီး ဝှမ်ဆောက်ရန်သည် အိမ်ရှင်ဖြစ်သူပီပီ အခြေအရံများခြံရံကာ ကြွရောက်လာကြသော ဧည့်သည်တော်များကို စားပွဲစေ့ လိုက်လံနှုတ်ဆက်နေလေသည်။ ဧည့်သည်တော်များကလည်း မိမိတို့ထိုင်နေရာမှထ၍ မြို့စားကြီး ဝှမ်ဆောက်ရန်ကို

ဂါရဝပြုကြသည်။ အရိုအသေပေးကြသည်။ အသက်ရှာကျော်ရှည်ပါစေကြောင်းလည်း ဆုမွန်ကောင်း တောင်းကြသည်။

ယင်းနှင့်အတူ မိမိတို့နှင့် တပါတည်း ယူဆောင်လာခဲ့ကြသော အဖိုးတန် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

မြို့စားကြီး ဝှမ်ဆောက်ရန်ကလည်း ဧည့်သည်တော်များကို ပြန်လည်ဂါရဝပြုသည်။ အရိုအသေပေးသည်။ ဆုမွန်ကောင်းတောင်းပေးသည့်အတွက် ကျေးဇူးစကားဆိုသည်။

အတုန့်အပြန် လက်ဆောင်ပစ္စည်းများ ပြန်ပေးသည်။

သို့ဖြင့် ညနေအချိန်သည် ကုန်လွန်လာခဲ့၏။

ဥယျာဉ်ကြီးအတွင်းတွင် ချိတ်ဆွဲထားသော ရောင်စုံမီးပုံးများသည် လင်းလက်တောက်ပ၍ လာခဲ့ချေပြီ။

အမှောင်က တဖြေးဖြေး စိုးမိုးလာခဲ့သည်။

ဧည့်သည်တော်များမှာ ယခုအချိန်အထိ ရောက်သာမစဲတဖွဲဖွဲ။

ဧည့်သည်တော်များအတွက် ခင်းကျင်း ပြင်ဆင်ထားသည့် စားပွဲကုလားထိုင်များနှင့် အတန်လှမ်းလှမ်းတွင် စင်မြင့်တခုထိုး၍ထားသည်။

ထိုစင်မြင့်သည် ပန်းလိပ်ပြာ အဆိုအကအဖွဲ့ ကပြသီဆိုဖျော်ဖြေကြမည့် စင်မြင့်ပင်ဖြစ်၏။

စင်မြင့်ကို လှပခန်းနားစွာ ဆင်ပြင်ခင်းကျင်းထားသည်။ အလင်းရောင် အားကောင်းလှသော ပိုးမီးပုံးကြီးများကိုလည်း ထွန်းညှိထားကြသည်။

သာယာညှင်းပြောင်းသော တေးဂီတသံ လွင်လွင်ကလေး



များသည် စင်မြင့်ဆီမှ ထွက်ပေါ်လာခဲ့၏၊ ဧည့်သည်တော်များသည် နွေဦးတွင် တိုက်ခတ်လိုက်သည့် လေပြေလေညှင်းကဲ့သို့ သာယာလှသည့် ဂီတသံကို နားဆင်ယင်း အရက်ကို ဇိမ်ဖြင့် သောက်သုံးနေကြလေသည်။

ပန်းလိပ်ပြာအဖွဲ့ သီဆိုကပြဖျော်ဖြေရန် အချိန်က တစတစ နီးကပ်လာခဲ့ချေပြီ။ လူသူ ရိတ်သတ် အားလုံးတို့သည် စင်မြင့်ဆီသို့ တမျှော်မျှော်ဖြစ်နေကြရလေပြီ။

ပွဲသည် မစသေး။

ထိုအချိန်မှာပင် စံအိမ်တော်ကြီး အဝသို့ လူသန်ကြီး ရှစ်ယောက်ထမ်းလာသည့် ထယ်ဝါခန့်ညားသော ဝေါယာဉ်ကြီး တစီး ဆိုက်ရောက်လာသည်။

ဝေါယာဉ်ကြီးသည် ခန့်ထည်လှသည်နှင့်အမျှ ပိုးဖဲအတွက် ပါလိုက်ကာများဖြင့်လည်း ပြင်ဆင်မွမ်းမံထားသည်။

ဝေါယာဉ်ကြီး၏ ရှေ့မျက်နှာစာ ဘေးတဖက်တချက်တွင် ရွှေရောင်နဂါးရုပ်ကြီး နှစ်ရုပ်ပါရှိသည်၊

ဝေါယာဉ်ပေါ်တွင် အသက် ၅၀ ကျော် အရွယ်ရှိသော ပုဂ္ဂိုလ်ကြီးတဦး တည်ငြိမ်စွာထိုင်၍ လိုက်ပါလာသည်။

အဖိုးထိုက်တန်ကြီးမားလှသော ဝတ်စုံများကို ဝတ်ဆင်ထားသည်။

တည်ကြည်ခန့်ညားသော ယင်းပုဂ္ဂိုလ်ကြီး၏ မျက်နှာပေါ်တွင် နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများက တူထပ် စွာ ရှိနေသည်။

မြင်ရုံဖြင့်ပင် အထက်တန်းစား ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးမှန်း သိသာသည်။

သာမန်အထက်တန်းစားပုဂ္ဂိုလ်မျိုးမဟုတ်။

ဩဇာအရှိန်အဝါ ကြီးမားသည့် မြို့စားကြီးတပါး ဖြစ်ပုံရသည်။

မှန်သည်၊

ယင်းပုဂ္ဂိုလ်ကြီးကား ဆင်ဖန်မြို့စားကြီး ရန့်တားထုန်ပင်တည်း။

ဆင်ဖန်မြို့စားကြီး ရန့်တားထုန်သည် အစဉ်အလာကြီးမားသော နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးတဦးဖြစ်၏။ နိုင်ငံအတွင်းသို့ ဝင်ရောက်ကျူးကျော်စော်ကားနေသော မွန်ဂိုတို့ကို သူ၏ သတ္တိအပြည့်အဝဖြင့် ဆန့်ကျင် တွန်းလှန် တိုက်ခိုက်ခဲ့သူ တဦးဖြစ်၏။

ယင်းသို့ နယ်ချဲ့ဆန့်ကျင်ရေးသမားတဦးဖြစ်ခဲ့သဖြင့် မွန်ဂိုတို့နှင့်တိုက်ခိုက်ရသော စစ်မြေပြင်တခု၌ ဝဲဘက် မျက်လုံးမှာ မြှားသင့်ခဲ့သည်။ မြှားဒဏ်ကြောင့် မျက်လုံးပေါက်ပက် ကန်းခဲ့ရသည်။

ထိုကန်းသော ဝဲဘက်မျက်လုံးကို ပိုးစတခုဖြင့် ဖုံးအုပ်ကာ နဖူးတွင် သိုင်းချီ၍ စီးနှောင်ထားသည်။

ထိုကဲ့သို့ မြို့စားကြီး ရန့်တားထုန်၏ ကန်းနေသော ဝဲဘက် မျက်လုံးကို လူအများတို့က သူရဲကောင်း အမှတ် အသားဟု သဘောထားဂုဏ်ယူကြသည်။



မြို့စားကြီး ရန့်တားထုန်၏ ဝဲယာဉ်နံဘေးတွင် မြင်းဖြူတစီးနှင့် လူငယ်တဦးလိုက်ပါလာသည်။

ထိုလူငယ်သည် တောက်ပသော အစိမ်းရောင်နှင့်အပြာရောင် ပိုးဝတ်စုံများကို သေသပ်ကျနစွာ ဝတ်ဆင်ထား၏။

ကျောပေါ်တွင် မူရတနာအမျိုးမျိုး စီချယ်ထားသော အဖိုးတန် ဓားတလက် သိုင်းလွယ်ထားသည်။

လူငယ်သည် ငယ်ရွယ်နုပျိုသလောက် ချောမောပြေပြစ်သည်။

ယောကျ်ားပီသ၍ တည်ကြည်သော ဥပဓိရုပ်ရှိသည်။

အဆင့်မြင့်သိုင်းသမားတဦးဖြစ်မှန်းလည်း သိသာထင်ရှားသည်။

သူကား... မြို့စားကြီး ရန့်တားထုန်၏ မွေးစားသား ရန်လျှိုချင်း။

သူတို့သားအဖ၏ ရှေ့နောက် ဝဲယာတွင် လက်နက်ကိုင် လက်ရွေးစင် အစောင့်အကြပ်များ၊ သိုင်းသမားများ ခြံရံ၍ လိုက်ပါလာခဲ့ကြသည်။

မြို့စားကြီး ရန့်တားထုန်တို့သားအဖကို မြင်လိုက်ကြရသည်နှင့် တံခါးမှ ဆီးကြိုစောင့်ဆိုင်းနေကြသည့် အစောင့်အကြပ်များ၊ ဧည့်ကြိုများသည် ရိုသေလေးစားစွာ ဂါရဝပြုလိုက်ကြသည်။

မြို့စားကြီး၏ ဝဲယာဉ် မြေသို့ချလိုက်သည်နှင့် အိမ်ရှင်ဖြစ်သော မင်းချီမြို့စားကြီး ဝှမ်ဆောက်နန်၏ လူယုံတော် မင်းဟောက်တန်သည် ဒလျင်အမြန် ရောက်ရှိလာခဲ့သည်။

ဆိုက်ရောက်လာသော မြို့စားကြီး ရန့်ဘာထုန်နှင့် ရန်လျူချင်းတို့ကိုကြည့်ကာ လျှို့ဝှက်သိပ်သည်းသည့် အရိပ်သဏ္ဌာန်များသည် စမ်းဟောက်တန်၏မျက်လုံးများပေါ်တွင် ရိပ်ခနဲ ရွေ့လျားဖြတ်သန်းသွားလေသည်၊ နှုတ်ခမ်းများကလည်း ကျေနပ်အားရစွာ ပြုံးလိုက်၏၊

သို့သော် စမ်းဟောက်တန်သည် ထို အမူအယာ များကို အလျင်အမြန်ပင် ပယ်ဖျောက်ပစ်လိုက်သည်။

မည်သူမျှ သတိမထားလိုက်မိကြ…၊ မည်သူမျှ မ ရိပ်စားမိလိုက်ကြ။

စမ်းဟောက်တန်သည် မြို့စားကြီးရှေ့သို့ သွားရောက်၍ ဦးညွှတ်ကာ အရိုအသေပြုလိုက်၏။

နှုတ်မှလည်း ကြိုဆိုသောစကားသံများထွက်ပေါ်လာသည်။

'အခုလို မြို့စားကြီးကိုယ်တိုင် ကြွရောက်အားပေး ချီးမြှင့်တာကြောင့်ကျွန်တော်တို့အရှင်သခင်မြို့စားကြီး ဝမ်းမြောက်ရန်အနေနဲ့ ကျေးဇူးတင်ဂုဏ်ယူပါလိမ့်မယ်ခင်ဗျာ'

မြို့စားကြီး၊ ရန့်ဘာထုန်သည် ခေါင်းတချက်ဆတ်၍ မိန့်ဆိုလိုက်သည်။

'အိမ်း…. ကျုပ်ရဲ့ အကြည်တော်မောင်တို့ အရှင်သခင်မြို့စားကြီးဝမ်းမြောက်ရန်ထော ကျန်းခန့်သာလို့မာတော်မူပါစ မောင်မင်း….'

'မှန်ပါ၊ အရှင်မြို့စားကြီး ပို့သဆသာခေတ္တာကြောင့် ကျန်းကျန်းမာမာပါဘဲခင်ဗျာ။ ကျွန်တော်တို့အရှင်မြို့စားကြီးကလဲ ဆင်ဖန်မြို့စားကြီးဖြစ်တဲ့ အရှင်ကြွရောက်လာမှာကို မြော်လင့်



နေပါတယ်။ ကိုင်း….ကျွန်တော့်နောက်ကသာ မွေးနေ့ပွဲကျင်းပမယ့်နေရာကို လိုက်ခဲ့ကြပါတော့ခင်ဗျား….'

စမ်းဟောက်တန်သည် ရှေ့မှလမ်းပြပြီး ဥယျာဉ်ဆောင်ထဲသို့ ခေါ်ဆောင်လာခဲ့၏။

မြို့စားကြီး ရန့်ဘာထုန်နှင့် မွေးစားသား ရန်လျူချင်းတို့နှစ်ဦးသည် စမ်းဟောက်တန်နှင့် အတူ ဥယျာဉ်တော် အတွင်းသို့ လိုက်ပါလာခဲ့ကြသည်။

အစောင့်အကြပ် အခြွေအရံများသည်ကား သူတို့ အတွက် သီးသန့်ပြင်ဆင်ခင်းကျင်းပေးထားသော နေရာတွင် ကျန်ရစ်ခဲ့ကြပြီ၊

ဥယျာဉ်တော်အတွင်းရှိ တခုသောစားပွဲတလုံးတွင် မြို့စားကြီး ရန့်ဘာထုန်နှင့် ရန်လျူချင်းတို့ကို စမ်းဟောက်တန်က နေရာချထားပေးသည်၊

စမ်းဟောက်တန် အမိန့်ပေးလိုက်သည်နှင့် ဆိုင်ရာ အမှုထမ်းများသည် ခဏအတွင်း အစားအသောက်နှင့် အရက်များကို ယူဆောင်ခင်းကျင်းလိုက်ကြလေတော့သည်။

စားပွဲပေါ်တွင် စားကောင်းသောက်ဖွယ် ဟင်းလျာများ ပြည့်လျှံသွားသည်။ ရွှေကရား၊ ကျောက်စိမ်း ကရားများဖြင့် ထည့်ထားသည့် အဖိုးထိုက်အဖိုးတန် အရက်များလည်း ရောက်ရှိလာသည်။

စမ်းဟောက်တန်သည် အစားအသောက်နှင့် အရက်များ ပြည့်စုံစွာ ခင်းကျင်းပြီးသည်နှင့် တပြိုင်နက် မြို့စားကြီးရန့်ဘာထုန်တို့ကို ခွင့်တောင်း၍ နေရာမှထွက်ခွာသွားသည်။

စားပွဲတွင် မြို့စားကြီးရန့်တာထိုန်နှင့် မွေးစားသား ရန်လျှို ချင်းတို့ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ကြ၏။

မေမ်းဟောက်တန် အပါးမှ ထွက်ခွါသွားသည်နှင့် သူတို့၏ အမူအယာများကလည်း ထူးခြားလာခဲ့ကြသည်။

သူတို့သည် အရက်များကိုငှဲ့လိုက်၊ အစားအသောက်များကို တို့ကနန်းဆိတ်ကနန်း နှိုက်လိုက် လုပ်နေသော်လည်း အစား အသောက်နှင့် အရက်ပေါ်တွင် စိတ်ဝင်စားခြင်းမရှိဘဲ ပတ်ဝန်း ကျင်ကိုသာ မသိမသာ အကဲခတ်ကြည့်ရှုနေကြလေသည်။

သူတို့၏နားများနှင့် မျက်လုံးများကို မည်သူမျှမရိပ်မိအောင် ပါးနပ်စွာ အသုံးချနေကြလေပြီ။

မကြာမီ ပန်းလိပ်ပြာအဖွဲ့မှ ညွှန်ခံဖျော်ဖြေမှု စတော့မည်ဖြစ် ကြောင်း ကျေညာသံက ထွက်ပေါ်လာသည်။

ပရိတ်သတ်အားလုံးတို့၏ အာရုံများသည် စင်မြင့်ရှိရာသို့ ရောက်ရှိသွားကြရလေပြီ။

ကပွဲ၏ အခန်းအနားမှူးသည် ဇာစီအစဉ်ကို စတင်ကြေငြာ လိုက်သည်။

'ပန်းလိပ်ပြာ ညီမခုနစ်ဖော်အနက် အကြီးဆုံးဖြစ်တဲ့ရီကျင်း နန်က စတင်ဖြေဖျော်ပါတော့မယ်ခင်ဗျား'

ကျေညာသံအဆုံး ကြည်နူးနှစ်သက်ဖွယ်ရာ ဂီတသံကထွက် ပေါ်လာသည်။

ဂီတသံနှင့်အတူ လွင်ချိုဝစီဘည့် သီချင်းသံကပါ တွဲဖက် ပေါ်ထွက်လာခဲ့၏။

ချောမွေ့ လှပလွန်းသော မိန်းကလေးတယောက်။



စင်မြင့်ပေါ်သို့ ရောက်ရှိနေပြီ။

သီဆိုဖျော်ဖြေခြင်းအမှုကိုလည်း ပြုနေလေပြီ။

မိန်းကလေး၏ သီချင်းသံ၊ တေးဂီတသံနှင့် အလှအပတို့ ကြောင့် ပရိသတ်များ အသက်ရှူဘို့ကိုပင် မေ့လျော့သွားကြ လေတော့သည်။

သူတို့အားလုံး၏ ရှိရှိသမျှသော အာရုံတို့သည် စင်မြင့်ထက်မှ မိန်းကလေးဆီသို့သာ ရောက်ရှိနေကြလေတော့သည်။

မိန်းကလေးသည် သီဆိုဖျော်ဖြေခြင်းအမှုအပြီး ကပြဖျော် ဖြေခြင်းကို ဆက်၍ပြုသည်။

သူမဝတ်ဆင်ထားသည့် အဝတ်အစားများသည် တောက်ပ သော အဖြူရောင် ပိုးဝတ်စုံဖြစ်သည်။

သူမ၏အကနှင့် သူမ၏လှုပ်ရှားမှုသည် လှပညက်ညောလွန်း လှသည်။

လိပ်ပြာဖြူကလေးတကောင် ပန်းဥယျာဉ်သာထဲတွင် ဝဲပျံ နေသည့်အလား။

ပရိတ်သတ်အားလုံးသည် သူမ၏ အဆိုအကတွင် နစ်မျောနေ မိရာ ကကြိုးဆုံးသွားတော့မှပင် သက်ပြင်း ချနိုင်ကြတော့သည်။ အသက်ရှူဘို့ သတိရကြတော့သည်။

ရှည်လျားသော ဩဘာသံကြီးက ကျယ်လောင်စွာ ထွက် ပေါ်လာခဲ့လေသည်။

နောက်တခန်းကလည်း တမူထူးသည်။

အခန်းအနားမှူး၏ ကျေညာချက်အပြီး မိန်းကလေးတဦး ကပြသီဆို ဖျော်ဖြေသည်။

သူမ၏အဆိုအကသည် ပထမ သီဆိုကပြ ဖျော်ဖြေသွားသည့် ရိုကျိုးနန့်လို သွဲ့ပြောင်းနွဲ့နှောင်းခြင်းမျိုးမဟုတ်။

သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်။ သူမ၏ သီဆိုမှုနှင့် ကကြိုးကကွက်တို့သည် မိုးမှောင်ကြီးအတွင်းမှ လျှပ်ပြက်လိုက်သည့်အလား။ ငြိမ်သက်အေးချမ်းနေသော ပင်လယ်ပြင်ကို မုန်တိုင်း ဝေ့ရမ်းတိုက်ခိုက်လိုက်သည့်အလား။

သူမနာမည်က ခုံလန့်ကြင်။
ပန်းလိပ်ပြာ ဒုတိယအဖွဲ့ဝင်။

သို့ဖြင့် အစီအစဉ်အတိုင်း ဆက်လက်ကပြ သီဆိုဖျော်ဖြေသွားကြသည်။

ပန်းလိပ်ပြာ တတိယအဖွဲ့ဝင် အားတက်။
စတုတ္ထအဖွဲ့ဝင် ကျန်းကျန်း။
ပဉ္စမအဖွဲ့ဝင် အူရှန်းယန့်။
ဆဋ္ဌမအဖွဲ့ဝင် ချင်းချင်း။
သတ္တမအဖွဲ့ဝင် ချီချုထင်။
တယောက်ပြီးတယောက်။
တဦးပြီးတဦး။
တလှည့်ပြီးတလှည့်။
ဆက်တိုက်။

သူတို့ခုနစ်ဦးစလုံး အဆိုအကများ ကောင်းလွန်းလှသဖြင့် ပရိသတ်များတို့သည် မဆုံးနိုင်သော ဩဘာသံများနှင့်အတူ အားပေးချီးကျူးမိကြလေတော့သည်။



ပရိသတ်များတို့သည် စားယင်းသောက်ယင်းမှ စက္ခုအာရုံ၊ သောတအာရုံများကို စိတ်နှလုံးချမ်းမြေ့စွာ ခံစားကြရသည်။

နောက်ဆုံး အစီအစဉ်အဖြစ် မိန်းကလေး ခုနစ်ဦးတို့သည် စုပေါင်းပြီး တပြိုင်တည်း သီဆိုကပြဖျော်ဖြေကြပြန်သည်။

သူတို့၏ ကိုယ်လက်လှုပ်ရှား ကခုန်မှုတို့သည် ပင်ယံမြင့်မှ ပွင့်လွှာချပ်ကလေးများ ကြွေဝဲနေကြလေသည့်ပမာ ညင်သာပေ့ါပါးနေကြသည်။

ဖျပ်သပ်မှုနှင့် သွက်လက်မှုလည်း အပြည့်အဝရှိသည်။

ရန်လျူချင်းသည် မိန်းကလေးများ စတင် သီဆို ဖျော်ဖြေသည်မှ အဆိုအက နောက်ဆုံး အစီအစဉ်အထိ စားကောင်းသောက်ဖွယ်နှင့် အဖိုးတန်အရက်များကို သတိမရမိတော့ဘဲ အာရုံ နစ်မျောနေမိလေတော့သည်။

သည်စဉ်အခိုက် ဖခင်ဖြစ်သူ မြို့စားကြီး ရန့်တာထုန်သည် ချောင်းတချက်ဟန့်ပြီး သတိပေးလိုက်၏။

'အဟမ်း....'

မြို့စားကြီး ရန့်တာထုန်ထံမှ ချောင်းဟန့်သံ ထွက်ပေါ်လာခဲ့သဖြင့် ရန်လျူချင်းသည် ဖခင်ဖြစ်သူကို ကြည့်လိုက်သည်။

ရန့်တာထုန်သည် ဦးခေါင်းကို ရန်လျူချင်းအနားသို့ တိုးကပ်လိုက်၏။ နှစ်ကိုယ်ကြားသာရုံ လေသံဖြင့်လည်း ခပ်အုပ်အုပ်ဆိုလိုက်သည်။

'လာရင်းကိစ္စကိုလဲ မေ့သွားအုံးမယ်လူကလေး'

မွေးစားဖခင်ကြီး၏ စကားကြောင့် ရန်လျူချင်း သွားအဖွေးသားပေါ်အောင် ပြုံးလိုက်သည်။ ခေါင်းကိုလည်းအသာ

အယာ ခါရမ်းလိုက်၏။ ပြီးတော့မှ အသာအယာပြန်ပြော လိုက်သည်။

'စိတ်ချပါဘာဘ။ မမေ့စရာပါဘူး'

မြို့စားကြီးရန့်ဘာထုန်က သတိပေးသော အမူအယာဖြင့် ဆိုလိုက်သည်။

'မမေ့ရင်လဲ လုပ်ငန်းစတော့လေ။ ဒို့များ ဒီကို ဘယ်လိုရည်ရွယ်ချက်နဲ့ ရောက်လာခဲ့တယ်ဆိုတာ လူကလေးသိတယ်မဟုတ်လား'

'မှန်ပါ။ သိပါတယ်ဘာဘ'

မှန်သည်။

သူတို့သားအဖနှစ်ဦးသည် မြို့စားကြီး ဝှမ်ဆောက်ရန်၏ မွေးနေ့ပွဲသဘင်သို့ အကြောင်းမဲ့ ရောက်ရှိလာခဲ့ကြခြင်းမဟုတ်။

မြို့စားကြီး ဝှမ်ဆောက်ရန် တည်ခင်းကျွေးမွေးသည့် စားကောင်းသောက်ဖွယ်နှင့် အဖိုးတန်အရက်များကို စားသောက်လိုကြ၍မဟုတ်။

ထို့အပြင် နေပြည်တော်တလွှားအထိ နာမည်ကျော်ကြားလှသော ပန်းလိပ်ပြာခုနစ်ဖော်၏ သီဆိုကပြ ဖျော်ဖြေမှုတို့ကို ကြည့်ရှုအရသာခံဘို့မဟုတ်။

စင်စစ် သူတို့ ဤမွေးနေ့ညစာခံပွဲသို့ တက်ရောက်လာခဲ့ကြခြင်းမှာ ထူးခြားသော လျှို့ဝှက်ချက်ကြီးတရပ် ရှိနေပေသည်။

မြို့စားကြီး ရန့်ဘာထုန်သည် မျိုးချစ်ခေါင်းဆောင်ကြီးတဦး၊ နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးတဦး၊ မွန်ဂို တော်လှန်ရေးသမားကြီးတဦးဟု အမည်နာမ ကျော်ကြားတိသကဲ့သို့ပင် စမ်းချောင်းမြို့



စားကြီး ဝှမ်ဆောက်ရန်သည်လည်း မွန်ဂိုနယ်ချဲ့ အလိုတော်ရိ တိုင်းပြည်သစ္စာဖောက်တဦးဟု လျှို့ဝှက်သတင်း ထွက်ပေါ်နေသည်။ သူသည် မွန်ဂိုနယ်ချဲ့တို့၏ အကျိုးကို တိတ်တဆိတ် လုပ်ကိုင်ဆောင်ရွက်ပေးနေသည်ဟု သတင်းများ ရရှိနေသည်။

ထို့ကြောင့် နယ်ချဲ့တော်လှန်ရေးသမားကြီး ရန့်ဘာထုန်နှင့် နယ်ချဲ့အကျိုးပြု ဝှမ်ဆောက်ရန်တို့သည် ကြိတ်၍ အင်အားပြိုင် နေကြရသည်။

တဖက်နှင့်တဖက် စုံစမ်းမှုများ ထောက်လှမ်းမှုများ ပြုလုပ် နေကြသည်။

တဦးအခြေအနေနှင့် တဦး၏ လှုပ်ရှားမှုများကို တဦးကသိရှိနိုင်အောင် ကြိုးစားအားထုတ်နေကြသည်။

ရန့်ဘာထုန်၏ ထောက်လှမ်းရေးသမား ညဉ့်မျက်လုံး တွန့်ချန်သည် ဝှမ်ဆောက်ရန်၏ စံအိမ်တော်သို့ ထိုးဖောက်ဝင်ရောက်ယင်း အသတ်ခံခဲ့ရသည်။

တွန့်ချန်သည် မည်သည့်သတင်း မည်သည့် လျှို့ဝှက်ချက်ကို ရရှိခဲ့သောကြောင့် ယခုကဲ့သို့ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရလေသနည်း။

ဤသည်ကို မြို့စားကြီးရန့်ဘာထုန်ရော သားဖြစ်သူ ရန်လျှူချင်းတို့က သိရှိလိုနေကြသည်။

'တွန့်ချန်ကိစ္စနဲ့ ပတ်သက်လို့ ဘယ်လိုသတင်းမျိုး ရနိုင်မယ်ဆိုတာ လူကလေး စုံစမ်းဘို့ ကြိုးစားပေတော့။ ပြီးတော့ ဘာဘရဲ့လူ တွန့်ချန် အသတ်ခံလိုက်ရတဲ့အတွက်လဲ ဖြစ်နိုင်ယင်

သူတို့ကို လွှတ်တန့်ပြန်ရလိမ့်မယ် လူကလေး၊ ဒီတခါ ကိုယ်က လက်ဦးဘို့လိုတယ်'

ဖခင်ကြီး၏ ပြောစကားများကို ရန်လျှုချင်း အသာအယာ ခေါင်းခါပြလိုက်သည်။

'တခုရှိတယ်ဘဘ'

'ဆိုစမ်း၊ လူကလေး'

'ဒီကို မလာခင်ကလေးမှာဘဲ သူတို့အသိုင်းအဝိုင်းထဲ လွှတ်ထားတဲ့ ကျွန်တော်တို့ သတင်းစုံစမ်းရေးသမား တချို့နဲ့ တွေ့ခဲ့ရတယ်။ သတင်းစုံစမ်းသမားများ၊ အဆိုအရ ကျွန်တော်တို့လူ တွန့်ချန်ကို ဝှမ်ဆောက်ရန်ရဲ့လူတွေက သတ်လိုက်တာ မဟုတ်ဘူးလို့ သိရပါတယ်'

'ဘယ်လိုကွယ့်လူကလေး။ တွန့်ချန်ကို ဒို့မိတ်ဆွေကြီး ဝှမ်ဆောက်ရန်ရဲ့ လူတွေက သတ်လိုက်တာမဟုတ်ဘူး။ ဟုတ်စ'

'မှန်ပါတယ် ဘဘခင်ဗျား၊ ကျွန်တော်လဲ အသေအချာပြန် စဉ်းစားကြည့်မိပါတယ်'

'အဲဒီလို စဉ်းစားကြည့်မိတော့....'

'မြို့စားကြီး ဝှမ်ဆောက်ရန်အနေနဲ့ သူ့ပိုင်နက်ထဲမှာ တွန့်ချန်လို လူမျိုးကို ပြောင်ပြောင်တင်းတင်း လုပ်ကြံခိုင်းမှာမဟုတ်ပါဘူး။ မြို့စားကြီးရဲ့ လူယုံတော် စမ်းဟောက်တန် အနေနဲ့လဲ ဒီလောက်အထိ ဥာဏ်တုံးလိမ့်မယ် မထင်ပါဘူး။ သူတို့နဲ့ကျွန်တော်တို့ အခုလို အပြိုင်အဆိုင်ကြဲနေရတဲ့အချိန် တယောက် ခြေလှမ်းအမှားကို တယောက် ကြည့်နေရတဲ့အချိန်မျိုးမှာ သူတို့



ဘက်က အခုလိုအမှားမျိုးကို ဘယ်နည်းနဲ့မှ လုပ်ရဲလိမ့်မယ်မထင်ပါဘူး ဘဘ'

'အိမ်း.... လူကလေးပြောတဲ့ စကားတွေက စဉ်းစားစရာတော့ ကောင်းနေတာပေါ့လေ'

'မှန်ပါတယ် ဘဘခင်ဗျား၊ ကျွန်တော်တို့ရဲ့ သတင်းစုံစမ်းရေးသမားတွေကလဲ တွန့်ချန်ကို ဝှမ်ဆောက်ရန်ရဲ့ အသိုင်းအဝိုင်းက သတ်လိုက်တာမဟုတ်ဘူးလို့ တညီတညွတ်တည်း ထွက်ဆိုကြပါတယ်။ ကျွန်တော့အမြင်အနေနဲ့လဲ တွန့်ချန်လိုထိပ်တန်း သိုင်းသမားတယောက်ကို တော်ရုံဘန်ရုံလူ၊ ဒါမှမဟုတ် တော်ရုံတန်ရုံ လူတစုအနေနဲ့ တိုက်ခိုက်သတ်ဖြတ် သုတ်သင်ဘို့ဆိုတာ မလွယ်တဲ့ ကိစ္စတရပ်ပါ။ ထက်မြက်တဲ့ သူ့အစွမ်းအစကိုယုံကြည်ပြီး ဝှမ်ဆောက်ရန်ရဲ့ စံအိမ်တော်ဝန်းအတွင်းကို ဝင်ရဲခဲ့တာဘဲ ကြည့်ပါတော့ဘဘ'

'ကောင်းပြီ။ ဒီအတိုင်းဆိုယင် တွန့်ချန်ကို ဘယ်သူကလုပ်ကြံ သတ်ဖြတ်လိုက်သလဲ'

'အဲဒီကိစ္စကို ကျွန်တော်တို့ အလေးအနက်ထားပြီး စဉ်းစားကြရပါလိမ့်မယ် ဘဘ။ အဖြေကိုလဲ မရအရ ရှာဖွေကြရလိမ့်မယ်။ ကျွန်တော်တို့နဲ့ ဝှမ်ဆောက်ရန်တို့ အဖွဲ့အကြားမှာ ပေါ်ပေါက်လာတဲ့ အဲဒီလူဟာ ဘယ်သူလဲ။ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ တွန့်ချန်ကို သတ်ဖြတ်ပစ်လိုက်ရတာလဲ။ သူဟာ ဘယ်သူ့ကိုကိုယ်စားပြုနေတာလဲ။ ဒါကို ကျွန်တော်တို့ သိကြရမှာ ဖြစ်မယ်'

မြို့စားကြီး ရန်တာထုန်သည် ရန်လျှုချင်း၏ စကားများကို

လေးနက်စွာ နားထောင်နေသည်။ ပြီးနောက် သက်ပြင်းတရပ်ကို ချကာ သူ့အကြည့်ကို ရန်လျှုချင်းထံမှ လွှဲဖယ်လိုက်သည်။

ပန်းလိပ်ပြာ ခုနစ်ဖော် ကပြသီဆို ဖျော်ဖြေနေဆဲ ရှိသည့် စင်မြင့်ရှိရာဆီသို့ လှမ်းကြည့်လိုက်သည်။

စင်မြင့်ထက်တွင်မူ တီးသံမှုတ်သံများ သီဆိုဖျော်ဖြေနေသံများတို့သည် လွင်လွင်သာသာ ထွက်ပေါ်နေဆဲပင်။

ခဏကြာမှ ရန့်တားထုန်က ရန်လျှုချင်းကို မေးမြန်းလိုက်၏။

'လောလောဆယ် ဘာတွေ ဘာလုပ်ကြမလဲ လူကလေး'

'လောလောဆယ်တော့ အခြေအနေ အရိပ်အကဲမှန်သမျှကို စောင့်ကြည့်ကြရုံဘဲဘာ၊ ဒီညအဖို့ ကျွန်တော်တို့က ညှော်ခံပွဲကို သာမန်တက်ရောက်လာကြတဲ့ အနေအထားမျိုး၊အသွင်သဏ္ဍာန်မျိုးယူထားကြရမှာဘဲ။ စားသောက်ပြီးယင် ကျွန်တော်တို့ရဲ့ တည်းခိုဆောင်ကို အေးအေးဆေးဆေးပြန်ကြတာပေါ့။ ဒါပေမယ့်သတိတော့ထားကြရမယ်။ ဘာဖြစ်လို့လဲဆိုတော့ဒါက သူတို့နယ်ဘဲမဟုတ်လား ဘာဘ'

'အိမ်း...ဟုတ်ပေတယ်လူကလေး'

ထိုစဉ်အခိုက် ရှည်လျားသော ဩဘာ လက်ခုပ်သံကြီးများ ကထွက်ပေါ်လာသည်။

ယင်းနှင့်အတူ ကပွဲ အစီအစဉ်များလည်း ပြီးဆုံး သွားခဲ့လေပြီ။

ကြွရောက်လာခဲ့ကြသော ညှော်ပရိသတ် အားလုံးတို့သည် ပန်းလိပ်ပြာအဖွဲ့ဝင်မိန်းကလေးများ၏ တဟုန် ဆိုဟုန်တို့ကိုချီးကျူးစကား[illegible]ပြောဆိုနေကြသည်။



ပန်းလိပ်ပြာအဖွဲ့ဝင်မိန်းကလေးများ၏ အဆိုအကအနုပညာ အရည်အသွေးကိုသာမက သူမတို့၏ အလှအပများကလည်း ထင်ရှားပေါ်လွင်လွန်းလှသည်။

လူငယ်လူရွယ်ပိုင်းသည် မိန်းကလေးများတို့၏ အလှအပကိုအားပါးတရစကား ဖောင်ဖွဲ့နေကြလေသည်။

ညှော်သည်တော်များအားလုံး အစားအသောက်များတွင်ပြန်လည်အာရုံစိုက်လိုက်ကြသည်။

မြို့စားကြီးရန့်တားထုန်တို့သားအဖသည်လည်း အများနည်းတူ အစားအသောက်များတွင် အာရုံပြုဟန်အသွင်များ ယူထားလိုက်ကြသည်။

ထိုစဉ်သူတို့စားပွဲရှိရာဆီသို့ အိမ်ရှင်မြို့စားကြီး ဝှမ်ဆောက်ရန်ရောက်ရှိလာသည်။ ကြည်လင် ရွှင်ပြသော အပြုံးများဖြင့်၊ အားရဝမ်းသာသောအပြုံးများဖြင့်။

မြို့စားကြီးရန့်တားထုန်နှင့် သားဖြစ်သူ ရန်လျှုချင်းတို့ကလည်း စားပွဲတွင်ထိုင်နေရာမှ ထလိုက်ကြသည်။ သူတို့သည်လည်းတောက်ပသောအပြုံးများ ဝမ်းမြောက် ရွှင်လန်းသောအပြုံးများကိုဆောင်ယူထားကြသည်။

[illegible]တဖက်နှင့်တဖက် [illegible]လျှို့ဝှက်စွာ ကြိတ်၍ ပြိုင်ဆိုင်နေကြသော်လည်း မျက်နှာချင်း ဆိုင်မိကြသည့် အချိန်များတွင်မူ ညှိသို့ညှိနှယ်ပြုံးရယ်ရွှင်ပြသော မျက်နှာများဖြင့် ဆက်ဆံကြသည်မှာ လူတို့၏ သဘောမနေ့ပင်ဖြစ်ချေ၏။

တဖက်နှင့် တဖက် အပြန်အလှန် ဂါရဝ ပြုလိုက်ကြသည်။ လက်ဆောင်ပစ္စည်းများ [illegible]လဲလှယ်လိုက်ကြသည်။ ကျေးဇူးတင်

ကြောင်း၊ ဝမ်းမြောက်ကြောင်း မင်္ဂလာစကားများ ပြောဆိုလိုက်ကြသည်။

ယင်းကဲ့သို့ အပြန်အလှန် ပြောဆိုကြပြီးနောက် စမ်းချိုမြို့စားကြီးဝုမ်ဆောက်ရန်က ဆင်ဖန်မြို့စားကြီး ရန့်တာထုန်အား....

'အခုလို မေးနေပွဲကို ကြွရောက်အားပေးချီးမြှင့်ရာမှာ အစစအရာရာပြည့်စုံလုံလောက်ပါရဲ့လား မြို့စားမင်းခင်ဗျား'

'အား....ပြည့်စုံလုံလောက်ပါပေတယ်အကြည်တော်ခင်ဗျား'

မြို့စားကြီးရန့်တာထုန်က လိုက်လဲသောလေသံဖြင့်ပြန်လည်ဖြေကြားလိုက်သည်။

မြို့စားကြီး ရန့်တာထုန်၏ အဖြေစကားကို ကြားရသောအခါ မြို့စားကြီးဝုမ်ဆောက်ရန်၏ မျက်နှာထက်တွင်အပြုံးတရပ်ပေါ်ပေါက်လာခဲ့သည်။ ထိုအပြုံးနှင့်အတူထူးခြားသောစကားတခွန်းကိုလည်းပြောဆိုလိုက်၏။

'အကြည်တော်မြို့စားမင်းနဲ့ တူတော်မောင်တို့ကို အထူးဧည့်ခံတဲ့အနေနဲ့ သီးသန့် ဧည့်ခံမယ် ကလေးများကို လွှတ်လိုက်ပါရစေ'

မြို့စားကြီး ဝုမ်ဆောက်ရန်က လက်ကာ၍ဘားလိုက်သည်။

'နေပါစေအကြည်တော်။ အခုအတိုင်းဘဲကောင်းပါတယ်။ တော်ကြာ ကျုပ်တို့အတွက် အနှောက် အယှက်တောင်ဖြစ်နိုင်ပါတယ်'

'မဖြစ်စေရပါဘူး အကြည်တော်။ မဖြစ်စေရပါဘူး။ အခုလွှတ်လိုက်မယ့် မိန်းကလေးများဟာ တခြားသူများမဟုတ်ကြပါဘူး။ နာမည်ကျော်ကြား ထင်ရှားလှတဲ့ ပန်းလိပ်ပြာ အဖွဲ့က မိန်းကလေးများပါ။ သူတို့ဟာဧည့်ခံမယ်များမဟုတ်ကြပေမယ့် အကြည်တော်တို့သားအဖကိုသီးသန့်ဂုဏ်ပြုဧည့်ခံချင်လို့ပါ'



မြို့စားကြီးရန့်တာထုန်ထံမှ မည်သည့်စကားသံမျှ ထွက်ပေါ်မလာ၊ ရန်လျူချင်းသည် ကြားဝင်၍ ဖြတ်ပြောလိုက်၏။

'သင့်လျော်လှပါတယ် ဦးတော်။ ဒါမှသာ ကျွန်တော်တို့ စားသောက်ပွဲ စိုစိုပြေပြေရှိသွားတော့မှာပေါ့'

မြို့စားကြီး ရန့်တာထုန်သည် သားဖြစ်သူကို မျက်စောင်းတချက်ထိုး၍ကြည့်လိုက်၏။

မြို့စားကြီး ဝုမ်ဆောက်ရန်သည်လည်း ခဏခွင့်နှုတ်ဆက်စကားဆိုကာ သူတို့ဝိုင်းမှ ဖယ်ခွာသွားလေသည်။

ဟန်ဆောင်၍ ပြုံးထားရသော မြို့စားကြီးရန့်တာထုန်၏မျက်နှာက ချက်ချင်းပင် တည်ကြည်လေးနက်လာရသည်။ ရန်လျူချင်းကိုအပြစ်တင်သော လေသံဖြင့်လည်း ပြောလိုက်သည်။

'လူကလေးနှယ် ရှုပ်ရှုပ်ရှက်ရှက်ကွယ်။ ဒီမိန်းကလေးတွေကိုဘာဖြစ်လို့လက်ခံလိုက်ရတာလဲ'

ရန်လျူချင်းပြုံးလိုက်ပြန်၏၊ ကျေနပ်အားရသောအပြုံးလေး နက်သိပ်သည်းသောအပြုံး။

ပဟေဠိတရပ်၏ အစကို ဆုပ်ကိုင်မိလိုက်သူတဦး၏ အောင်မြင်သောအပြုံး။

'ကျွန်တော်သေသေချာချာ အကဲခတ်သုံးသပ်ပြီးပြီ ဘဘ။ ပန်းလိပ်ပြာအဖွဲ့က သီဆိုကပြ ဖျော်ဖြေကြတဲ့ ကချေသည်မိန်းကလေးတွေဟာသာဘာသည် စစ်စစ်တော့မဟုတ်ကြဘဲ။ သူတို့က အကြောင်းတခုခုနဲ့ ကချေသည် အသွင် ဆောင်ယူထားကြတဲ့

မိန်းကလေးတွေ၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာထူး ခြားမှုတခုရှိနေတယ်ဗျာ။ ဒါကြောင့် သူတို့အကြောင်းကိုအ နီးကပ်လေ့လာချင်လို့ အခုလိုလာလိုက်ရတာပါ’

‘လူကလေးအနေနဲ့ သူတို့အပေါ်မှာ ဘယ်လို ထူးခြားမှု တွေများမြင်ထားသလဲ’

‘ဘယ်လိုဆိုတာတော့ ပြတ်ပြတ်သားသား မပြောနိုင်သေး ဘူးဗျာ။ ဒါပေမယ့် သူတို့မှာ လျှို့ဝှက် အရည်အချင်းတွေရှိ နေတယ်လို့ကျွန်တော်ထင်တယ်’

‘လျှို့ဝှက်အရည်အချင်း....’

‘မှန်ပါတယ်ဗျာ။ အနီးကပ်ပြီး အသေအချာ အကဲခတ် ကြည့်မှသိရမှာပါ။ ဒီတော့မှဘဲ သူတို့ဘာတွေဆိုတာ ဘာဘာကို ကျွန်တော်ပြောနိုင်ပါလိမ့်မယ်။ ဟော....ဟောကြည့် သူတို့လာ နေကြပြီ’

ရန်လျှူချင်သည် မြို့စားကြီး၏ နောက်ကျောဘက်ဆီသို့ အမူအယာဖြင့် မသိမသာ ပြလိုက်သည်။ စကားကိုလည်း ဖြတ် သည်။

မြို့စားကြီးရန်တာထုန်သည် နောက်ဘက်ဆီသို့လှည့်မကြည့် သော်လည်းမိန်းကလေးများ လာနေပြီဖြစ်ကြောင်း သိရှိလိုက် သည်။

ထိုတွင် သင်းကြိုင်မွှေးပျံ့သော နံ့တို့ကို ရရှိလိုက်ပြီး စားပွဲရှေ့ဝယ် မိန်းကလေးနှစ်ဦးလည်း ရပ်လိုက်ကြသည်။

မိန်းကလေးများလက်ထဲတွင် လင်ဗန်း တချပ်စီ ရှိနေကြ သည်။



တချပ်သောလင်ဗန်းထက်တွင် အရက်ကရားနှင့် အရက်ခွက် နှစ်လုံး။

တခုသောလင်ဗန်းထက်တွင်တော့ စားကောင်းသောက်ဖွယ် ဟင်းလျာများ။

ရန်တာထုန်နှင့် ရန်လျှူချင်းတို့သည် မိန်းကလေးများကို ကြည့်ရှုလိုက်သည်။

ဟုတ်သည်။

ပန်းလိပ်ပြာ အဖွဲ့ဝင်အမျိုးသမီးကလေးနှစ်ဦး။

သူတို့သည် အဝတ်အစားများကိုပင် မလဲလှယ်ခဲ့ရသေး။

စင်မြင့်ထက်တွင်ကပြဖြေဖျော်ခဲ့စဉ်က အဝတ်အစားများ အတိုင်း။

သူတို့၏ လှပချောမောသော ပြေပြစ်နွဲ့နှောင်းသောခန္ဓာ ကိုယ်ကလေးများဆီမှ သင်းထုံသည့်မွှေးရနံ့များက ကြိုင်လှိုင် နေသည်။

မိန်းကလေးနှစ်ဦးသည် မြို့စားကြီးနှင့် ရန်လျှူချင်းတို့ကို ဦးညွှတ်၍ အရိုအသေပြုလိုက်ကြသည်။

ပန်းလိပ်ပြာအဖွဲ့ဝင် မိန်းကလေး ခုနှစ်ဦးတို့သည် ခန္ဓာကိုယ် အချိုးအစားများသာမက ဆင်းသွင်သဏ္ဍာန်များအလည်း တူ ညီနေသယောင်မှတ်ထင်ရသဖြင့် ယခုစားပွဲအနီးသို့ ရောက်လာ သောမိန်းကလေးနှစ်ဦး တို့ကို မည်သူမည်ဝါများဖြစ်ကြောင်း ရုတ်တရက်ရန်လျှူချင်း မခန့်မှန်းတတ်။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် မိန်းကလေးသည် သူမကိုယ်သူမ မိတ်ဆက်ပေးလိုက်သည်။

‘ကျွမကပန်းလိပ်ပြာနံပါတ်တစ် ရီကျင်းနန် ဖြစ်ပါတယ် အရှင်’

အဝါရောင်မိန်းကလေးကလည်း မိတ်ဆက်လိုက်ပြန်သည်။

‘ကျွမက နံပါတ်ခုနစ်အထွေးဆုံး ချီချူထင်ပါ’

ရန်လျူချင်းသည် အသိအမှတ်ပြုသည့်ဟန်ဖြင့် ပြုံးရွှင်စွာ ခေါင်းဆတ်၍ပြလိုက်သည်။

ပြီးမှ

ဖခင်ဖြစ်သူ မြို့စားကြီး ရန့်ဘာထုန်ဘက်သို့ မျက်နှာလှည့်လိုက်၏။

‘ဘာဘာပြန်ချင်ပြီနဲ့တူတယ်။ ညောင်းလဲ ညောင်းညာလှရောပေါ့။ ပြန်ချင်ယင်ပြန်ပါဘာဘာ။ ကျွန်တော့်ကိုတော့ စောင့်မနေပါနဲ့တော့။ ကျွန်တော်စားယင်းသောက်ယင်း ခဏလောက်နေလိုက်ပါအုံးမယ်’

မြို့စားကြီးသည် ရန်လျူချင်း စကားလမ်းကြောင်းပြောင်း တည်းဟုရိပ်စားမိလိုက်သည်။

မိမိ၏ခမွးစားသားသည် ခိုင်လုံသော အကြောင်းတရပ်ရပ် ရှိနေချေပြီ။

ထို့ကြောင့် ထိုင်ရာမှ ထယင်းပြောလိုက်သည်။

‘အိမ်း....ဘာဘာတော့ပြန်ချင်နေပြီလူကလေး။ လူကလေးနေချင်သေးသပေါ့ဆိုယင်နေရစ်ခဲ့အုံးပေါ့။ သိပ်တော့ညဉ့်မနက်စေနဲ့နော်’

‘မှန်ပါဘာဘာ။ စိတ်ချပြီးဘော့သာပြန်တော်မူပါ’

မြို့စားကြီး ရန့်တာထုန့်သည် ခဏဘွင် သက်တော်စောင့်



တပ်ဖွဲ့ခြံရံ၍ ဝေါယာဉ်ဖြင့်ပင် ညစာခံပွဲမှ ပြန်လည်ကြွမြန်းသွားလေတော့သည်။

သူတို့လူစုသည် ညစာခံပွဲရှိရာ မြို့စားကြီး ဝှမ်ဆောက်ရန်၏ စံအိမ်တော်မှ တည်းခိုရာ အဆောက်အဦသို့ အသွားခရီးလမ်းတလျှောက်တွင် အထူးသတိကြီးစွာထားကြမည်မှာ ဖော်ပြဖို့ပင်လိုအပ်မည်မထင်ချေ။

'ကဲ... ထိုင်ကြလေကွယ်။ ထိုင်ကြပါ'

ရန်လျှုချင်းကဖိတ်ခေါ်လိုက်သည်။ မိန်းကလေးနှစ်ဦးသည် သူ၏ ဝဲယာတဖက်တချက်ဆီတွင် ဝင်ရောက်ထိုင်လိုက်ကြသည်။ အရက်ငှဲ့ပေးသူက ငှဲ့ပေးသည်။ စားဖွယ် သောက်ဖွယ်များကို အဆင်သင့်စားနိုင်အောင် ပြင်ဆင်ပေးသူကပေးသည်။

မိန်းကလေးများ၏ ပြုစုယုယမှုကြောင့် ရန်လျှုချင်း ပြုံးနေသည်။ များစွာ သဘောကျကျေနပ်နေသည့် အသွင်သဏ္ဍာန်မျိုး ဆောင်ယူထားသည်။ ပါးစပ်မှလည်း ချီးကျူးစကားကို ထုတ်ဖော် ပြောဆိုလိုက်သည်။

'မင်းတို့ ပန်းလိပ်ပြာအဖွဲ့က နာမည်ကျော်ကြားသလောက် ပထမတန်း အဆိုအကကောင်းတဲ့ အဖွဲ့ပါလားဟေ့။ ကျော်ကြားမယ် ဆိုယင်လဲ ကျော်ကြားထိုက်ပါပေတယ်ကွာ။ တကယ်ဘဲဟေ့ တကယ်ဘဲ။ တကယ်ဘဲ....'



ရီကျင်းနန်သည် ရန်လျှုချင်း၏ ချီးကျူးစကားကြောင့် ပါးချိုင့်ကလေးများ ခွက်သွားအောင် ပြုံးလိုက်သည်။ ပြီး.... ကျေနပ်သဘောကျသော အသံကလေးဖြင့် ဆိုလိုက်သည်။

'အရှင့်လိုပုဂ္ဂိုလ်မျိုးဆီက အခုလိုချီးကျူးစကားကြားရတာ ဝမ်းသာမဆုံးပါဘူးအရှင်။ ဂုဏ်လဲယူမိပါတယ်'

ရီကျင်းနန်သည် သည့်နှယ် ရယ်ပြုံးရွှင်ပျစွာ ပြောနေသော်လည်း သူ့မျက်ဝန်းအိမ်များ၏ အတွင်းပိုင်း နက်ရှိုင်းရာတွင် လျှို့ဝှက်မှုများ ခက်ထန်မှုများ ဟန်ဆောင်မှုများ သိုသိပ်စွာ ရှိနေသည်ကို ရန်လျှုချင်း သတိထားလိုက်မိသည်။

သို့သော် သူသည် ဤသည်ကို မသိဟန်ပြု၍ထား၏။ လိုက်လိုက်လျောလျော စကား ဆက်လက်ပြောဆိုနေသည်။

'တောင်ပိုင်းနေပြည်တော်မှာတောင် ချီးမြှင့်မြှောက်စားခံရတဲ့ မင်းတို့ ပန်းလိပ်ပြာအဖွဲ့အနေနဲ့ ကိုယ့်ချီးကျူးစကားဟာ အသေးအမွှားကလေးတခုသာ ဖြစ်နေပါလိမ့်မယ်ကွယ်'

ရီကျင်းနန်သည်ညင်သာစွာလှုပ်လီလှုပ်လဲ့ရယ်မောလိုက်သည်။

'ကျမတို့အတော့ အရှင့်လို မြို့စားကြီးတပါးရဲ့ သားတော်တဦး နှုတ်ဖျားက အခုလိုချီးမွမ်းဂုဏ်ပြုတာကို ဝမ်းသာပီတိဖြစ်လွန်းလှပါတယ်အရှင်။ ဒီဂုဏ်ပြုမှုဟာ အသေးအဖွဲ့မဟုတ်ပါဘူး။ ရတောင့်ရခဲသတ်ဘခုပါ'

'အင်း.... မင်းတို့ဟာ အဆိုအကကောင်းသလောက် အပြောအဆို စကားအရာမှာလဲ လိမ္မာပါးနပ်လှပါပေတယ်ကွယ်'

ရီကျင်းနန်သည် ဘာမျှ ပြန်မပြောတော့၊ ရယ်မော၍သာ နေသည်၊

ရန်လျှုချင်းထံမှစကားသံကဆက်လက်ထွက်ပေါ်လာသည်။

'ဒါထက် မင်းတို့အဖွဲ့က တောင်ပိုင်းနေပြည်တော်က ဒီကို တိုက်ရိုက်လာခဲ့ကြတာလား'

'တိုက်ရိုက်လာခဲ့ကြတယ်လို့ဘဲ ဆိုပါတော့အရှင်။ ဒါပေမဲ့ လမ်းခုလပ် ကွင်ဆန့်မြို့မှာတော့ ငါးရက်လောက် နားခဲ့ကြပါသေးတယ်။ ဘာများဖြစ်လို့ပါလဲ'

'တောင်ပိုင်းမြို့တော်ရဲ့ သတင်းအခြေအနေကို ကြားချင်လို့ပါ။ အတော်များ ရှုတ်ရှုတ်သဲသဲဖြစ်နေကြပြီလား'

'အင်း.... ရှုတ်ရှုတ်သဲသဲ ဖြစ်စပြုနေပြီလို့တော့ ဆိုနိုင်ပါတယ်အရှင်။ ပီကင်း နေပြည်တော်က မွန်ဂိုဧကရာဇ် ဘုရင်ကြီး ကူဗလိုင်ခန့်ဟာ ကျမတို့ရဲ့တောင်ပိုင်းဒေသတဝှမ်းလုံးကို နယ်ချဲ့သိမ်းပိုက်ဘို့ တာစူနေပြီလေ'

'အင်း.... ကိုယ်လဲကြားပါတယ်ကွယ်။ အေချာခဲ့လားဆိုတာ ကိုသာ တိတိကျကျမသိရသေးတာ'

'အို.... သိပ်သေချာတာပေါ့ရှင်'

'ဟုတ်မှာပါဘဲလေ။ ဘာလို့လဲဆိုတော့ ကိုယ်တာ ရှင်းဝှာ တောင်တန်းဘက် ခရီးထွက်နေတာ။ ပြန်ရောက်တာ ရက်ပိုင်း ကလေးဘဲ ရှိသေးတယ်။ ဒီတော့ အကြောင်းစုံကို ဘာမှမသိရသေးဘူးပေါ့။ မွန်ဂိုတပ်တွေ ဝင်လာရင်တော့ ကိုယ်တို့တတွေ အပြင်းအထန် ခုခံကာကွယ်ကြရမှာဘဲ။ ဒါမှမဟုတ်ရင် တိုင်းပြည်ကြီးတဝှမ်းလုံး နယ်ချဲ့မွန်ဂိုတွေရဲ့ လက်အောက်မှာ ပျက်သုဉ်းသွားကြရလိမ့်မယ်'

'မှန်တာပေါ့အရှင်'



ရန်လျှုချင်းနှင့် ရီကျင်းနန်တို့ ပြောဆိုနေကြသည်ကို နံပါတ် ခုနစ် မိန်းကလေး ချီချုထင်သည် တသန်းသန်းတဝေဝေဖြင့် နားထောင်နေသည်။ သည်လို နားထောင်နေရာမှ အလိုမကျ တော့ဟန်ဖြင့်လည်း ဝင်ရောက်ပြောဆိုလိုက်သည်။

'ကဲပါ အမကြီးကျင်းနန်ရယ်။ အခုလိုအချိန်မျိုးမှာ ဒီစိတ် ညစ်စရာ စကားတွေကို ပြောမနေပါနဲ့တော့။ ကျမတို့က ကချေ သည်တွေဘဲ။ ကချေသည်နဲ့ နိုင်ငံရေးရာကိစ္စတွေဟာ ဘာမှမဆိုင် ပါဘူး'

ချီချုထင်၏စကားကြောင့် ရီကျင်းနန်သည် ရန်လျှုချင်း အား အားတုန့်အားနာဟန်ဖြင့် ကြည့်လိုက်မိသည်။

ရန်လျှုချင်းကမူ ခွင့်လွှတ်သည့်အပြုံးဖြင့်ချီချုထင်ကို ကြည့် လိုက်သည်။

'ဟုတ်ပါ့ရဲ့ကွယ်၊ ကိုယ်တို့ကလဲ ပျော်ပျော်ပါးပါး စား သောက်ဘို့လာတာ၊ တိုင်းရေးပြည်ရေး နိုင်ငံရေးကိစ္စကိုမှ သွား ပြောမိတယ်'

'ဟုတ်တယ်.... ဟုတ်တယ်၊ နောက်တခါ နိုင်ငံရေးစကား ပြောချင်ယင် ကျမတို့လို ကချေသည်တွေနဲ့ပြောတာထက် နိုင်ငံ ငွေကိုစားပြီး နိုင်ငံ့ဝန်ထမ်းနေတဲ့ အမှုထမ်းတွေနဲ့သာ ပြော ပေတော့'

ချီချုထင်သည် ရန်လျှုချင်းကိုမျက်စောင်းတချက်ထိုးယင်း အုဆတ်ဆတ် ပြောလိုက်သည်။

ရီကျင်းနန်မှာ များစွာ အားနာသွားရဟန်တူသည်။

'အို ... အို ... ညီမလေးချိုချိုထင်ကလဲကွယ်၊ ဘယ်လိုများပြောလိုက်တာလဲ'

ချိုချိုထင်၏ မျက်နှာထားက ခပ်တင်းတင်း။

ရီကျင်းနန်က အားတုန့်အားနာ။

သို့တစေ....

ရန်လျူချင်းသည် ငယ်ရွယ်လှန်းလှသော မိန်းကလေးချိုချိုထင်ကို မသိနားမလည်သူတဦးအဖြစ် သည်းခံ ခွင့်လွှတ်ထားလိုက်သည်။

သူတွေးမရသည့် အချက်အလက်တရပ်ကတော့ ရှိသည်။

ချိုချိုထင်သည် အဘယ့်ကြောင့် သူ့အား သည်မျှ ဘုတော နေရလေသနည်း။

မိန်းကလေး၏အကြည့်ကို ရန်လျူချင်း အကဲခတ်နေမိသည်။

ချိုချိုထင်၏ အကြည့်သည် ရီကျင်းနန်ကဲ့သို့ လျို့ဝှက်မှုကို မဆောင်တော့ဘဲ မိမိအပေါ် ပြောင်ပြောင်တင်းတင်းပင် မုန်းတီးသော အသွင်မျိုး ဆောင်ထားသည်။

ရန်သူတယောက် ကြည့်ခြင်းမျိုးနှင့် ကြည့်သည်။

ဤမိန်းကလေးသည် မိမိနှင့်တကြိမ်တခါမျှ မမြင်မသိခဲ့ကျွမ်းဘူးခဲ့။ မည်သည့်အတိတ်ဇာတ်ကြောင်းမျှ ဆက်နွှယ် ပတ်သက်ခြင်းမရှိဘူးခဲ့။

ချိုချိုထင်အဘယ်ကြောင့်မိမိကို ဤမျှခါးခါး သည်းသည်း ဖြစ်နေရလေသနည်း။

ရန်လျူချင်း နားမလည်။

ဤမိန်းကလေးသည် လူတိုင်းသူတိုင်းအပေါ်တွင် သည်ကဲ့သို့



ပင် ဆက်ဆံတတ်သလော။ ဤသည်ပင် သူမ၏ ပင်ကိုယ်စရိုက် ဖြစ်နေသလော။

ရန်လျူချင်း အတွေးများဖြင့် ထွေပြားနေရသည်။

ရီကျင်းနန်သည် အရက်တခွက်ကိုငှဲ့ပြီး ရန်လျူချင်း လက်တွင်းသို့ အသာအယာထည့်ပေးလိုက်သည်။

သူမ၏မျက်နှာကမူ ရွှင်ပြုံးရယ်နေသည်။ ဖော်ရွေနှစ်လိုမှုကိုလည်း ဆောင်ယူထားသည်။

'ကျမတို့အဖွဲ့ ဒီနယ်တဝိုက်မှာ ဆယ်ရက်လောက်တော့ကြာကြအုံးမှာပါအရှင်။ ကျမတို့အဖွဲ့အပေါ် အားပေး ချီးကျူးခဲ့တဲ့အရှင့်ကို ကျမတို့လဲကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ အရှင်ကျေနပ်ပျော်ရွှင်တဲ့အထိ ပြုစုညှော်ခံကြပါမယ်၊ ကျမတို့ အပေါ်မှာ မိတ်ရင်းဆွေချာတွေလို သဘောထားပါအရှင်'

'အို....စိတ်ချ စိတ်ချ၊ မင်းတို့အဖွဲ့ ကပြဖြေဖျော်သီဆိုတဲ့နေရာမှန်သမျှ ကိုယ်အမြဲတမ်းရောက်လာနိုင်အောင် ကြိုးစားမယ်။ အခွင့်သင့်တဲ့ တနေ့ကျယင်လဲ မင်းတို့အဖွဲ့ကို ကိုယ်တို့ စံအိမ်တော်မှာ ဖိတ်ခေါ်ချင်ပါသေးတယ်'

'ကျေးဇူးတင်လှပါတယ်အရှင်'

ရီကျင်းနန်သည် ဝမ်းသာအားရ အမူအယာ လေးဖြင့် စကားတုန့်ပြန်လိုက်သည်။

ထိုစဉ် ချိုချိုထင်ထံမှ တိုပြတ်သောစကားသံက ထွက်ပေါ်လာသည်၊

'ကဲ....အမကြီးကျင်းနန်၊ ကျမတို့ အဝတ်အစားတွေ ပြန်လဲကြအုံးစို့....'

ရီကျောင်းနန်သည် သဘောတူဟန်ဖြင့် ခေါင်း ညိတ် လိုက်သည်၊ ပြီးနောက် ရန်လျူချင်းဘက်သို့ဦး ညွတ်လိုက်၏။

'ကျမတို့ကို ခွင့်ပြုပါအုံးအရှင်၊ အဝတ်အစားများ လဲလိုက်ပါရစေအုံး'

'အော်....အော်၊ ကောင်းပါပြီ ကောင်းပါပြီ၊ လဲနိုင်ပါတယ်....လဲကြပါလဲကြပါ'

ရန်လျူချင်းထံမှ ခွင့်ပြုသံ ပေါ်လာသည်နှင့် ချီချူထင်အရင်ထသည်။ စားပွဲမှ ဦးဆုံး ထွက်ခွာသွားသည်။ ရန်လျူချင်းကို နှုတ်မဆက်။ တချက်လေးမျှပင်လှည့်မကြည့်။

'နံပါတ် ခုနစ်က ကျမတို့အဖွဲ့မှာ ညီမ အငယ်ဆုံးလေ....။ ငယ်လေးစိတ် ငယ်လေးကလဲ မပျောက်တပျောက်ပေါ့။ သူ့ရဲ့အပြောအဆို အပြုအမူတွေနဲ့ ပတ်သက်လို့ ခွင့်လွှတ်ဘို့ ကျမတောင်းပန်ပါတယ်အရှင်....'

'အို....ကိစ္စမရှိပါဘူးကွယ်။ ငယ်ရွယ်သူဆိုတော့ ဒီလိုဘဲပေါ့ ကိုယ်ခွင့်လွှတ်ပါတယ်။ မင်းရဲ့ ဖော်ရွေခင်မင်မှု၊ ပြုစု ယုယမှုအတွက်လဲ ကိုယ့်ကျေးဇူး အထူးဘဲတင်မိပါတယ်'

ရီကျောင်းနန်သည်ပြုံးလိုက်၏။ ရန်လျူချင်း၏ ကျေးဇူးစကားကြောင့် ပြုံးလိုက်ခြင်းဖြစ်သလော။

သူမသည် သည့်နှယ် ပြုံးထားယင်းမှ ဝဲယာဝန်းကျင်ကို မျက်လုံးတချက်ကစားလိုက်သည်။ ပြီးမှ တိုးအုပ်သော လေသံကလေးဖြင့် ခပ်သွက်သွက်ပြောချလိုက်၏။

'ကျမ အနေနဲ့ အရှင့်ကို သီးသန့် ပြုစုချင်ပါတယ်အရှင်....'



စကားအဆုံး အမျိုးသမီးသည် စားပွဲကိုလှစ်ကနဲ ကျောခိုင်းပြီး သွက်လက်ပေါ့ပါးစွာ ထွက်ခွာသွားလေသည်။

ရုတ်တရက်ဖြစ်သဖြင့် အပြုံးတရပ်နှင့်အတူ ထွက်ခွာသွားသော ရီကျောင်းနန်၏ကျောပြင်ကိုကြည့်ယင်း ခေါင်းတဆတ်ဆတ်ဖြင့် ကျန်ရစ်ခဲ့သည်။

ရီကျောင်းနန်။

နာမည်ကျော်ကြားထင်ရှားလှသည့် ပန်းလိပ်ပြာအဖွဲ့ဝင် နံပါတ်တစ်အမျိုးသမီး....။

ပန်းလိပ်ပြာအဖွဲ့ထဲတွင် သူမ၏အလှသည် ထိပ်ဆုံးမှ ရှိနေလေသည်။

သည်မိန်းကလေးက သူ့ကို စကားတခွန်း ပြောသွားခဲ့သည်။

နှစ်ကိုယ်ကြား လေသံကလေးဖြင့်....

ပြုစုချင်ပါသတဲ့။

သီးသန့်ပြုစုချင်ပါသတဲ့။

ရန်လျူချင်းသည် တကိုယ်တည်းပြုံးလိုက်မိပြန်သည်။

သူ ဘာကြောင့် ပြုံးနေပါသနည်း။

အေးလေ...။

ရီကျောင်းနန်လို မိန်းကလေးတဦး၏ ပြုစုယုယမှုကို အဘယ်ယောကျ်ားသားက ငြင်းဆန်နိုင်မှာတဲ့လဲ။

ပြုံးနေလော ရန်လျူချင်း။

သက်ပြင်းတရပ်ကို မသိမသာချလိုက်ပြန်သည်။ ပြီး....အရက်ခွက်ကို တချိန် သိုးမော့လိုက်၏။

အတန်ကြာသွားသည်။

ရန်လျှူချင်းသည် စားယင်းသောက်ယင်းဖြင့် ရီကျင်းနန်နှင့် ချီချူထင်တို့ ပြန်လည်ပေါ်လာနိုးနှင့် စောင့်မျှော်နေမိသည်။

ပန်းလိပ်ပြာအဖွဲ့ဝင် ခုနှစ်ဦးတို့ သိဆိုကပြ လုပ်ရှားကြသည်ကို ရန်လျှူချင်း သေချာကျနစွာ အကဲခတ်ပြီးပြီ။

ရီကျင်းနန်အပါအဝင် မိန်းကလေးအားလုံးတို့၏ အခန အထားများကို ဂရုတစိုက်ကြည့်ရှုပြီးပြီ။

သူ့တို့အားလုံးသည် အဆင့်မြင့် ထိပ်တန်း သိုင်းပညာရှင်များဖြစ်ကြောင်း ရန်လျှူချင်း အကဲခတ်လိုက်မိပြီးပြီ။

ရိုးရိုးကချေသည်များ လုံးဝမဟုတ်။

သူမတို့တွင် ခိုင်လုံသော လျှို့ဝှက်ချက်ကြီးတရပ် ရှိနေရပေလိမ့်မည်။

ရန်လျှူချင်းတို့သားအဖနှင့်စမ့်းချီမြို့စားကြီးဝှမ်ဆောက်ရှီ



တို့သည် တဖက်နှင့်တဖက် ခြေလှမ်းအမှား စောင့်နေကြသူများဖြစ်ကြသည်။ ကွက်ကျော်ရိုက်ရန်လည်း အလစ်ချောင်းနေကြသူများဖြစ်သည်။

တဖက်နှင့်တဖက်လည်း မျက်ခြည်မပြတ် စောင့်ကြည့်နေကြရသည့် အခြေအနေမျိုး။

သို့ဖြစ်သဖြင့်။

ပန်းလိပ်ပြာအဖွဲ့ဝင် မိန်းကလေး ခုနှစ်ဦးတို့သည် မိမိတို့သားအဖအတွက် ဆိုးကျိုးပေးမည့်သူများ ဖြစ်ကောင်းဖြစ်လာနိုင်သည်။

ရန်လျှူချင်းသည် တစုံတရာကိုလည်း အမှတ်မထင် သွားရောက်တွေးလိုက်မိပြန်သည်။

မြို့စားကြီး ဝှမ်ဆောက်ရန် စံအိမ်တော်ဝန်းအတွင်း အသတ်ခံလိုက်ရသည့် ညဥ့်မျက်လုံးတွန့်ချန်၏ကိစ္စ။

တွန့်ချန်အသတ်ခံရမှုသည် ဝှမ်ဆောက်ရန်၏ ဘက်သော်သားများလက်ချက်မဟုတ်မှန်း သူ တွက်ဆမိပြီးဖြစ်သည်။

တွန့်ချန်သည် ဝှမ်ဆောက်ရန်၏ စံအိမ်တော်ဝန်း အတွင်းမှ လျှို့ဝှက်သတင်းများကို သွားယူခဲ့သူ ဖြစ်သည်။

သူသည် ထိုသို့ သတင်းစုံစမ်းထောက်လှမ်းယင်းမှ ပန်းလိပ်ပြာအဖွဲ့၏အကြောင်းကို အတွင်းကျကျသိခဲ့ရလေသလော။

တွန့်ချန်သည် သူရရှိလိုက်သောသတင်းကို မိမိတို့ထံသို့ ပြန်မပေးပို့နိုင်အောင် အသုတ်သင်ခံခဲ့ရလေသလော။

သို့ဆိုလျှင် တွန့်ချန်အသတ်ခံရခြင်းသည် ပန်းလိပ်ပြာအဖွဲ့နှင့် ပတ်သက်ကောင်း ပတ်သက်နေနိုင်ပေသည်။

ယခုသူသည် တွန့်ချန့်၏တာဝန်ကို ဆက်လက်ယူရန် ဆုံးဖြတ်လိုက်၏။

အစီအစဉ်အမှတ်တစ်အနေဖြင့် ရီကျောင်းနန်ကို ချဉ်းကပ်ခွင့်ရရန် မိမိကြိုးစားရမည်။

အမျိုးသမီးထံမှ မိမိသိလိုသော အကြောင်းအရာ အချက်အလက်များပေါ်ထွက်လာနိုင်စေရန် စကားများနှိုက်ယူရမည်။

ကြည့်....။

စောစောက ရီကျောင်းနန်သည် မိမိကို စကားတခွန်းပြောသွားခဲ့သည်။

သီးသန့်ပြုစုလိုပါသည်ဟူသော စကား။

၎င်းသည်ပင် မိမိမြှော်လင့်ထားသော အခွင့်အရေးမဟုတ်ပါလော။

၎င်းအခွင့်အရေးကိုရသည်နှင့် မိမိသိလိုရာများကို သိနိုင်မည်ဟူ၍ မှတ်လိုက်သည်။

ယင်းမြှော်လင့်ချက်ဖြင့် ရန်လျူချင်းသည် ရီကျောင်းနန်တို့ ပြန်အလာကို မြှော်နေမိခြင်း ဖြစ်သည်။

သို့တစေ၊ မိချောများက တော်တော်နှင့် ပြန်ပေါ်မလာ။

ကြည့်စမ်း။

ဥယျာဉ်တော်ဝန်း အတွင်း ညှော်ခံပွဲမှ ညှော်သည်များပင် တယောက်ပြီးတယောက်၊ တဦးပြီးတဦး၊ တစုပြီးတစု ထပြန်ကုန်ကြပြီ။

စားပွဲများ၊ ကုလားထိုင်များပင် အများအပြားလွတ်နေကြပြီ။



မိမိနှင့် လူအနည်းငယ်သာကျန်တော့သည်။

အမျိုးသမီးတို့၏ အရိပ်အယောင်ကိုမျှ မမြင်မတွေ့ရသေး။

အဝတ်အစားလဲသည်ဆိုလျှင် သည်မျှလောက်မကြာနိုင်။

မည်သည့်အမှုကိစ္စများ ပေါ်နေလေပြီနည်း။

မိမိအပြန်လမ်းအတွက် ထောင်ချောက်တွေများ ဆင်နေကြလေရော့သလား။

ရန်လျူချင်း စိတ်မရှည်ချင်တော့။

ထိုင်ရာမှ ဖျတ်ကနဲ ထပြီး ရပ်လိုက်မိသည်။

ဥယျာဉ်တော်တဘက်ရှိ မြို့စားကြီးဝှမ်ဆောက်ရန်၏ စံအိမ်တော်အဆောက်အဦကြီးဆီသို့ လှမ်းမြှော် ကြည့်ရှုလိုက်သည်။

လိုက်သွားရကောင်းလေမလား။

သူစဉ်းစားသည်။

သည်စဉ် အဆောက်အဦကြီးဆီမှ တစုံတဦး သူ့ထံသို့ တန်းတန်းမတ်မတ် လာနေသည်။

မည်သူမည်ဝါနည်း။

သဲကွဲစွာမသိရသေးသော်လည်း အမျိုးသမီးတဦးမှန်းတော့ ကွဲပြားသည်။

ရီကျောင်းနန်များဖြစ်လေရော့သလား။ တွေးလိုက်မိပြန်သည်။

သို့သော် လမ်းလျှောက်လာပုံသည် ရီကျောင်းနန်၏ လျှောက်လှမ်းလာပုံမျိုးမဟုတ်။

အနီးသို့ရောက်လာတော့မှပင် အလွန်အမင်းအရုပ်ဆိုးလွန်းလှသည့် အဖွားအိုကြီးတဦးမှန်း သိရတော့သည်။

အဖွားအိုကြီးသည် ရန်လျှူချင်း၏ စားပွဲရှေ့တွင် ရပ်လိုက် ၏။ လက်နှစ်ဖက်ကို ဆုပ်ထား ဂါရဝလည်းပြုလိုက်သည်။

ပြီးမှ....

အိုမင်းသော်လည်း ကြည်လင်သော စကားသံဖြင့် မေး လိုက်၏။

'လူတောင်အတော်နဲ့နေပြီ၊ သခင်ကလေး ညွှန့်ခံပွဲက မပြန် သေးဘူးလား'

ရန်လျှူချင်း ခေါင်းညိတ်သည်။ အဖွားအိုကိုလည်း မသိ သော အကဲခတ်ကြည့်ရှုလိုက်သည်။

'ဟုတ်တယ်အမေကြီး။ ကုပ်လူတယောက်ကိုစောင့်နေတာ'

အဖွားအိုထံမှ တိုးတိုးအုပ်အုပ် ရယ်မောသံတရပ်က ထွက် ပေါ်လာသည်။

'သခင်ကလေးက ရီကျင်းနန်ကို စောင့်နေတာ မဟုတ်လား'

'ဟုတ်တယ် အမေကြီး၊ အမေကြီး ဘယ်လိုများလုပ်ပြီး သိ နေရတာလဲ....'

အဖွားအိုသည် ထပ်မံ၍ တိုးတိုးအုပ်အုပ် ရယ်မောလိုက်ပြန် သည်။

'အမေကြီးက ဘာလို့သိတာလဲ ဟုတ်လား၊ အမေကြီး သိ တာပေါ့သခင်ကလေးရယ်။ ရီကျင်းနန်က ပြောပြထားလို့ပေါ့၊ သခင်ကလေးက ဒီနေ့ရောက်နေပြီး သူ့ကို စောင့်နေမယ်တဲ့လေ'

'ဒါထက် သူကော မလာတော့ဘူးလား အမေကြီး'

'မှန်ပါတယ်သခင်ကလေး၊ ရီကျင်းနန်မလာတော့ပါဘူး....'

'ဒါဖြင့်....'



'ရီကျင်းနန် ပြန်မလာပေမယ့် သခင်ကလေး သူ့ဆီကို သွား နိုင်သားပဲ....'

'အို....ဖြစ်ပါ့မလား အမေကြီးရဲ့'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ သခင်ကလေး၊ သခင်ကလေး သူ့ ဆီကိုကြွလာဖို့ ရီကျင်းနန်က အကြောင်းကြားလိုက်ပါတယ်'

အဖွားကြီးသည် စကားအဆုံးတွင် ရန်လျှူချင်းကို ကြည့်ရှု နေသည်။

ရန်လျှူချင်းသည်လည်း အဖွားအိုကြီးကို ပြန်လည်းစူးစိုက် ကြည့်ရှုလိုက်၏။

အဘယ်ကြောင့်မှန်းမသိ။

အဖွားအိုကြီး၏ အရောင်စူးရှသော မျက်လုံး အစုံသည် ရန်လျှူချင်းအား အတိတ်မှတစုံတရာကို သွားရောက် သတိရစေ သည်။

ကျောရိုးတလျှောက်လည်း စိမ့်ကနဲကြက်သီးသန်းထသွားမိ၏။

ဤအဖွားကြီးသည် မည်သူနည်း။

အဘယ်ကြောင့် သူ၏မျက်လုံးများက မိမိကိုကျောရိုးမျှ စိမ့်သွားရစေသနည်း။ ကြက်သီးထသွားရစေသနည်း။

အဖွားအိုကြီးထံမှ စကားသံထွက်ပေါ်လာပြန်သည်။

'ရီကျင်းနန် စောင့်မြော်နေပါတယ် သခင်ကလေး၊ သခင် ကလေး သူ့ဆီကို သွားတော်မူမည်မဟုတ်ပါသလား'

ရန်လျှူချင်းသည် ငွေ့မျှင်ဝေထဲတွင် မဝေခွဲနိုင် ရှိနေရ သည်၊ ပြီးမှ အခိုင်အမာဆုံးဖြတ်ချက် ချလိုက်ဟန်ဖြင့် ခေါင်း ညိတ်လိုက်၏။

‘ကောင်းပြီ အမေကြီး....ကျုပ် သွားလိုက်ပါမယ်’

‘ဟဲ....ဟဲ....ဟဲ....ဟဲ....။ ဒီလိုမှပေါ့ သခင် ထ လေး ရယ်....။ မြှော်တဲ့လူကလဲ မြှော်ရလှပြီ....’

‘ကောင်းပြီ၊ ရိကျင်းနန်းက ဘယ်အ စောင့်နေမှာတဲ့လဲ....’

‘တဆွေ့ကိုးကောင် ဝင်္ကပါစံအိမ်’

ရန်လျှုချင်းသည် ပုခုံးတချက်တွန့်သွားမိ၏....။ သို့သော်လည်း အဖွားအိုအား ခေါင်းဆတ်၍ပြလိုက်သည်။

## ၃

ကောင်းကင်ထက်တွင် လမင်းသည် ထိန်လင်းအေးမြစွာသာနေသည်။ သို့သော်အနောက်ဘက်သို့ယွင်းငိုက်စပြုနေလေပြီ။

ဤသည်မှာ သန်းခေါင်နီးပြီဖြစ်ကြောင်းပြဆိုနေပေသည်။

ညဥ့်သည် ပကတိတိတ်ဆိတ်၍ နေသည်။

သစ်ရွက်ကလေးများကို လေတိုးဝှေ့သံနှင့် ပိုးအောင်မွှားကောင်ကလေးများ၏ တကျီကျီ မြည်ကျူးသံမျှလောက် သာ ကြားနေရသည်။

မြူခိုးမြူခြည်များသည် ပိုးဇာပုဝါမြှုအလား ညဥ့်ကိုဝန်းရစ်ထားလေသည်။

ညဥ့်နက်လေသည် တသုန်သုန်တိုက်ခတ်နေ၏။

စမ်းချီမြို့ အစွန်ပိုင်း။

ထိန်လင်းသောလရောင်အောက်တွင် မြင်းဖြူကြီးတစီးသည် ခြေကျမှန်မှန်ဖြင့်စိုင်းနှင်နေသည်။

မြင်းမြှုကြီး၏ကျောထက်တွင် လူရွယ်သိုင်းသမားတဦးလိုက်ပါလာခဲ့သည်။

သူကား။

ရန်လျှုချင်း။

ရိကျင်းနန် ချိန်းဆိုသဖြင့် တစ္ဆေကိုးကောင် ဝက်ပါစံအိမ်သို့ထွက်ခွာလာခဲ့ရသော ရန်လျှုချင်း။

ခဏမျှအကြာတွင် ရန်လျှုချင်း စီးနင်းလာခဲ့သော မြင်းမြှုကြီးသည် မြို့စွန်ရှိ ဘုံထွဋ်ပြာသဒ်များဖြင့် အဆောင်ကိုးဆောင်ရှိသည့် စံအိမ်ကြီးတဆောင်ရှေ့သို့ရောက်ရှိလာသည်။

ထိုစံအိမ်ကြီးသည် တစ္ဆေကိုးကောင် ဝက်ပါ စံအိမ်ကြီးပင်ဖြစ်၏။

စင်စစ် ဤအိမ်ကြီး၏ အမည်မှာ ဝက်ပါ စံအိမ်သာဖြစ်သည်။

ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ဤအိမ်ကြီး၏ ပိုင်ရှင်များမှာ တန့်စန့်လုံအမည်ရှိ သိုင်းအကျော်အမော်ကြီးတဦးပင်ဖြစ်၏။

တန့်စန့်လုံသည် လွန်ခဲ့သော နှစ်တရာအတွင်းက ဤဒေသတဝိုက်တွင် ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်တဦး။

သိုင်းပညာအရာတွင် ပြိုင်ဘက်ကင်းရုံမျှသာမက ငွေကြေးဓနဥစ္စာ အရာတွင်လည်း အလွန်အင်း ကြွယ်ဝချမ်းသာသည်။

သို့မို့ကြောင့် ဝက်ပါစံအိမ်လို အဆောက်အဦကြီးကို တခမ်းတနား တည်ဆောက်နေနိုင်ခဲ့ခြင်းဖြစ်သည်။



တည်။

ထိုဘညသည် ဝက်ပါစံအိမ်ကြီးအား အမည်ပြောင်းမှုဖြစ်စေခဲ့သည်။

အကျော်အမော်သိုင်းဝိဇ္ဇာ ဆရာကြီး တန့်စန့်လုံနှင့်သူ၏ဇနီးသာမက သမီးသုံးယောက်နှင့် သားလေးယောက်တို့ပါ မိသားစုဘခုလုံး ရက်စက်စွာ အသတ်ခံခဲ့ရသည်။

ဤမျှသိုင်းပညာ အထွဋ်အထိပ်ရောက်နေသော ဆရာကြီး တန့်စန့်လုံနှင့် မိသားစုတစုလုံးကို သတ်ဖြတ် သွားနိုင်သူအား လူတိုင်းအံ့သြမိကြသည်။ တုန်လှုပ်ချောက်ခြားမိကြသည်။

တန့်စန့်လုံနှင့်မိသားစုတို့သည် မည်သည့်အကြောင်းကြောင့် အသတ်ခံကြရသည်။ မည်သူက သတ်ဖြတ်သွားသည်ကို စုံစမ်းထောက်လှမ်း၍မရကြ။

လူသတ်သမားသည် မြေလျှိုး၍ မိုးပျံသွားသည့် အလား၊ ဤလောကမှ ပျောက်ကွယ်သွားခဲ့သည် ...။

သို့တစေ ဝက်ပါစံအိမ်ကြီးသည် ထိုအချိန် ကာလမှစ၍ တစ္ဆေသူရဲချောက်သည်ဟု နာမည်သတင်းကြီးခဲ့လေတော့သည်။ ကျော်ကြားခဲ့လေတော့သည်။

သတ်ဖြတ်ခံရသဖြင့် သေဆုံးကွယ်လွန် သွားခဲ့ကြရသော တန့်စန့်လုံ မိသားစုတို့သည် ဤအိမ်ကြီးတွင် တစ္ဆေသူရဲဖြစ်ကာ ခြောက်လှန့်နေသည်ဟု လူအပေါင်းတို့ဆိုကြသည်။

ဤစံအိမ်ကြီးတွင် မည်သူမျှနေထိုင်ခြင်း မပြုရဲကြတော့။

ယခုလိုညဘက်များတွင် မဆိုထား။

နေ့ဘက်များမှာပင် အဝေးမှ ကွင်းရှောင် သွားတတ်ကြသည်။

ရန်လျှူချင်းသည် ရိကျောင်းနန်၏ ချိန်းဆိုမှုကြောင့် တစ္ဆေကိုးကောင် ဝက်ပါလ်စံအိမ်ကြီးကို ရောက်ရှိလာခဲ့ပြီ။

ရန်လျှူချင်းသည် မြင်းကျောထက်မှနေ၍ မျက်ဝါး ထင်ထင် တွေ့နေရသော ဝက်ပါလ်စံအိမ်ကြီးကို စူးစိုက်ကြည့်ရှုလိုက်သည်။

သူ့ဦးခေါင်းထဲတွင် အတွေးတို့သည် ထွေပြားနေကြသည်။ ရှုပ်ထွေးနေကြသည်။

ရိကျောင်းနန်သည် အဘယ်ကြောင့် မိမိအား တစ္ဆေချောက်သည်ဟု နာမည်ကြီးသော၊ လူသူတို့ ကွင်းရှောင် ထားသော စံအိမ်ကြီးသို့ ချိန်းဆိုခဲ့ရပါလေသနည်း။

လျှို့ဝှက်သော အကြောင်းအချက်များရှိနေသည်က သေချာပြီ....။

သာမန်ပြုစုယုယမှုမျိုး မဖြစ်နိုင်တော့ကြောင်းသေချာနေပြီ။

ညဥ့်မျက်လုံး တွန့်ချန်နှင့် ပတ်သက်၍လည်း သေချာတန်သလောက်ရှိနေလေပြီ။

သူ နောက်တွန့်နေ၍မဖြစ်တော့။ တွေဝေနေ၍ မဖြစ်တော့။

မိမိသိလိုသော လျှို့ဝှက်ချက်များကို သိရှိနိုင်ရန် စွန့်စားဘို့သာ လိုတော့သည်။

ဖြစ်ပွားပေါ်ပေါက်လာမည့် အန္တရာယ်များကို ရင်ဆိုင်ဘို့သာ ရှိတော့သည်။

သတိတော့ ထားရပေလိမ့်မည်။



ဟုတ်သည်။

ထောင်ချောက်ကို မနင်းမိအောင်တော့ ဂရုစိုက်ရပေလိမ့်မည်။

အရေးဆိုလျှင် ခုခံကာကွယ်နိုင်ရန် အသင့်ဖြစ်၍ နေရမည်။

သတိကို ဆောင်ထားပြီးဖြစ်သော ရန်လျှူချင်း။

မြင်းပေါ်မှ လွှားကနဲခုန်ဆင်းလိုက်သည်။

အဆောက်အဦကြီးကို တချက် မော့၍ကြည့်လိုက်ပြန်သည်။

ပြီးနောက်....

သူ့ကိုယ်သည် လှုပ်ခါသွားသည်။

ကြည့်စမ်း။

သူ ရိပ်ကနဲပျောက်သွားပြီ။

စံအိမ်တော်ခြံဝန်းကိုကာရံထားသည့် တံတိုင်းမြင့်ကြီးထိပ်သို့ စွေ့ကနဲရောက်ရှိလာသည်။

ဟော....

ကြည့်လိုက်စမ်းပါအုံး။

ခြံဝန်းတံတိုင်းထိပ်မှ သူ ပျောက်သွားပြန်ပြီ။

ကြည့်.... ကြည့်။

ခြံဝန်းအကျယ်ကြီးကိုဖြတ်၍ အရိပ်သဏ္ဌာန်တခု စံအိမ်ကြီးရှိရာဆီသို့ တရှိန်ထိုး ပြေးလွှား လှုပ်ရှား သွားနေပါသကော။

ကောင်းလိုက်သည့် ကိုယ်ဖော့ပညာ။

စွမ်းလိုက်သည့် ကိုယ်ဖော့ပညာ။

လေးညို့မှပစ်လွှတ်အပ်သည့် မြှားတစင်းပမာ၊ ရန်လျှူချင်း စံအိမ်ကြီးဆီသို့ ရောက်ရှိသွားရလေပြီ။

စံအိမ်ကြီးအတွင်းသို့ ရန်လျှုချင်း ဝင်ရောက်လာခဲ့သည်။

စံအိမ်ကြီးသည် ချောက်ခြားဘွယ် တင်စွာချောက်သော ကောင်းလောက်အောင်ပင် တိတ်ဆိတ် ငြိမ်သက်၍နေသည်။

ရန်လျှုချင်းသည် စံအိမ်ကြီး၏ အခန်းဆောင်များကိုတထပ်ပြီးတထပ် လိုက်လံရှာဖွေသည်။

စောင့်ဆိုင်းနေပါသည်ဆိုသော ရီကျင်းနန်ကို မတွေ့ရ။

အခြားလူ တစုံတဦးကိုမျှလည်း မတွေ့ရ။

ချောက်လှန့်ရာတွင် နာမည်သတင်း ကျော်ကြားနေသော တန့်စန်လုံ တစ္ဆေမိသားစုကိုလည်း မတွေ့ရ။

စံအိမ်ကြီးတခုလုံး ရန်လျှုချင်းတဦးတည်းသာ ရှိနေသကဲ့သို့ မှတ်ထင်ရသည်။

ချိန်းဆိုထားသော ရီကျင်းနန်သည် အဘယ်အရပ်သို့ရောက်ရှိနေလေသနည်း။

ချိန်းဆိုပြီးမှအဘယ့်ကြောင့် ပျောက်ကွယ်နေရလေသနည်း။

အဆောင်ကိုးထပ်စလုံးပင် ရန်လျှုချင်းသည် စေ့စေ့စပ်စပ်ရှာဖွေပြီးခဲ့လေပြီ။

သူ၏ရှာဖွေမှုကိုတန့်စန်လုံ တစ္ဆေမိသားစုတို့သည် မှောင်ရိပ်ကွယ်ရာမှ ချောင်းမြောင်းကြည့်ရှုနေကြလေမည်လား။

အပေါ်ထပ်အောက်ထပ် နှစ်ကြိမ်တိတိ ပြန်လည်ရှာဖွေလိုက်ရသဖြင့် အချိန်အတော်ကုန်သွားသည်။

သန်းခေါင်လွန်ခဲ့ပြီ။

ရန်လျှုချင်းသည် ရှာဖွေမှုကိုရပ်တန့်ကာ ခေတ္တမျှ စဉ်းစားလိုက်သည်။



ရီကျင်းနန်သည် ထိပ်တန်းလျှို့ဝှက်သိုင်းပညာရှင် အချိုးသမီးတဦး။

သူမ၏အဖေ ပန်းလိပ်ပြာအဖွဲ့ဝင်ကျန် အချိုးသမီးများသည်လည်း ထိပ်တန်း သိုင်းပညာရှင်များပင်။

သို့မို့ကြောင့် အမျိုးသမီးအနေနှင့် မိမိကို အကြောင်းမဲ့မချိန်းဆိုဘန်ရာ။

သို့ဖြစ်လျှင် ရီကျင်းနန်သည် ဤစံအိမ်ကြီး၏ အဘယ်နေရာတွင် ရှိနေနိုင်သနည်း။

တစုံတရာကို သူ သွားသတိရလိုက်ပြန်သည်။

ဝက်ပါစံအိမ်ကြီးသည် မြေပေါ် အဆင့်ကိုးထပ်အပြင် မြေအောက် အထပ်တထပ်သည်းရှိကြောင်း မှတ်မိလာသည်။

မြေအောက်ထပ်သို့ ဆင်းနိုင်မည့် လျှို့ဝှက်ခလုတ်ကို သူ လိုက်လံရှာဖွေလိုက်သည်။

ခဏမျှ ရှာဖွေပြီးသောအခါ ယင်းလျှို့ဝှက်ခလုတ်ကို ရှာဖွေတွေ့ရှိသွားရ၏။

လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်သည်နှင့် ကြမ်းပြင်တွင် ခင်းထားသော ကျောက်ဖျာတနေရာတွင် အပေါက်ကြီးတပေါက် ပေါ်လာသည်။

ထိုအပေါက်မှ အောက်သို့ငုံ့ကြည့်လိုက်လျှင် အောက်ထပ်မြေတိုက်ခန်းဆောင်အတွင်းသို့ ဆင်းနိုင်သည့် ကျောက်သားလှေခါးကြီး။

ရန်လျှုချင်းသည် အထူးသတိထားပြီး လှေခါးအတိုင်းစတင်ဆင်းလာခဲ့သည်။

မြေတိုက်ခန်းသည် အခေါ်ထပ် ခန်းမဆောင်များကဲ့သို့ မဟုတ်။

လူသူများရှိနေသည့် အရိပ်လက္ခဏာများကို တွေ့ရသည်။

မြေအောက်ဘက် ကြမ်းလမ်းတလျှောက်လုံး ပိုးမီးပုံးနီကြီးများကို ထိန်လင်းစွာ ထွန်းညှိထားသည်။

သို့တစေ....

ယခုအချိန်အထိ လူသူတဦးတယောက်တို့၏ မည်သည့် သွားလာလှုပ်ရှားမှုကိုမျှ မတွေ့ရှိရသေး။

စင်္ကြံလမ်းတလျှောက်တွင် အခန်းကလေးများ ရှိနေသည်။

ထိုအခန်းကလေးများသည်လည်း တံခါးများ အသီးသီးပိတ်ထားကာ တိတ်ဆိတ်စွာရှိနေသည်။

အခန်းကလေးများသည် တိတ်ဆိတ်သင့်သည်ထက် ပိုမိုတိတ်ဆိတ်လွန်းနေသဖြင့် ရန်လျှုချင်းစိတ်ထဲမှ သင်္ကာမကင်းဖြစ်လာမိရလေတော့သည်။

ယင်းနှင့်အတူ သူ့အာရုံထဲတွင်လည်း အန္တရာယ်၏ အငွေ့အသက်များကို ခံစားလာမိရပြီ။

သူသည် စင်္ကြံလမ်းအတိုင်း သတိတရားအပြည့်အဝဖြင့် ဆက်လက်လျှောက်လှမ်းလာခဲ့သည်။

အခန်းတစ်အရှေ့သို့ ရောက်ရှိလာခဲ့သည်။

သည်စဉ်။

ကျယ်လောင်သော မြည်ဟီးသံနှင့်အတူ အခန်းတစ် တံခါးသည် ဝုန်းခနဲ ပွင့်ထွက်သွား၏။

'ဝုန်း....'



အခန်းတွင်းမှ အနက်ရောင်သဏ္ဍာန်တခု ရိပ်ကနဲခုန်ကာ လွှားကနဲ ထွက်လာသည်။

အထက်အောက် ဝတ်စုံနက်ကို ဝတ်ဆင်ထားသည့် မိန်းကလေးတယောက်။

ထွန်းညှိထားသည့် စင်္ကြံမှ မီးရောင်ဖြင့် မိန်းကလေး၏မျက်နှာကို ရန်လျှုချင်း တွေ့ရှိလိုက်ရသည်။

သူ့နှုတ်မှလည်း အမည်နာမတခု ပွင့်ထွက်သွားသည်။

'ချိချူထင်'

မှန်သည်။

ထိုအမျိုးသမီးကား ပန်းလိပ်ပြာ နံပါတ်ခုနစ် ချိချူထင်ပင်ဖြစ်တော့သည်။

ချိချူထင်သည် လက်နှစ်ဖက်ကို ခါးတွင် တင်းတင်းထောက်ကာ ရန်လျှုချင်းအား စိမ်းစိမ်းကြီးကြည့်နေသည်။

သူမ၏မျက်နှာသည် မရယ်မပြုံး။

တင်းတင်းတည်တည်။

ထောက်ထားသော လက်ဘဖက်ထဲတွင်ဘော့ နှစ်ဖက်သွားလက်နက်ဆန်းတခုကို ဆုပ်ကိုင်ထားသည်။

ထိပ်တန်း အဆင့်မြင့်ပညာရှင်များသာ အသုံးပြုတတ်သောလက်နက်။

ရန်လျှုချင်းသည် ချိချူထင်အား ပကတိ အေးဆေးတည်ငြိမ်သောအပြုံးဖြင့် ပြုံးပြလိုက်ယင်း....

'မင်းရဲ့အမကြီး ရီကျင်းနန် ဖိတ်ခေါ်ထားလို့ ကိုယ်လာတွေ့တာလေ၊ သူရှိနေတယ်မဟုတ်လား'

ချီချူထင်သည် စကားမပြန်။ သူမ၏မျက်နှာကိုသာ တချက်မဲ့လိုက်သည်။

'ပြောစမ်းပါအုံးကွယ့်၊ မင်းအမကြီး ရှိနေတယ်မဟုတ်သားလို့....'

ရန်လျူချင်းကပြုံးထားသောမျက်နှာဖြင့်ပင် ထပ်၍မေးလိုက်ပြန်သည်။

သို့သော် ချီချူထင်သည် သူ့စကားကို ကြားသည့်ဟန်မပြ။

သို့မို့ကြောင့် ရန်လျူချင်းသည် မိန်းကလေးအား ဆက်လက်မေးမြန်းမနေတော့ဘဲ သူမကို ဖြတ်ကျော်သွားရန် ခြေလှမ်းလိုက်သည်။

ချီချူထင်လက်မှ နှစ်ဖက်သွားလက်နက်သည်ဝင်းကနဲတချက်လက်သွားသည်။

သူမ၏သက်သည် ဝှီးကနဲ မြောက်တက်လာခဲ့သည်။

ရန်လျူချင်း၏ လည်ပင်းဆီသို့ တန်းကနဲဝင်လာခဲ့သည်။

အချိန်က တိုတောင်းလှသည်။

လှုပ်ရှားမှုသည် မျက်တောင်တခတ်မျှမရှိ။

'ဟိတ်....'

ရန်လျူချင်းသည် မာန်သွင်းကြွေးကြော် လိုက်သံနှင့်အတူနောက်ဘက်သို့ ဂျွမ်းပစ်၍ ခုန်ရှောင်ထွက်သွားသည်။

ချီချူထင်၏ ထိုးသွင်းလိုက်သော လက်နက်နှင့်သူ့လည်ပြိုမှာ ပေါ်းလုံးတဖောက်မျှကွာပြီး သိသိကလေး ကပ်လွတ်သွားသည်။

'ဟော့.... ဟော့၊ မိန်းကလေး'

ရန်လျူချင်း အော်ဟစ်၍ သတိပေးသံမဆုံး။



ချီချူထင်သည် သူ့ထံသို့ လွှားကနဲ ခုန်ဝင်လာခဲ့ပြန်ပြီ။ ဓလကြမ်းလည်း တိုက်ခိုက်လိုက်သည်၊ လျှပ်တပြက်အတွင်းသိုင်းကွက် ဆယ့်ရှစ်ကွက်မျှ ပြောင်းလဲသွားသည်။

သူမ၏သိုင်းကွက်များကအဆင့်မြင့်သည်။ ထိပ်တန်းကျသည်။

ရန်လျူချင်းသတိကြီးစွာထား၍ရှောင်တိမ်းကာကွယ်ရသည်။

ချီချူထင်၏ တိုက်ကွက်များမှာ ရန်လျူချင်းလို ပညာရှင်မျိုးဖြစ်သဖြင့်သာ ကာကွယ်နိုင်ခြင်းဖြစ်သည်။

တော်ရုံတန်ရုံဆိုလျှင် အသက်နှင့်ကိုယ် အိုးစားကွဲသွားနိုင်လောက်ပြီ။

ချီချူထင်သည် ဖြုံးစားကြီးဝင်ရောက်တိုက်ခိုက်လိုက်သဖြင့်ရန်လျူချင်းမှာ မိမိကို မိန်းကလေး ဘာ့ကြောင့် တိုက်ခိုက်ခြင်းဖြစ်သည်ကို စဉ်းစားချိန်မရလိုက်။

အဆက်မပြတ်သာ ကာကွယ်နေရသည်။

ဟောကြည့်။

အမျိုးသမီးသည် ဖြုံးစားကြီး ဝင်ရောက် တိုက်ခိုက်သလိုဖြုံးဆနဲ့ပင် အတိုက်ရပ်သွားပြန်သည်။

ပြီးနောက်....

လှစ်ကနဲ အခန်းတွင်းသို့ ပြန်လည် ဝင်ရောက်သွားသည်။ အခန်းတံခါးကလည်း အလိုအလျောက် ပြန်ပိတ်သွား၏။

စင်္ကြံတွင် ရန်လျူချင်းတဦးတည်းသာ ကျန်ရစ်ခဲ့သည်။

ချီချူထင်၏အပြုအမူကို သူနားမလည်နိုင် ရှိနေဆဲ။

ချီချူထင်၊ သို့မဟုတ် တွေးရခက်သော မိန်းကလေး။

ချီချူထင်အကြောင်း တွေးတောနေ၍ မဖြစ်သေး။

ရိကျင်းနန်နှင့်တွေ့ဘို့အရေးက ရှိသေးသည်။
ရန်လျူချင်း ရှေ့သို့ဆက်လက်၍ လျှောက်လာခဲ့သည်။
'စုန်း....'
ကြည့်စမ်း။
အခန်းနံပါတ်နှစ်၏ တံခါးပွင့်သွားပြန်ပြီ။
အခန်းတွင်းမှ အနက်ရောင်နှင့် မိန်းကလေးတဦး လှသွားကနဲ ခုန်ထွက်လာခဲ့ပြန်သည်။
သူမ၏မျက်နှာက ရွှင်ရွှင်ပျပျ၊ ရယ်ရယ်မောမော။ သွားတက်ကလေးများအဖွေးသား။
သူမ၏လက်ထဲတွင် အဲမောင်း လှံပုံ့တစင်း။
မိန်းကလေးသည်ရန်လျူချင်းရှေ့တွင်အသာအယာရပ်ယင်း ဦးညွှတ် အရိုအသေပြုလိုက်သည်။
မိန်းကလေးက သူမကိုယ် သူမ မိတ်ဆက်ပေးမည် ပြုစဉ် ရန်လျူချင်းက ဖြတ်၍ ပြောလိုက်၏။
'မင်းကို ကိုယ်သိပါတယ်လေ။ မင်းက ပန်းလိပ်ပြာအဖွဲ့ဝင် အမှတ်ခြောက် ချင်းချင်းမဟုတ်လား'
'အော်....အရှင်က ကျွမကို မှတ်မိပေသားဘဲ'

လွင်စာပေ
အမှတ် ၁၃၀ ဗိုလ်လမ်း၊
ရှင်ရုံအနီး-တောင်ငူမြို့

ပန်းလိပ်ပြာအဖွဲ့ဝင် ဆဋ္ဌမမြောက် မိန်းကလေး။
ချင်းချင်း။
သူမနှုတ်ခမ်းအစုံက ပြုံးနေသည်။
သို့တစေ မျက်လုံးများကတော့ အရောင်တဖိတ်ဖိတ်တောက်လက်နေသည်။
ယင်းမျက်လုံးများအထွင်းတွင် လျှို့ဝှက် သိပ်သည်းမှုများ အပြည့်အဝ တည်ရှိနေကြသည်။
သူမ၏မျက်နှာက ပြုံးရွှင် ချိုမြနေသဖြင့် ရန်လျူချင်းကလည်း ပြုံးထားသည်။
'အရှင့်ကိုတွေ့ရတာ ကျွမ သိပ်ဝမ်းသာမိပါတယ် အရှင်'
'ကိုယ်ကလဲ ထိုနည်းအတိုင်းပါဘဲတဲ့ကွယ်။ ဒါထက် မင်းတို့အမကြီး ရိကျင်းနန်တယောက် ဘယ်ဆီမှာများ ရှိနေပါလိမ့်

'အမကြီးရိကျင်းနန်နဲ့မတွေ့ခင် ဟောဒီ လှံသွားကလေးနဲ့ တွေ့လိုက်ပါအုံး အရှင့်သား'

ချင်းချင်းသည် လှံတံကို တဝှီးဝှီးမြည်အောင် ဝှေ့ရမ်းလိုက်သည်။

လှံရိပ်ပေါင်းများစွာ ထွက်ပေါ်လာသည်။

ဘယ်ဟာအရိပ်၊ ဘယ်ဟာလှံတံအစစ်ဟူ၍ ခွဲခြားဖော်ပြခြင်းငှာပင် မစွမ်းနိုင်တော့။

'လာပြီ....'

အော်ဟစ် ကြွေးကြော်လိုက်သံနှင့်အတူ အမျိုးသမီးသည် ရန်လျှုချင်းကို စတင် တိုက်ခိုက်လေတော့သည်။

လှံသွားနှင့် အဆက်မပြတ်ထိုးသည်။

လှံရိုးနှင့် အဆက်မပြတ်ရိုက်သည်။

ရန်လျှုချင်း ရှောင်သည်၊ တိမ်းသည်၊ ခုခံကာကွယ်မှုပြုယင်း ချင်းချင်းလက်ထဲမှလှံတံကို လုယူရန်ကြံစားသည်။

သို့သော် ချင်းချင်းသည်လည်း ထိပ်တန်းပညာရှင်။

မိန်းကလေး၏ ခြေလှမ်းအနှုတ်အသိမ်း လှုပ်ရှားမှုများသည် အလင်းရောင်၏ မြန်ရှိန်နှုန်းဝမျှ ရှိနေသည်။

ထို့ကြောင့် ရန်လျှုချင်း၏ အကြံမအောင်။

ခုခံကာကွယ်မှုမှ တိုက်စစ်သို့ပြောင်းလဲရန် ရန်လျှုချင်း ဆုံးဖြတ်လိုက်သည်။

ခါးစည်းကြိုးမှ ကျောက်စီဓားမြှောင်ကို ဆွဲနှုတ်လိုက်သည်။

ချင်းချင်းကမူ အဆက်မပြတ်တိုက်ခိုက်နေဆဲ၊



လှံသိုင်းပညာစွမ်းထက်လှသော မိန်းကလေးကို ရန်လျှုချင်း အံ့သြနေမိရသည်။

'ကဲ....လာပြီဟေ့....မိစ္ဆာမလေး'

ရန်လျှုချင်းဓားမြှောင်သွားနှင့်အတူ ချင်းချင်းထံသို့ ရိပ်ကနဲ ခုန်ဝင်လိုက်သည်။

ချင်းချင်းသည် ကြောင်ရိုင်းမလေးတကောင်အလား လွှားကနဲ နောက်သို့ ခုန်ဆုတ်သွားသည်။

အခန်းနံပါတ်နှစ်အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ရန်လျှုချင်း။

အခန်းတွင်းသို့ ဝင်လိုက်ရန် ခြေလှမ်းရွယ်မည်ကြံစဉ် တံခါး ဘ ဝုန်းကနဲပြန်ပိတ်သွားသည်။

တံခါးကိုအားသုံး၍ ဖွင့်မည်ပြင်လိုက်သည်။

ညာလက်သီးကိုဆုပ်လိုက်သည်။

တကိုယ်လုံးရှိခွန်အားမှန်သမျှကို လက်သီးအတွင်းသို့အတွင်းနည်းစနစ်ဖြင့် ပို့လိုက်သည်။

လက်သီးနှင့်တံခါး ဝုန်းကနဲထိလိုက်သည်နှင့် ဒိုင်းကနဲ ပွင့်သွားရမည်။

လက်သီးကို တံခါးဆီသို့ ထိုးသွင်းရန် ချိန်ရွယ်လိုက်စဉ်.... နောက်ဘက်မှ အသံတသံပေါ်လာသည်။

'တဆိတ်ကလေးသည်းခံပါအရှင်'

ရန်လျှုချင်းသည် နောက်သို့ဆတ်ကနဲလှည့်ကြည့်လိုက်သည်။

လက်သီးအတွင်းသို့ပို့ထားသော အင်အားများကို ပြန်လည် ရုပ်သိမ်းလိုက်ရသည်။

အခန်း နံပါတ်သုံး၏တံခါးမှာ ပွင့်၍နေလေပြီ။

တံခါးတောင်ဘွင် မိန်းကလေးတယောက်မှီပြီးရပ်နေသည်။

သူသည်လည်း အသက်အောက်ဝတ်စုံအနက်နှင့်။

မိန်းကလေး၏မျက်နှာကမခို့တရို့။ ရယ်ရွှင်ပြုံးတုံ့မပြုံးတုံ့။

လက်ထဲမှ ရွှေရောင်တဖျပ်ဖျပ် ဝင်းနေသည့် ယပ်တောင် ကလေးကို ဖြန့်လိုက်စုလိုက်ဖြင့် ကစားနေသည်။

ယပ်တောင်ကိုမြင်ရုံဖြင့် ရန်လျှူချင်း မိန်းကလေး၏ အရည် အသွေးကို သိရှိလိုက်မိပြီ။

မရဏယပ်တောင်ဒေဝီ။

ယပ်တောင်အသွားကလေးများသည် အထက်ဆုံး ဓားသွား ထက်ပင် ပိုမိုထက်မြက်နေကြသည်။ ကြောက်စရာ ကောင်းလွန်း လှသော လက်နက်တမျိုး။

ရန်လျှူချင်းအကဲခတ်ကြည့်ရှုနေစဉ် မိန်းကလေးကတံခါးဝ မှခွာပြီး ခတ်မတ်မတ်ရပ်လိုက်သည်။ နေစက်ရှိသော သေးစား သည့် အမူအယာဖြင့် ဦးညွှတ်လိုက်၏။

'ကျွမ နံမယ်က အူရှန်းယွန်ပါအရှင်။ ပန်းလိဂ်ပြာ အဖွဲ့ဝင် နံပါတ် ငါးပါ....'

'အင်း....မင်းကလဲ ကိုယ့်ကို ပညာစမ်းအုံးမလို့ပေါ့လေ....။ ဖုတ်လား မိန်းကလေး'

မိန်းကလေးက မခိုးမခန့် ပြုံးလိုက်သည်။ ခေါင်းတချက် ဆတ်ပြီး မချိမချဉ်လေသံဖြင့် ပြောလိုက်သည်။



'အမှန်ပါဘဲတဲ့အရှင်'

'ကဲ ဒီတခါတော့ မင်းအလာကို ကိုယ်မစောင့်တော့ဘူးကွာ'

ရန်လျှူချင်းသည် စကားအဆုံး အူရှန်းယွန်ဆီသို့ လွှားကနဲ ခုန်ဝင်လိုက်သည်။

အူရှန်းယွန်က ရွှေယပ်တောင်ကို ဖျန်းကနဲ ဆွဲဖြန့်ယင်း.... ရန်လျှူချင်းကို ခုတ်မိုးချလိုက်သည်။

ရန်လျှူချင်းသည် ဓားမြှောင်ဖြင့် ဆီး၍ခံလိုက်၏။

'ချွင်....ဒလဲ'

ရန်လျှူချင်းလက်ထဲမှ ဓားမြှောင်ထက်ပိုင်းကျိုးသွားပြီ။

အူရှန်းယွန်သည် ယပ်တောင်ကို ဖွင့်လိုက်ပိတ်လိုက်ဖြင့် သိုင်း ကွက်များကို တကွက်ပြီးတကွက်ထုတ်ခင်းယင်း အဆက် မပြတ် တိုက်ခိုက်သည်။

ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလွန်း လှသော သိုင်း ကွက်များ။

ပထမပိုင်းတွင် ရန်လျှူချင်းသည် မိန်းကလေး၏ သိုင်းကွက် များကို ရှောင်တိမ်းခုခံကာကွယ်သည့် အဆင့်မျှသာပြုသည်။

ထိုသို့ ရှောင်တိမ်းခုခံကာကွယ်ယင်းမှ နောက်ဆက် တဖြေး ဖြေးဆုတ်လာခဲ့ရာ နံရံနှင့်ကျောကပ်သွားမိရသည်။

ဆက်လက်ရှောင်တိမ်းနေလို့မဖြစ်တော့။

သူ၊တိုက်စစ် ဆင်ရတော့မည်။

သိန်းစွန် လက်ဝါးသိုင်းတကွက်ကို သူထုတ်၍ သုံးလိုက်ရ တော့သည်။

'ဝှီး....ဖျန်း'

သုံးလိုက်ရသည့်အားရှိန်က ပြင်းပြခက်ထန်သည်။ ပတ်ဝန်း
ကျင်းရှိလေထု တုန်ခါသွားသည်။

အူရှန်းယွန်သည် ရန်လျူချင်းအပေါ်မှ လှစ်ကနဲ ခုန်လွှား
ပျောက်ကွယ်သွားလေသည်။

အခန်းနံပါတ်သုံးတံခါးကို ပြန်မပိတ်နိုင်မီ ရန်လျူချင်း
တရှိန်ထိုး လိုက်ဝင်ဘို့ ကြိုးစားလိုက်သည်။

'ဝှီး... ဒေါက်....

တံခါးပေါက်ကို ဇာနံ့လနံ့ဖြတ်ပြီး ဓားရှည်တစင်းလာရောက်
စိုက်ဝင်သွားသည်။ ဝင်ပေါက်ကိုပိတ်လိုက်သလို ဖြစ်သွားသည်။

ရန်လျူချင်း တုန့်ကနဲအရှိန်သတ်လိုက်ရ၏။

ဓားလာရာလမ်းကြောင်းကို ချာကနဲလှည့်ကြည့်လိုက်သည်။

အခန်းနံပါတ်လေ တံခါးသည် ပွင့်နေပြီ။

သို့တစေ....။

မည်သူတဦးတယောက်ကိုမျှမတွေ့ရ။

'အဟင်း....ဟင်း....ဟင်း....။ ဟိ....ဟိ....ဟိ....။ ခစ်....ခစ်....
ခစ်....'

အခန်းနံပါတ်လေးအတွင်းမှ ရယ်သံ အုပ်အုပ် တလေးအ
ခတ်လွင်လွင် ထွက်ပေါ်လာသည်။

ရန်လျူချင်း ဆုံးဖြတ်ချက်ချလိုက်သည်။

အူရှန်းယွန်နောက်သို့မလိုက်တော့။

လိုက် လျှင်လည်း တွေ့နိုင်ဘို့မလွယ်။

အခန်းတိုင်းအခန်းတိုင်း လျှို့ဝှက် တံခါးများရှိနေကြောင်း
သိထားရသည်။



ထို့ကြောင့် သူသည် ခြေလှမ်းကို အခန်းနံပါတ်ငါးဆီသို့
ဦးတည်လိုက်သည်။

ရယ်သံကလေးများက အဆက်မပြတ်ထွက်ပေါ်နေဆဲ။

တံခါးပေါက်အဝမှ အခန်းတွင်းသို့အသာကြည့်လိုက်သည်။

တံခါးဝအနီးရှိ ကုလားထိုင်ဘလုံးထက်တွင် မိန်းကလေး
တဦးထိုင်နေသည်။

သူမသည်လည်း အနက်ရောင် ဝတ်စုံများကိုဝတ်ဆင်ထား
သည်။

မိန်းကလေးသည် ရန်လျူချင်းဘက်သို့ ကျောခိုင်း၍ ထိုင်
နေခြင်းဖြစ်၏။

ရန်လျူချင်းသည် မိန်းကလေး နောက်ကျောဘက်မှကြည့်
ယင်းမေးခွန်းထုတ်လိုက်သည်။

'ဘယ်လိုအကြောင်းတွေကြောင့်များ တယောက်ထဲ ကြိတ်
သဘောကျနေရတာလဲအမိရဲ့'

ရန်လျူချင်း၏အသံသည်တိုးတိုးတိတ်ငြင်သာစွာရိုးစားဦးအား
ပြောလိုက်သော လူပျိုကလေး၏စကားသံကဲ့သို့။

မိန်းကလေး အရယ်ရပ်သွားသည်။ သိမ့်သိမ့်ခါနေသော
ပုခုံးကလေးများ ငြိမ်သက်သွားသည်။

နောက်သို့လှည့်မကြည့်ဘဲအသံမျှင်မျှင်ကလေးဖြင့်ရန်လျူချင်း
ကိုပြန်မေးလိုက်သည်။

'ကျမကိုမေးတာလား အရှင်'

'ဒါပေါ့ကွယ်။ ဒါပေါ့။ မင်းကိုမေးတာဘဲပေါ့'

'ကျမနံမယ်က အမိမှမဟုတ်ဘဲ'

'အေးပါလေ။ မင်းနဲ့မယ် ကျန်းကျန်းဖြစ်လိမ့်မယ်လို့ကိုယ်ထင်ပါတယ်'

'အရှင်တော်သားဘဲ။ လူကဲခတ်မဆိုးလှဘူး'

'မင်းကပန်းလိပ်ပြာ နံပါတ်လေး မဟုတ်လား'

'အရှင့်အတွေး အခေါ်မဆိုးပါဘူး။ ဒါပေမယ့်....'

'ဆိုပါအုံးကွယ့်။ ဘာဖြစ်သလဲ'

'ကျမတို့နဲ့ပတ်သက်ပြီး အရှင်မသိသေးတာတွေအများကြီးရှိတယ်'

'ဘာတွေများလဲ။ ဘယ်လိုမသိတာလဲ'

'လောလောဆယ်ကျမတခုတော့ပြောမယ်လေ'

'အင်း....ပြော'

'ကျမနဲ့ ပတ်သက်ပြီးတော့ပေါ့'

'ဆို....'

'ကျမဒါနှစ်လက်သိုင်းကို ကောင်းကောင်းကြီးကျွမ်းတယ် ဒါကို အရှင်ယုံအောင် လက်တွေ့ပြမယ်လေ'

'ငါယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ။ မင်းအတွက် ဘယ်လိုများအကျိုးပိုထူးလာမှာလဲကျန်းကျန်း'

မိန်းကလေးသည် တချက်ရယ်မောလိုက်ပြန်၏။ ပုခုံးကလေးများခါလှုပ်သွားပြန်သည်။

'ကျမအတွက်သာမကပါဘူးလေ။ ကျမတို့အဖွဲ့ပါ အများကြီးအကျိုးထူးပါတယ်'

'အင်း....ဘယ်လိုထူးမယ့်အကျိုးတရားတွေလဲကွယ့်'



မိန်းကလေးထံမှ စကားသံထွက်ပေါ်မလာတော့။

ထိုင်ရာမှအသာထ၍ငုပ်လိုက်သည်။

သူ၏ကိုယ်လုံး နှင့်ကွယ်နေသော လက်နှစ်ဖက်တွင်ဓါးတလက်စီကိုင်ထားကြောင်း ရန်လျှုချင်း မြင်တွေ့လိုက်ရသည်။

နောက် မိန်းကလေး၏မျက်နှာသည်သူ့ဘက်သို့ တဖြေးဖြေးခြင်းလှည့်၍လာသည်။

ကျန်းကျန်း၏ မျက်နှာကို မြင်လိုက်ရသည်နှင့်ရန်လျှုချင်းမျက်လုံးအပြူးသားဖြစ်သွားမိပြီ။

အံ့သြသော အကြည့်ဖြင့်လည်း ပါးစပ် အဟောင်းသားငေးမောကြည့်ရှုနေမိသည်။

ကျန်းကျန်းသည် မခန့်ပြုံးတရပ်ကို ပြုံးလိုက်၏ ပြုံးရာမှ ချက်ချင်း တည်သွားပြန်သည်။

တအံ့တသြရှိနေဆဲဖြစ်သော ရန်လျှုချင်းသည်စကားတခွန်းကိုအဆက်အစပ်မရှိဘဲ တီးတိုးရွတ်ဆိုလိုက်မိသည်။

'ဘုရား....ဘုရား။ သိပ်တူနေပါလား'

ထိုအသံကို ကျန်းကျန်း ကြားသွားရသည်၊ ထို့ကြောင့်သူမက မေးလိုက်သည်။

'ဘာတွေများ၊ တူနေရတာလဲ အရှင်'

'မင်းရဲ့မျက်နှာလေး'

'ကျမမျက်နှာဟုတ်လား။ ကျမမျက်နှာက ဘာဖြစ်နေလို့လဲ'

'ကိုယ်နဲ့ရင်းနှီးကျွမ်းဝင်ခဲ့ဘူးတဲ့ မိန်းကလေး တယောက်မျက်နှာနဲ့ မင်းမျက်နှာက သိပ်တူနေတာဘဲကွယ်၊ လူချင်းမှား

နိုင်လောက်အောင်ကိုတူတယ်၊ အင်းလေ၊ မင်းက အရုပ်က
လေး နဲ့နဲ့ပိုပြီး ရှည်သလိုလိုရှိတာတခုဘဲကွာတယ်'

'ဘယ်က မိန်းကလေးလဲ'

'သူ့နံမယ်က ရိလျှံတဲ့ကွယ်။ ရှင်းဝါတောင်ခြေက
ထန့်ကျင်အရပ်ဒေသမှာနေတယ်။ မင်းတို့နှစ်ယောက် ဆုံမိကြ
ယင် တယောက်ကိုတယောက် ကြည့်ပြီး အံ့သြမိကြမှာအမှန်ဘဲ'

'အင်းလေ။ ကျုပ်တို့နှစ်ယောက် ဆုံမိမှဘဲ အရှင်ပြောတာ
ဟုတ်မဟုတ် သိကြရဦးမှာပေါ့။ လောလောဆယ်တော့
ကျုပ်သိချင်တာတခုကို အရင်သိအောင်လုပ်ရအုံးမယ်'

'ဆိုစမ်းပါအုံး။ မင်းကဘာများ သိချင်ရတာလဲ'

'အရှင်က သိုင်းပညာ အရည်မှာ ပြိုင်ဘက်ကင်းလောက်
အောင် အစွမ်းထက်တဲ့ သူတယောက်လို့ ကျုပ်ကြားသိထားခဲ့ဘူး
ပါတယ်၊ အဲဒါဟုတ်မဟုတ် သိချင်နေမိတယ်'

'မင်းကဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

ကျန်းကျန်း။

စကားနှင့်မပြေ။

စွန့်ရဲတကောင်ပျံဝဲလာသည့်အသား ရန်လျူချင်းဆီသို့ခိုပ်
ကနဲဝင်လာသည်။

ပြင်းထန်သော ဓါးနှစ်လက် တိုက်ကွက်များဖြင့် ထိုးစစ်ဆင်
တိုက်ခိုက်လေတော့သည်။

'ဝှီး....ရှီ ... ရှမ်း....'

'ဝှမ်း....ရွတ်'

'ဝှစ်....ဝှစ်....ဟွတ်'



ကျန်းကျန်း၏ ဓါးချက် ဓါးကွက်များသည် သွက်လက်
သလောက် မြန်ဆန်လွန်းလှသည်။

ဓါးနှစ်လက်သည် ကျန်းကျန်း၏ လက်ထဲတွင် ပျောက်၍
နေလေပြီ။

လေဘိုးသံ တဝှစ်ဝှစ်ကသာ အဆက်မပြတ် ထွက်ပေါ်နေ
သည်။

ရန်လျူချင်းကလည်း မိန်းကလေး၏ တိုက်ကွက် များ ကို
သွက်လက်ဖျတ်လတ်စွာ ရှောင်တိမ်းနေသည်။

လက်နှစ်ဖက်ကို အနေအထား အမျိုးမျိုးသို့ပြောင်းလွှဲကာ
ဒလစပ်လှုပ်ရှားနေသည်။

ကျန်းကျန်းကို အပိုင်ကိုင်နိုင်ရန် လစ်ကွက် ဟာကွက်ကို
ချောင်းသည်။

စက္ကန့်ပိုင်းအတွင်း တိုက်ယင်း၊ ခိုက်ယင်း၊ ရှောင်တိမ်း
ယင်း နှစ်ဦးသား အခန်းပြင်ဘက်သို့ ရောက်လာကြသည်၊

'ဟိတ်....'

'ဖျန်း....'

'အ....'

'ဒလံ....'

ဓားချက်ဓားကွက်များ အနူတ်အသိမ်းမြန်ဆန်လွန်းလှသည့်
အကြားမှပင် ရန်လျူချင်း၏ လက်ဝါးစောင်း တချက်က
ကျန်းကျန်းလက်ကောက်ဝတ်ပေါ်သို့ ကျသွားသည်။

မိန်းကလေးနူတ်ဖျားမှ ညည်းတွားသံနှင့်အတူ ဓားတစင်း
လွတ်ကျသွားသည်။

ကျန်းကျန်း လွတ်ကျသွားသော ဓား ကြမ်းပြင်သို့ မရောက်မီ ရန်လျှုချင်းက ခြေဖျားဖြင့်ခတ်ပြီး သူ့လက်ထဲသို့ ရောက်ရှိစေလိုက်သည်။

ရန်လျှုချင်းသည် ယင်းဓားဖြင့် ကျန်းကျန်းကို ပြန်လည်တိုက်စစ်ဆင်မည်ပြုလိုက်စဉ်....

'ရှမ်း....'

နောက်ကျောဘက်မှ ကျယ်လောင်သော မြည်သံနှင့်အတူ တစုံတရာက သူ့ဆီသို့ မြွေဆိုးတကောင်အလား အလျင်အမြန် တိုးဝင်လာသည်။

ရန်လျှုချင်း လွှားကနဲခုန်ရှောင်ယင်း နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ကြာပွတ်တချောင်း။

အဆက်ကိုးဆက်ပါသော ကြာပွတ်နက်ကြီးတချောင်း။

ယင်းကြာပွတ်သည် ဝတ်စုံနက်နှင့် မိန်းကလေးတဦး၏ လက်ထဲတွင် ရှိနေလေသည်။

မိန်းကလေးသည် အခန်းနံပါတ်ငါး တံခါးပေါက်ရှေ့တွင် ရပ်ယင်း ရန်လျှုချင်းကို ပြုံးရွှင်သောမျက်နှာထားဖြင့် ကြည့်နေလေသည်။

ရန်လျှုချင်းမျက်လုံးများက ကျန်းကျန်းဘက်သို့ ပြန်လှည့်လိုက်သည်။

သို့သော် ကျန်းကျန်းသည် ရှိမနေတော့။ အခန်းနံပါတ်လေး တံခါးပိတ်သွားသည်ကိုလည်း တွေ့လိုက်ရသည်။



ရန်လျှုချင်း ကြာပွတ်ရှင်မိန်းကလေးဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

မိန်းကလေးသည် မလှုပ်မယှက် အနေအထားဖြင့် သူ့ကို ခတ်ပြုံးပြုံးကြည့်နေဆဲ။

'မင်းက ပန်းလိပ်ပြာအဖွဲ့ဝင်နံပါတ်သုံး ညီအမ အားတက် ဆိုပါတော့'

မိန်းကလေးသည် မှန်ကန်ပါကြောင်း ဦးခေါင်းကို ညွှတ်၍ ပြလိုက်သည်။

'ဒီညအဘို့တော့ မင်းတို့ ငါ့ကိုပညာစမ်းတာနဲ့ဘဲ မိုးလင်းသွားလိမ့်မယ်တူပါရဲ့'

ရန်လျှုချင်းသည် ညည်းညည်းညူညူဖြင့် ရွတ်ဆိုလိုက်မိသည်။

အားတက်အမည်ရှိ မိန်းကလေးကပြုံးလိုက်သည်။ ပြီးနောက် သွက်လက်ချက်ချာစွာလည်း ပြန်ပြောလိုက်သည်။

'ကျမတို့ရဲ့ပညာကိုလဲ အရှင်သိချတာပေါ့'

'မင်းတို့နဲ့တော့ မလွယ်ဘူးထင်တယ်'

'ရှမ်း.... ရှမ်း.... ရှမ်း.... ရှမ်း'

အားတက်သည် စကားမဆက်တော့ဘဲ သူမလက်ထဲမှ ကြာပွတ်ကို အဆက်မပြတ် အသုံးချတိုက်ခိုက်လေတော့သည်။

သူမ၏ ကြာပွတ်ရိုက်ချက်များကား ကြောက်မက်ဘွယ်ရာ ကောင်းလှန်းလှတော့သည်။

အဆိပ်ပြင်းသော မြွေဆိုးတကောင်၏ တိုက်ခိုက်မှုကို ခံနေရသည့်ပမာ။

ကြာပွတ်တချောင်းလုံး သံမဏိသွားများဘပ်ဆင်ထားသဖြင့် ထိလိုက်မိသည်နှင့်တပြိုင်နက် အသားမှာ ဟက်ဘက်ကွဲ၍ သွားနိုင်သည်။

ရိုက်ချက်အန္တတ်အသိမ်းက မြန်ဆန်သည်။

ထို့ကြောင့် ရန်လျှူချင်း ဂရုဘစိုက်ရှောင်တိမ်းနေရသည်။

သူ့တသက်တာတွင် ကြာပွတ်ကိုယခုကဲ့သို့ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချ တိုက်ခိုက်တတ်သည့် မိန်းကလေးမျိုး တဦးတယောက်မျှ မတွေ့ဘူး၊ မကြုံဘူးခဲ့။

ယောကျ်ားကြာပွတ်သမားများပင် သူမကဲ့သို့ ကျွမ်းကျင်စွာ အသုံပြုတိုက်ခိုက်တတ်မည်မထင်။

ရန်လျှူချင်းသည် သတိကြီးစွာထား၍ အားတက်၏ ရိုက်ချက်များကို ရှောင်တိမ်းနေရသည်။

တချက်ကလေး၊ တကွက်ကလေးလစ်လိုက်သည်နှင့် မိမိအသက်ပျောက်သွားမည်မှာ သေချာနေသည်။

မိန်းကလေး၏ ပညာစွမ်းကြောင့် အနီးသို့ ဝင်နိုင်ရန်ပင် မလွယ်ကူ။

အားတက်သည် ဘာကြောင့်မှန်းမသိဘဲ သဘောကျစွာ တချက်ရယ်မောယင်း ကြာပွတ်ကိုဆတ်ဏနဲရုတ်သိမ်းလိုက်သည်။

ပြီးနောက် အခန်းနံပါတ်ငါးအတွင်းသို့ဖျတ်ကနဲ ခုန်ဝင်ပျောက်ကွယ်သွားသည်။

အခန်းတံခါးကလည်း အလိုအလျောက်ပိတ်သွား၏။

ရန်လျှူချင်းသည် နဖူးပြင်မှစို့နေသောချွေးကို ပုဝါစဖြင့် သုတ်လိုက်သည်။



မိန်းကလေးများ၏ အဆက်မပြတ်ပညာစမ်းမှုကြောင့် စိတ်ပင်ပျက်ချင်သလိုလို ဖြစ်နေမိရပြီ။

ပန်းလိပ်ပြာ ညီအမခုနစ်ဖော်အနက် ငါးယောက်ကတော့ သူ့ကိုပညာစမ်းပြီးကြပြီ။

ရီကျင်းနန်နှင့် အခြားတဦးသာ ကျန်တော့သည်။

သူတို့ကကော ပညာစမ်းကြဦးမှာလား။

ရန်လျှူချင်းသည် အခန်းခြောက်နှင့် ခုနစ်ကို မြှော်ကြည့်လိုက်သည်။

အခန်းများသည် တံခါးပိတ်ထား၏။

မည်သည့်ထူးခြားမှုမျှလည်းမရှိ။

ပကတိတိတ်ဆိတ်ငြိမ်သက်စွာ။

သူသည် ခေတ္တမျှရပ်ယင်း တွေးတောစဉ်းစားနေစဉ် အခန်းနံပါတ်ခုနစ်ဆီမှ ညို့မြူရိပ်အပြည့်အဝဆောင်ထားသော အသံလွင်လွင်ကလေးတရပ်က ထွက်ပေါ်လာသည်။

'ဘာတွေများစဉ်းစားနေရတာလဲ အရှင်။ အရှင့်ကို ကျမစောင့်မြှော်နေရတာကြာလှပါပြီ၊ လာခဲ့ပါတော့လားအရှင်ရယ်'

လူကိုမမြင်ရသော်လည်း အသံရှင် မည်သူမည်ဝါဖြစ်မှန်း ရန်လျှူချင်း သိရှိလိုက်သည်။

ရီကျင်းနန်။

ရီကျင်းနန်၏အသံ။

ရန်လျှူချင်းသည် တွေးတောစဉ်းစားမှုကို ရုပ်သိမ်းလိုက်သည်။

ရီကျင်းနန်ထံသို့ရောက်အောင် ဆက်လက်၍ သွားမည်။

လွှဲ ၈၁၆၀
ဆက် ၁၃၀ ဖြတ်




ရန်လျှုချင်း ခြေလှမ်း ရှေ့သို့ဆက်လှမ်းလိုက်သည်။

အခန်းနံပါတ်ခြောက်ရှေ့သို့အရောက် သတိထားလိုက်သော သည်။

သို့သော် မည်သို့မျှ ထူးခြားမှုမရှိ။

ပန်းလိပ်ပြာအဖွဲ့ဝင် အခြားမိန်းကလေးများအားလုံး မိမိကို ပညာစမ်းပြီးကြပြီ။

ယခု အဖွဲ့ဝင်အမှတ်နှစ်ကလည်း မိမိကို ပညာစမ်းမည်မှာ သေချာနေပြီ။

ငြိမ်ချက်သားကောင်းနေခြင်းကို ရန်လျှုချင်းမကြိုက်။

မုန်တိုင်းတိုက်ခါနီး ငြိမ်သက်နေမှုမျိုးကို သဘောမကျ။

သည်တခါတော့ သူသည် အခန်းနံပါတ်ခြောက် တံခါးကို ခေါက်လိုက်၏။

'ဒေါက်....ဒေါက်....ဒေါက်....ဒေါက်'



အခန်းတွင်းမှ မည်သည့်တုန့်ပြန်မှုမျိုးမှ ပြန်မလာ။

ရန်လျှုချင်းသည် အခန်းတံခါးကို လက်သီးဖြင့် ထုလိုက်ပြန်သည်။

'ဒုန်း....ဒုန်း....ဒုန်း....ဒုန်း'

'ဒီမှာ.... ဒီမှာ၊ အထဲကအမိ'

တံခါးကိုထုံယင်းလည်း အသံမြှင့်၍ ခေါ်လိုက်သည်။

တံခါးသည် စေ့ထားသည့်အလား အသိုအလျောက် ပွင့်ထွက်သွားသည်။

အခန်းတွင်းတွင် မှောင်ပိန်းနေသည်။

အလင်းရောင်ထဲတွင် ရပ်နေသည့် ရန်လျှုချင်း။

အခန်းတွင်းမှ မည်သည့်အရာကိုမျှ မမြင်ရ၊

အမှောင်နှင့်မဲမဲ။

သူသည် ထိုအမှောင်တွင်းကိုပင် အကဲခတ် စူးစိုက်ကြည့်ရှုနေသည်။

သည်စဉ်အခိုက် အမှောင်တွင်းမှ မီးခဲပို ရဲရဲနီနေသော အလုံးနှစ်လုံးကို မြင်လိုက်ရသည်။

ထိုအလုံးနှစ်လုံးသည် အရောင်တဖျပ်ဖျပ် တောက်လက်ကာ လှုပ်ရှားနေသည်။

သူရှိရာ အခန်းပေါက်ဝဘက်သို့ တရွေ့ရွေ့လာနေသည်။

ရန်လျှုချင်းသည် ထိုအလုံးနှစ်လုံးကိုမျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ရှုနေမိသည်။

ရွေ့လျားလှုပ်ရှားနေသော အလုံးနှစ်လုံး ...

တံခါးဝအနားသို့ ရောက်လာခဲ့ပြီ၊

သည်အခါမှ ထိုအရာဝတ္ထုနှစ်ခုသည် ကြောင်တကောင်၏ မျက်လုံးအစုံမှန်း သိရှိလိုက်ရလေတော့သည်။

ဟုတ်သည်။

တကိုယ်လုံး မဟူရာရောင် နက်မှောင်နေသော ကြောင်နက်ကြီးတကောင်။

ကြောင်နက်ကြီးသည် စူးရဲသော ယင်းမျက်လုံး အစုံဖြင့် သူ့ကို မလှုပ်မယှက်ပြန်ကြည့်နေသည်။

အနက်ရောင်ဝတ်စုံကိုပင်ဝတ်ဆင်ထားသော မိန်းမလှကလေး ပုခုံးထက်မှ ပေါ်လာခြင်းဖြစ်သည်။

ဆံပင်များ ဖားလျားဝေစွာ ချထားသဖြင့် မိန်းကလေး၏ မျက်နှာကို ပီပီပြင်ပြင်မမြင်ရ။

ရန်လျူချင်းကို တိုးထွက်တော့မည့်ပမာ။

သူမက ရှေ့တိုးလာသဖြင့် ရန်လျူချင်း နောက်ဆုတ်ပေး လိုက်ရသည်။

မိန်းကလေး အခန်းပြင်ဘက်သို့ ရောက်လာသည်။

အလင်းရောင်တွင် သူမ၏ မျက်နှာကလေးသည် အထူးပင် ချောမောလှပနေကြောင်း တွေ့ရှိရသည်။

သူမသည် ပြုံးမရယ်တည်ကြည်သောမျက်နှာဖြင့်ရန်လျူချင်း ကို စူးစိုက်ကြည့်ရှုနေသည်။

သူမ၏ပုခုံးထက်မှ ကြောင်နက်ကြီးသည်လည်း ငြိမ် သက်စွာ ရှိနေသည်။

မိန်းကလေး၏ လက်နှစ်ဖက်တွင် လက်အိတ်နက်များ စွပ်ထား ကြောင်း တွေ့ရှိရသည်။



လက်ချောင်းကလေး ဆယ်ချောင်း၏ထိပ်တွင် အလွန်ရှည် လျားသော သံမဏိ လက်သည်းစွပ်ကြီးများ။

ကြောင်လက်သည်းများပမာအဖျားများကွေးညွတ်နေသည်။

ယင်းလက်ချောင်းများသည် ဂဏာမငြိမ်။

ကွေးလိုက်ဆန့်လိုက်။

'ခွီး....ခွီး...ခွီး...ခွီး'

ကြောင်နက်ကြီးသည် ရန်ပြုတော့မည့်ကဲ့သို့ ခါးကိုကုန်းကာ မာန်ဖီလာသည်။

အမွေးများကလည်း ထောင်၍ထလာသည်။

အမြီးကြီးကလည်း ဖွား၍လာသည်။

ထိုစဉ်မှာပင် မိန်းကလေး နှုတ်ဖျားမှ တည်ငြိမ်သော စကား သံ ထွက်ပေါ်လာခဲ့သည်။

'ကျမကို ကျော်နိုင်မယ်ဆိုယင်တော့ အရှင့် ခရီးစဉ်အဆုံးကို ရောက်ပါပြီ'

'မင်းက ပန်းလိပ်ပြာအဖွဲ့ဝင် နံပါတ်နှစ်နဲ့တူတယ်'

'မှန်ပါတယ်အရှင်၊ ကျမနံမယ် ခုံလန့်ကြင်ပါ၊ ဒါပေမဲ့ တချို့ကတော့လဲ ကျမကို ကြောင်လက်သည်းလို့ဘဲ ခေါ်ကြ ပါတယ်'

'ဒါဖြင့် ငါကလဲ မင်းကို ကြောင်လက်သည်းလို့ဘဲ ခေါ်ရ မယ်ပေါ့'

'ဒါကတော့အရှင့်သဘောပါ၊ ဒါပေမဲ့ ကျမကိုဘာ့ကြောင့် ကြောင်လက်သည်းလို့ ခေါ်ကြတယ်ဆိုတာ အရှင်မသိချင်ဘူး လား'

‘အင်း…. မသိချင်လှပါဘူးကွယ်’

‘မသိချင်လို့တော့ မရဘူးအရှင်’

‘ဘာ့ကြောင့်များပါလိမ့်’

ကြောင်လက်သည်းအခည်ရှိ အမျိုးသမီးသည် နှုတ်ဖြင့်မဖြေမူဘဲ ကြောင်နက်ကြီးဝပ်နေသည့် သူမပုခုံးကို ဆတ်ကနဲတချက် လှုပ်လိုက်သည်။

‘ခွီး….’

ကြောင်နက်ကြီးသည် ကြောက်မက်ဖွယ်ရာမာန်ဖီပြီး ရန်လျူချင်းကို လွှားကနဲ ခုန်အုပ်လိုက်လေတော့သည်။

ရန်လျူချင်းကလည်း သတိအပြည့်အဝနှင့်။

ကြောင်နက်ကြီး သူ့ကိုခုန်အအုပ်၊ ကိုယ်တချက် တိမ်းပြီး လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။

‘ဖျန်း….’

‘ဘုတ်….’

‘ညောင့်….’

ကြောင်နက်ကြီး ရန်လျူချင်း၏ရိုက်ချက်ကြောင့် လွင့်ထွက်သွားသည်။

ကြောင်လက်သည်းသည် သူမ၏သဘက်နှစ်ဖက်ကို ဒသစပ်ခဝ့် ယမ်းယင်း ရန်လျူချင်းကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ကြောက်မက်ဖွယ်ရာ လက်သည်းစွယ်ကြီးများသည် ရန်လျူချင်း၏ မျက်နှာ၊ ရင်ဘတ်၊ ပုခုံး များအနီးမှ ဝှီးကနဲ ဝှစ်ကနဲ ကပ်၍ကပ်၍ ဖြတ်သန်းသွားသည်။

ကြောင်နက် ကြီး ကလည်း သူ့ထံသို့ အလစ်ချောင်းပြီး



ခုန်၍ခုန်၍ဝင်နေသဖြင့် ရန်လျူချင်း ရိုက် ထုတ် ရ သည် မှာ အမော။

ထိုစဉ် စကားသံတခွန်းကထွက်ပေါ်လာသည်။

‘တော်လောက်ပြီပေါ့ညီမရယ်၊ ဒီလောက်ဆိုယင် ကျေနပ်ဖို့ သင့်လောက်ပါပြီ’

စကားသံအဆုံး ကြောင်လက်သည်းထံမှ လေချွန်သံ တရပ် ထွက်ပေါ်လာသည်။

‘ရှိ….’

ကြောင်နက်ကြီးသည် ကြောင်လက်သည်း၏ ပုခုံးပေါ်သို့ လွှားကနဲ ခုန်၍ ပြန်တက်သွားသည်။

ကြောင်လက်သည်းသည်လည်းအခန်းအမှတ် ခြောက်အတွင်းသို့ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားသည်။

ရန်လျူချင်း ရှေ့သို့ဆက်၍ လျှောက်လာခဲ့သည်။

အခန်းခုနစ်ရှေ့သို့ သူရောက်အလာ အခန်း တံခါးက ညင်သာစွာ ပွင့်ဟသွားသည်။

အခန်းထဲတွင် ပြာလဲ့လဲ့ ပိုးမီးပုံးတလုံး ထွန်းညှိထားသည်။

သင်းထုံမွှေးပြန့်သော ရနံ့များ သည်လည်း အခန်းတွင်းမှ ထွက်ပေါ်နေသည်။

သည်မျှ မွှေးပြန့်သောရနံ့များကို ရန်လျူချင်း တခါမျှ မခံစားဘူးခဲ့။

မိန်းကလေးခြောက်ယောက်ကြောင့် စိတ်မောလူမောဖြစ်ခဲ့ရသည့် ရန်လျူချင်း။

မွှေးမြန့်သောရနံ့များကြောင့် အမောပြေသွားရလေပြီ။
'အထဲကိုသာ တခါထဲ ဝင်လာခဲ့ပါတော့အရှင်။ အရှင့်ကို ကျမ စောင့်မြှော်နေပါတယ်'

ရီကျင်းနန်၏ အသံလွင်လွင်ကလေး။

အခန်းတွင်းမှ ကလူသလို မြူသလိုထွက်ပေါ်လာသည်။

ရန်လျူချင်း စဉ်းစားမနေတော့။ တွေဝေမနေတော့။

အခန်းတွင်းသို့ သွက်လက်စွာ လှမ်းဝင်လိုက်သည်။

မွှေးရနံ့များသည် အခန်းတွင်းဝယ် ပိုမို၍ သင်းထုံနေလေသည်။

အခန်းသည် အတန်အသင့် ကျယ်ဝန်းသည်။

အခန်းတနေရာတွင် ကုတင်တလုံး။

ကုတင်ပေါ်မှာတော့ ရီကျင်းနန်။

တကိုယ်လုံး အဖြူရောင် ပါးလှပ်သည့် ပိုးပျော့ဝတ်စုံဖြင့် ကုတင်ထက်တွင် ကပိုကရို လဲလျောင်းနေသည်။

ဝတ်စုံက ပါးလွန်းလှသဖြင့် ရှုံ့ဖုံ့ဖိုကြီးငယ်အသွယ်သွယ်တို့သည် အထင်းသား၊ အဝင်းသားရှိနေရသည်။

ရီကျင်းနန်၏ အလှများသာ ယခုကဲ့သို့ ထူးထူးခြားခြား ပေါ်လွင်နေသည်မဟုတ်သေး။

ညို့ဓာတ်အပြည့်ပါသောမျက်နှာ မျက်လုံး များဖြင့်လည်း ရန်လျူချင်းကို ကြည့်နေလေသည်။

ရန်လျူချင်းခြေလှမ်းများ တုန့်ဆနဲဖြစ်သွားရပြီ။

သွေးကြောများတလည်း နွေးထွေးဆူဝေလာရပြီ။

မျက်နှာကလည်းရီကျင်းနန်ကိုအငေးသားကြည့်နေမိရသည်။



'ကျမဆီ အရောက်သာ လာခဲ့ပါအရှင်၊ အရှင် ကျေနပ်လောက်အောင် ပြုစုယုယဘို့ စောင့်မြှော်နေပါတယ်'

ရီကျင်းနန်သည် မြူဆွယ်ပြုံးကလေးဖြင့် လက်တဖက်ကို မြှောက်ယင်း ဖိတ်ခေါ်လိုက်သည်။

ပိုးမီးပုံးမှအပြာရောင် ဖြော့ဖြော့ အရောင်အသွေးများသည် ဝန်းညက်သော ရီကျင်းနန်၏အသားဆိုင်များပေါ်သို့ လှပစွာ ထိုးဖြာကျဆင်းနေသည်။

ရန်လျူချင်း၏အသည်းနှလုံးတို့သည် ကျော့ကွင်း မိသော ငှက်တကောင်၏ အတောင်ပံများကဲ့သို့ တဆတ်ဆတ် လှုပ်ခါနေရလေပြီ။

သူသည် အခန်းတွင်းအခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သည်။

အခန်းတွင်းဝယ် ရီကျင်းနန်တယောက်တည်းမှလွဲ၍ မည်သူမည်ဝါမျှမရှိ။

'တံခါးကိုတော့ ပြန်ပိတ်ခဲ့ပါအရှင်'

ရီကျင်းနန့်ထံမှထပ်မံထွက်ပေါ်လာသောစကားသံကလေး။

ရန်လျူချင်း သူမဆန္ဒအတိုင်း တံခါးကိုပိတ်လိုက်ရသည်။

နောက်....အမျိုးသမီးရှိရာ ကုတင်ဆီသို့ဘလှမ်းချင်းလျှောက်လှမ်းလာခဲ့သည်။

ကုတင်အနီးသို့ ရောက်လာသော ရန်လျူချင်း၏လက်နှစ်ဖက်ကို ရီကျင်းနန်က အသာအယာလှမ်းဆွဲလိုက်သည်။

ကုတင်ပေါ်တွင် ထိုင်လိုက်စေသည်။

အမျိုးသမီး၏ ခန္ဓာကိုယ်မှ ဂန္ဓာရုံများသည် ရန်လျှို့ချင်း၏ သွေးကြောများကို အပြင်းအထန် ဖမ်းစားနေလေပြီ။

ရီကျင်းနန်သည် ရန်လျှို့ချင်းကို နောက်မှနေ၍ သိုင်းဖက်လိုက်သည်။

ရန်လျှို့ချင်း၏ ပုခုံးပေါ်တွင် သူမ၏မေးတလေးကို တင်ထားသည်။

'ပန်းလိပ်ပြာညီအမတွေက ပညာစမ်းလိုက်တာကြောင့် အရှင့်လဲ တော်တော်ပင်ပန်းသွားရမှာဘဲနော်။ ဒီအတွက်ကျမနဲ့ အတူ အပန်းဖြေနိုင်ပါတယ်အရှင်'

'ကိုယ်....မင်းကို တခုတော့မေးချင်တယ်'

'မေးနိုင်ပါတယ်အရှင် မေးပါ'

'ကိုယ့်ကို ပန်းလိပ်ပြာအဖွဲ့ဝင်တွေက ဘာ့ကြောင့် ပညာစမ်းကြတယ်ဆိုတာ မင်းသိမှာပေါ့'

'သိပါတယ်အရှင်'

'သိယင်ပြောပြပါလား'

'အို....အရှင်နဲ့ကျမ တညလုံး အတူတူနေကြမှာဘဲ။ ဒီတော့ အရှင်သိချင်တာတွေကို အေးအေးဆေးဆေးကျယင် သိရမှာပါ'

ရန်လျှို့ချင်း တချက်ပြုံးလိုက်သည်။

သူ့အပြုံးက များစွာအဓိပ္ပါယ်လေးနက်သည်။

ပြုံးယင်းမှလည်း သူကပြောလိုက်လေသေးသည်။

'မင်းနဲ့သာ တညလုံး ကိုယ်အတူတူနေရယင် ကိုယ်သိချင်တာတွေသိနိုင်တော့မှာမဟုတ်ဘူး'

'ဘာများဖြစ်လို့ပါလဲအရှင်'



'အား... ဘာဖြစ်ရမှာလဲကွာ။ မိုးမလင်းခင် ကိုယ်သေသွားနိုင်လို့ပေါ့'

'အို....ဘာ့ကြောင့်သေရမှာလဲ'

'ဟွန့်... ဘာ့ကြောင့်သေရမှာလဲ ဟုတ်လား၊ ဟဲ....ဟဲ....ဘာ့ကြောင့်သေရမှာလဲဆိုတော့ မင်းခန္ဓာကိုယ်အနံ့အပြားမှာရှိနေတဲ့လျှို့ဝှက်အဆိပ်တွေကြောင့်ဘဲပေါ့။ အခုလဲမင်း နှုတ်ခမ်းနဲ့ ပါးမှာ သုတ်လိမ်းထားတဲ့အဆိပ်နံ့တွေကို ကိုယ်ရနေတယ်လေ မင်းကိုနမ်းလိုက်တာနဲ့ တပြိုင်နက်ဘဲ ကိုယ်တုန်းဂနဲ မသာပေါ် သွားမှာသေချာတယ်'

'အို....မဟုတ်တာဘဲ။ အရှင်တမင် စိုးရိမ်နေတာပါ'

'စိုးရိမ်တာမဟုတ်ဘူး။ ကိုယ်အတိအကျသိနေတာ၊ မင်းနှုတ်ခမ်းနဲ့ ပါးပေါ်က အဆိပ်က ဟိုင်နန်ကျွန်းက ထိပ်တန်းသိုင်းဆရာတွေ သုံးတတ်လေ့ရှိတဲ့ လျှို့ဝှက်အဆိပ်လေ။ အင်မတန်ထက်မြက်ပြီ ကြောက်စရာကောင်းလှတဲ့အဆိပ်မျိုးပေါ့၊ နံမယ်ကမရေအနတ်သမီးရဲ့မျက်ရည်တဲ့။ ကိုယ်ဟာ ရှင်းဝှါတောင်တန်းပေါ်မှာ သိုင်းပညာသာမကဘူး အဆိပ်အမျိုးမျိုးရဲ့ပညာကိုလဲ သင်ကြားခဲ့ရတယ်။ အင်း....တခြားသူတယောက်ဆိုယင်တော့ မင်းရဲ့မာယာထောင်ချောက်ထဲမှာ မိပြီး တချက်ထဲနဲ့ အကြွဘဲ'

ရန်လျှို့ချင်းသည် သူ့ကိုယ်ကို သိုင်းဖက်ထားသော အမျိုးသမီး၏လက်နှစ်ဖက်ကိုဖယ်ရှားလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

နောက်ရီကျင်းနန်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

အမျိုးသမီး၏ ပခုံးနှစ်ဖက်ကိုဆွဲကိုင်၍လည်းလှုပ်ယမ်းလိုက်သည်။

'ဟန်ဆောင်မနေပါနဲ့တော့လေ။ မင်းတို့ ပန်းလိပ်ပြာအဖွဲ့က ကိုယ့်ကိုဘယ် ပိုရည်ရွယ်ချက်မျိုးနဲ့ အခုလို ပြုမူဆက်ဆံနေကြတယ်ဆိုတာ ပွင့်ပွင့်လင်းလင်းသိပါရစေတော့'

ရိကျောင်းနန်၏ မျက်နှာသည် တည်သွား၏၊ သက်ပြင်းတရပ်ကိုလည်းလေးလေးပင်ပင်ချလိုက်သည်။

သူမ၏မျက်နှာသည် စောစောက ဖန်တီးထားသည့်မာယာရှင်၏ အသွင်သဏ္ဍာန်မျိုးမရှိတော့၊ တည်ကြည်လေးနက်လာခဲ့သည်။

ထိုစဉ်

သိပ်သည်း၍ လျှို့ဝှက်မှု ဆံသောစကားသံတခွန်းကအခန်းတွင်းဝယ်ထွက်ပေါ်လာခဲ့လေသည်။

'သိရမှာပေါ့လေ။ သိရမှာပေါ့'

ထိုအသံသည် ရိကျောင်းနန်မှ ထွက်ပေါ်လာခဲ့ခြင်း မဟုတ်၊

ရန်လျူချင်း အသံ ထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

နံရံကနေရာမှ လျှို့ဝှက်တံခါးတပေါက် ပွင့်သွားပြီးယင်းတံခါးပေါက်မှ တစုံတဦး အခန်းတွင်းသို့ ရိပ်ကနဲ ဝင်ရောက်လာခဲ့သည်။

=၁၀

ဝင်လာသည့် သဏ္ဍာန်သည် အထူးပင် ချောမောလှပသောမိန်းမပျိုကလေးတဦးဖြစ်နေသည်။

ထိုမိန်းမပျိုကလေးသည်စမ်းချိမြို့စားကြီး ဝှမ်ဆောက်ရန်၏ဥယျာဉ်တော်အတွင်းတွင် တညသောအခါက ညဉ့်မျက်လုံးတွန့်ချုန်ကို သတ်ဖြတ်သွားခဲ့သော မိန်းကလေးပင် ဖြစ်လေသည်။

မိန်းကလေးသည် ရန်လျူချင်း၏ရှေ့တွင် ရပ်ယင်း သူမ၏မျက်နှာကို လက်ဝါးဖြင့် သပ်လိုက်သည်၊

ချောမွေ့လှပလွန်းသော မိန်းကလေးတဦးမှ အဖွားအိုကြီးအသွင်သဏ္ဍာန်သို့ ပြောင်းလဲသွားရပြန်သည်။

ရန်လျူချင်း နှုတ်မှအာမေဋိတ်သံ ကခွန်း ထွက်သွားရသည်။

'ဟာ....'

အဖွားအိုကြီးသည် ညဉ့်ဦးပိုင်းကရန်လျူချင်းအား တရွာကိုးအောင်ဝက်ပါစိအိမ်ကြီးတွင် ရိကျောင်းနန် စောင့်ဆိုင်းနေမည်

အကြောင်း လှာရောက် ပြောကြားခဲ့သည့် အဖွားကြီးပင်ဖြစ်သည်။

အဖွားကြီးသည် ရယ်မောရွှင်ပြစွာ ပြောလိုက်သည်။

'အင်း....မင်းဟာအတော်တောင် ထွားကြိုင်းနေပါပကောလားကွယ့်ရန်လျှုချင်း။ တကယ့်ယောက်ျား အရင့်အမာကြီးဖြစ်နေပြီ။ တခြားတနေရာမှာများသာ မြင်ရယင် ဘယ်မှတ်မိနိုင်ပါ့မလဲ'

အဖွားကြီးသည် ရန်လျှုချင်းအား တရင်းအနှီးပြောဆိုနေသည်။

အဖွားကြီး၏အသံသည် ညဥ့်ဦးပိုင်းကပြောဆိုခဲ့သည့် အသံမျိုးမဟုတ်။

ရန်လျှုချင်း တချိန်သောကာလက ကျွမ်းဝင် ရင်းနှီးခဲ့ဘူးသောအသံ။

သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်လာသည်။

အဖွားကြီးကိုလည်း စူးစိုက်ကြည့်ရှုလိုက်သည်။

ထိုစဥ်အဖွားကြီးသည် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြန်သည်။

'ဟား'

ရန်လျှုချင်း နှုတ်ဖျားမှ အာမေဍိတ်သံ ထွက်သွားရပြန်ပြီ။

အဖွားကြီး၏မျက်နှာသည်လည်း အသွင်ပြောင်းသွားခဲ့ပြန်လေပြီ။

ပါးရေနားရေများတွန့်လိမ်နေသော အသက် ရှစ်ဆယ်ကျော် အရွယ်အဖွားအို တဦးအဖြစ်မှ အသက် လေးဆယ်ကျော်အ-



ရွယ်ရှိ ရည်မွန်ခန့်ညားသော အမျိုးသမီးကြီး တဦးမျက်နှာက ပေါ်ပေါက်လာသည်။

အမျိုးသမီးကြီးသည်ရန်လျှုချင်းကိုမေးလိုက်ပြန်သည်။

'ငါ့ကိုတောင် မမှတ်မိတော့ဘူးလားကွယ့်'

ကျွန်တော် မြင်ဘူးသလိုလို ရှိနေလို့ စဉ်းစားနေမိပါတယ်ခင်ဗျာ'

'မင်းကိုငါကိုယ်တိုင် ဆယ်နှစ်ဆယ်မိုး ထိန်းကျောင်းလာခဲ့ရတာပါကွယ်'

'ဟာ....ဒီ....ဒီလိုဆိုယင် အရီးတော်ဟာ ချင်စုံကွမ်းသခင်မ'

'အိမ်း....မင်းမှတ်မိ ပေသားဘဲ'

မှန်သည်။

အမျိုးသမီးကြီး၏အမည်မှာ ချင်စုကွမ်းဖြစ်သည်။

ဆင်ဖန်မြို့စားကြီး ရန့်ဘာထုန်၏ ဒုတိယ ကြင်ဘက်တော်ဖြစ်သည်။

ချင်စုကွမ်းသည် လွန်ခဲ့သော ဆယ်နှစ်ကျော် အသက်သုံးဆယ်အရွယ်ခန့်က ဆင်ဖန်မြို့ရှိ မြို့စားကြီး ရန့်တာထုန်ထံမှ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည်။

ယင်းကဲ့သို့ မပျောက်ဆုံးမီ ရက်ပိုင်းအတွင်းက ချင်စုကွမ်းသည် မြို့စားကြီး ရန့်တာထုန်နှင့် ပဋိပက္ခဖြစ်ခဲ့သည်။

ရန့်တာထုန်သည်ချင်စုကွမ်းက မိမိအသက်ကိုလုပ်ကြံသည်ဟု စွပ်စွဲပြီး ဤစံအိမ် မြေတိုက်ခန်းတွင် အကျဉ်း ချထားခဲ့သည်။

မြေတိုက်ခန်းတွင် အကျဉ်းချထား ခံခဲ့ရသော ချင်စုကွမ်းသည် ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

အကျဉ်း တိုက်ခန်း နံရံတွင် ချင်စု ကွမ်း က သွေးဖြင့် စာတကြောင်းရေးခဲ့သည်။

'ဆယ်နှစ်ကြာတွင် ပြန်လာပြီး လက်စားချေမည်'

'အရီးတော် ချင်စုကွမ်းအခုလိုပြန်လာခဲ့တာဟာ ဟိုတချိန်က ကြုံးဝါးခဲ့တဲ့အတိုင်း လုပ်ဆောင်ဖို့ လာခဲ့တာများလား'

'အခု အရီးတော်ကို လူအားလုံးက ချင်စုကွမ်းလို့မခေါ်ကြတော့ဘူးကွယ့်။ သိုင်းလောကသားတိုင်း အရီးတော်ကို မယ်တော်ကြီး ကျင်းဝှာလို့သိနေကြပြီလေ'

'ဗျာ....အရီးတော်ဟာ မယ်တော်ကြီး ကျင်းဝှာဟုတ်လား'

'အိမ်း....'

'အမျိုးသမီး သိုင်းအကျော်အမော်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ ကျင်းဝှာဂိုဏ်းချုပ်ကြီးဟာ အရီးတော်ပေါ့'

'မှန်ပေတယ်....'

ရန်လျူချင်း မျက်မှောင်ကြုံ့သွားသည်။ လေး နက် သော အရိပ်အမြင်များ သူ့မျက်လုံးထက်တွင် ဆိုင်းထင်လာသည်။

သိုင်းလောကတွင် ကျင်းဝှာဂိုဏ်းနှင့် ကျင်းဝှာဂိုဏ်းချုပ်ကြီးတို့၏သတင်းသည် ကျော်ကြားသင့်သလောက် ကျော်ကြားနေသည်။

အစွမ်းလည်းအတော်ထက်မြက်ကြောင်း သိရှိထားရသည်။ ထို့ကြောင့် မေးခွန်းတခုကို ထုတ်လိုက်မိပြန်သည်။

'ဘဘကို အရီးတော် လက်စားချေတော့မယ်ပေါ့'



'မှန်လိုက်လေ လူကလေးရယ်။ ဒီကိစ္စကြောင့်ဘဲ အရီးတော် ဆယ်နှစ်လုံးလုံး သိုင်းပညာရပ်တွေကို မရပ်မနား လေ့ကျင့်ခဲ့ရတာပေါ့'

ရန်လျူချင်းသည် တစုံတရာကိုလည်း တွေးတောလိုက်မိပြန်သည်။

ထိုသည်ကား တွန့်ချန်နှင့်ပတ်သက်သောကိစ္စ။

'စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်ရဲ့ ဥယျာဉ်တော်အတွင်းမှာ အသတ်ခံလိုက်ရတဲ့ ညဥ့်မျက်လုံးတွန့်ချန်ဟာ အရီးတော်ရဲ့ လက်ချက်ဘဲနဲ့တူတယ်'

ချင်စုကွမ်း၊ သို့မဟုတ် မယ်တော်ကြီး ကျင်းဝှာသည် တည်ကြည်လေးနက်စွာ ပြုံးလိုက်၏။

ရန်လျူချင်းကို ချီးကျူးသောမျက်လုံးများဖြင့် ကြည့်ယင်းလည်းပြောလိုက်ပြန်သည်။

'မင်းအတွေးအခေါ်တွေလဲ အတော့်ကို ထက်မြက်နေပါပေကလားကွယ့်၊ မှန်တယ်လူကလေး....မှန်တယ်....မှန်တယ်။ သူက ငါနဲ့ပက်ပင်းတိုးခဲ့မိတယ်လေ။ ငါ့သတင်းပေါက်ကြားပြီး အကြံအစည် ပျက်မှာစိုးတာကြောင့် သူ့ကို နှုတ်ပိတ်လိုက်ရတယ်'

'သူ့လူ တွန့်ချန် သေဆုံးရတဲ့အတွက် ဘဘ အတော့်ကို မကျေမနပ်ဖြစ်နေတယ်။ ဒီအကြောင်းကိုသာ ဘဘသိသွားယင် အရီးတော် ဒုက္ခလှလှရောက်သွားနိုင်တယ်'

ရန်လျူချင်း၏စကားကြောင့် မယ်တော်ကြီး ကျင်းဝှာသည်

အိန္ဒြေရစွာ ရယ်မောလိုက်၏။ ပြီးမှ အေးဆေးသက်သာစွာ ပြောလိုက်ပြန်သည်။

'ရန်လျှုချင်း....မင်းဟာ စိတ်ထားဖြူစင်ဖြောင့်မတ်တဲ့ လူငယ်တယောက်၊ လိမ်မာရေးခြားလဲ ရှိတယ်။ ပါးလဲပါးနပ်တယ်။ မျိုးချစ်စိတ်ဓာတ်လဲ အပြည့်အဝရှိတယ်။ ဒါပေမယ့်.... တနေရာမှာတော့ မင်း....အများကြီး ညံ့နေသေးတယ်ကွယ်....။ ညံ့နေသေးတယ်'

'ဘယ်လိုနေရာမှာများ ကျွန်တော်ညံ့နေပါသလဲ အရီးတော်....'

'ဘယ်လိုနေရာမှာ ညံ့ရမှာလဲကွယ့်....ရန့်တစထုန်လို လူမျိုးတယောက်ကို အဖေခေါ်နေတာလေ'

ရန်လျှုချင်းသည် ခေါင်းကို ခါယမ်းလိုက်သည်။

'ကျွန်တော် လူမှန်းသူမှန်းသိတတ်ကတည်းက ဘဘရန့်တာထုန်ဟာ ကျေးမွေးပြုစုစောင့်ရှောက်လာခဲ့တဲ့ဖခင်ကောင်းတယောက်ပါ အရီးတော်'

'မဟုတ်သေးဘူး လူကလေး....မဟုတ်သေးဘူး'

မယ်တော်ကြီး ကျင်းဝှာသည် စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်ကာ ရန်လျှုချင်းကို ကြည့်နေသည်။

ရန်လျှုချင်းကလည်း မေးခွန်းတုန့်ပြန်ထုတ်လိုက်သည်။

'ဘယ်လိုမဟုတ်တာများပါလဲ အရီးတော်'

'ရန့်တားထုန့်ဟာ မင်းအဖေအရင်းမှ မဟုတ်ဘဲကွယ်။ မွေးစားအဖေတယောက်ဆိုတာ မင်းလဲသိတယ်မဟုတ်လား'

'ဟုတ်ကဲ့....သိပါတယ် အရီးတော်၊ ဘဘဟာ မွေးစားဖခင်



ဆိုပေမယ့် ကျွန်တော့်အပေါ် ဖခင်အရင်းတဦးလိုစောင့်ရှောက်လာခဲ့တာ ဒီအသက်၊ ဒီအရွယ်အထိပါဘဲ။ ဘယ်လိုဘဲဖြစ်ဖြစ် သူ့ကျေးဇူးတွေကို ကျွန်တော့်အနေနဲ့ ဆပ်လို့ မကုန်နိုင်ပါဘူး'

'အင်း....မင်းဟာ ကယ်ခက်တဲ့ လူငယ်တယောက်ပါလား။ ရန့်တားထုန်ရဲ့မှိုင်းတွေ မိနေမှကိုး၊ အေးလေ....ဘာဘဲဖြစ်ဖြစ် အရီးတော်အနေနဲ့ကတော့ ရန့်တာထုန်ကို လက်စားချေရမှာဘဲ'

'ဘဘအပေါ် ဘယ်လိုရန်ညှိုးတွေများရှိလို့ အရီးတော် အခုလောက် လက်စားချေချင်နေရတာလဲ'

ရန်လျှုချင်း၏အမေးကြောင့် မယ်တော်ကြီး ကျင်းဝှာ၏ မျက်လုံးအစုံတို့သည် ရီဝေ မှုန်မှိုင်းလာခဲ့ပြီ။

တစုံတရာသော နာကျည်းဆွေးမြေ့မှုများသည် မယ်တော်ကြီး၏မျက်နှာထက်တွင် ထင်ဟပ် ကြီးစိုးလာခဲ့၏။

တုန်ရီအက်ကွဲသော စကားသံများသည် မယ်တော်ကြီး နှုတ်ဖျားမှ ထွက်ပေါ်လာခဲ့သည်။

'အိမ်း....ဟိုတုန်းက မင်းဟာ ငယ်ရွယ်လွန်းသေးတော့ ဒီအဖြစ်အပျက်တွေကို ဘယ်သိပါ့မလဲကွယ်။ အတိတ်က ဒို့များဘာတွေဖြစ်ပျက်ခဲ့ရတယ်ဆိုတာ လူကလေးသိအောင် အရီးတော် ပြောပြမယ်'

မယ်တော်ကြီးသည် စကားပြောနေယင်းမှ ခံပြင်းစွာ အံတချက်ကြိတ်လိုက်သည်။ လက်နှစ်ဖက်ကိုသည်၊ အလိုလို လက်သီးများ ဆုပ်လိုက်မိသည်။

ရှိဝေမှုံမှိုင်းနေသော သူမ၏မျက်လုံးများ အတွင်းတွင် အတိတ်မှအရိပ်များသည် ထင်ဟပ်လာခဲ့ရဟန် တူလေပြီ။

'အရှင်တော်တို့ဟာ ဆွေစဉ်မျိုးဆက်အရ အင်မတန်နှမ်းသော ကြွယ်ဝတဲ့ ရတနာကုန်သည်တွေပါ။ ရန့်တာထုန်ဟာ အရှင်တော်ဖခင်ရဲ့ ရတနာပစ္စည်းတွေကို ရယူလိုတာကြောင့် ဝိသမလောဘဇောတိုက်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့တယ်။ သူ့ရဲ့ အယုံသွင်းပူးသတ်မှုကြောင့် အရှင်တော်ရဲ့ဖခင်ဟာ မချိမဆန့် အသက်ပျောက်ခဲ့ရတယ်'

မယ်တော်ကြီးသည် ပြေစယင်း ပြောယင်းမှ ဒေါသသံများ ပါလာသည်။

'ကွယ်လွန်သွားခဲ့တဲ့ အရှင်တော်ရဲ့ဖခင်ကြီးကို သူက ခန်းခန်းနားနားသင်္ဂြိုဟ်ခဲ့တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ အရှင်ရဲ့ ဖခင်ကြီးတို့ဟာ တကယ့်မိတ်ရင်းဆွေချာတွေကိုး။ လူအများက သူ့ကို ဝိုင်းဝန်းချီးကျူးကြတာပေါ့။ ဒါပေမယ့် လူတွေမသိလိုက်တဲ့ အဖြစ်အပျက်က ဖခင်ကြီးရဲ့ ရတနာပစ္စည်းတွေကို သူက အပိုင်သိမ်းလိုက်တယ်လေ'

မယ်တော်ကြီး၏မျက်လုံးများသည် ဒေါသကြောင့် အရောင်များ တဖျပ်ဖျပ်တောက်လက်နေသည်။

'အဲဒီအချိန်တုန်းက အရှင်တော်အနေနဲ့လဲ မသိနားမလည်သေးတော့ သူ့ကိုဘဲ ကျေးဇူးရှင်တယောက်လို ထင်မှတ်ခဲ့မိတယ်။ အစစအရာရာဘဲ သူ့ကို အားကိုးခဲ့ရတယ်။ ဒါကို သူက အခွင့်ကောင်းယူပြီး အရှင်တော်ကို ခ်မ်းပိုက်ခဲ့တယ်။ အိမ်း.... အဖြစ်အပျက်တွေနဲ့ပတ်သက်ပြီး နှစ်ပေါင်းအတော်ကြာမှ ဖြစ်



ရပ်မှုန်တွေကို အရှင်တော် သိခဲ့ရတော့တယ်။ အရှင်တော်နေရာမှာ လူကလေးနေကြည့်မေမ်း။ ဘယ်လောက် ခံပြင်းစရာ ကောင်းလိုက်သလဲ'

မယ်တော်ကြီးသည် စကားကို ခေတ္တမျှ ရပ်နားလိုက်သည်။ ပြီးမှ ဆက်၍ ဆိုသည်။

'ရန့်တာထုန်ဟာ အင်မတန်စောက်ကျစ်စဉ်းလဲပြီး ရက်စက်ယုတ်မာတဲ့ လူတယောက်။ ဒီအကြောင်းတွေကို အရှင်တော် သိရှိသွားရပြီးတဲ့ နောက်ပိုင်းမှာ အရှင်တော်ကို သတ်ဖြတ်ဖို့ အမျိုးမျိုးကြံစည်ကြိုးစားခဲ့ပြန်တယ်။ ဒီလို ကြံစည် ကြိုးစားတဲ့ အထဲက အရှင်တော်ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ အရှင်တော်သာ ဟိုအချိန်က အပြေးမမြန်ခဲ့ယင် အခုလောက်ဆို အရှင်းဆွေးနေပြီ'

မယ်တော်ကြီးသည် ပြောယင်းမှ ရန်လျူချင်းကို တချက် ကြည့်လိုက်သည်။

အကဲခတ်သောအကြည့်၊

ရန်လျူချင်းကလည်း မယ်တော်ကြီးကို ပြန်ကြည့်နေသည်။

မယ်တော်ကြီးသည် လေးနက်သိပ်သည်းသော လေသံဖြင့် ရန်လျူချင်းကို ပြောလိုက်၏။

'လူကလေးကို အရှင်တော် တခုတော့ မေတ္တာရပ်ခံချင့်တယ်ကွယ်'

'မိန့်ပါအရှင်တော်'

'အရှင်တော်ရဲ့ရန်သူဟာ ရန့်တာထုန်ဘဲ ဖြစ်သင့်တယ်။ ဒီအ
၈ ရေးကိစ္စမှာ ဘာမှမသိနားမလည်တဲ့ လူကလေး ပါမလာစေချင်

ဘူး။ ဒီအကြောင်းကို သိစေချင်လို့ လူကလေးကို ဒီရောက်လာအောင် အရှိုးတော် ဖန်တီးလိုက်ရတာဘဲ'

ရန်လျှုချင်းသည် ခဏမျှစဉ်းစားယင်းမှပြန်ပြောလိုက်သည်။

'ဘာဘဲဖြစ်ဖြစ် ရန့်ဘာထုန်ဟာ ကျွန်တော်ရဲ့ မွေးစားဖခင်ပါ။ ဖခင်ရင်းနဲ့ မခြားတဲ့သူပါ။ ကျွန်တော့ဖခင်အရေး ဖြစ်တာကြောင့် ကျွန်တော်မပါလို့ မဖြစ်ဘူးလို့ထင်ပါတယ် အရှိုးတော်'

'ဒီလိုဆိုယင်တော့လူကလေး အများကြီးနစ်နာဘို့အကြောင်းရှိနေပြီ။ အရှိုးတော်တို့အနေနဲ့လူကလေးကို မညှာနိုင်တော့ဘူး'

ရန်လျှုချင်းသည် မယ်တော်ကြီး၏စကားကို မည်သို့မျှတုန့်လှုပ်ဟန်မပြ။ မည်သို့မျှ စိုးရိမ်ဟန်မပြ။

'အရှိုးတော်ကိုလဲ ပြန်ပြီး မေတ္တာရပ်ခံပါရစေ'

'ဆို လူကလေး'

'ဘာဘ့ရဲ့လူယုံတော် သတင်းထောက်လှမ်းရေးသမား တွန့်ချန်ဟာ အရှိုးတော်လက်ချက်နဲ့ သေရတယ်ဆိုတာ ကျွန်တော်ကလွဲပြီး ဘယ်သူ့မှ မသိစေရပါဘူး။ ဘာဘအနေနဲ့ဆို ပိုပြီးတောင် မသိစေရပါဘူး'

မယ်တော်ကြီးသည် တချက်ပြုံးလိုက်၏။ မခိုးမခန့်အပြုံး။

'ရန့်တာထုန်ကို လူကလေး ပြောပြယင်လဲ အရှိုးတော်ကမမှုပါဘူး။ တွန့်ချန်ကို အရှိုးတော် အကြောင်းမဲ့ သတ်ခဲ့တာမှမဟုတ်ဘဲ။ အရှိုးတော်ဖခင်ကြီး အသတ်ခံရမှုမှာ တွန့်ချန်ဟာ ကြံရာပါတယောက်ဘဲ။ ဒါကြောင့် ရန်ကြွေးကို စာရင်းရှင်းတဲ့အနေနဲ့ သတ်သင်လိုက်ရတာ'

'အရှိုးတော်ကို အကြံတခုလောက် ပေးပါရစေ'



'ဘယ်လိုလဲကွယ်။ အရှိုးတော်ကို ဂလဲ့စားမချေဘို့ တရားဟောမလို့လား'

'မှန်ပါတယ်အရှိုးတော်။ အချိန်တွေဟာလဲ ဆယ်နှစ်ဆယ်မိုးကြာခဲ့ပါပြီ။ ရန်ကိုရန်ချင်း မတုန့်ပြန်ချင်ပါနဲ့တော့။ အရှိုးတော်အနေနဲ့လဲ ဒီဆယ်နှစ်အတွင်းမှာ သိုင်းပညာ အဆင့်မြင့်မားစွာ တတ်မြောက်ခဲ့လိမ့်မယ် ဆိုတာလဲ ကျွန်တော်မှန်းဆခဲ့မိပါတယ်။ နို့သော် ဘာဘကိုသတ်ပြီး လက်စားချေမယ်ဆိုတာကတော့ ကျွန်တော်တယောက်လုံး ရှိနေသေးတာကြောင့် မဖြစ်နိုင်ပါဘူးအရှိုးတော်။ လုံးဝမဖြစ်နိုင်ပါဘူး'

မယ်တော်ကြီးနှုတ်ခမ်းများက ပြုံးသွားရပြန်ပြီ။

'မင်းကိုယ်မင်း အထင်ကြီးလှချည်လား လူကလေး'

'ကျွန်တော့သိုင်းပညာနဲ့ ပတ်သက်လို့ ဒီနယ်မှာ အရှိုးတော် စုံစမ်းကြည့်နိုင်ပါတယ်'

'အရှိုးတော် သိပြီးပါပြီ။ ထပ်ပြီးပြောရအုံးမယ်လူကလေး။ မင်းပညာဟာ အရှိုးတော်ကို ဘယ်လိုနည်းနဲ့မှ ယှဉ်ပြိုင်နိုင်မယ်မဟုတ်ဘူးဆိုတာလဲ အရှိုးတော် သိနေပြီ'

'အရှိုးတော်ခင်ဗျား'

'ဆို လူကလေး'

'ညဥ့်တွင်းခြင်းဘဲ အရှိုးတော် ဒီနယ်ကထွက်ခွါသွားပါ။ ဒီလို ထွက်ခွါသွားတဲ့အတွက် တွန့်ချန်နဲ့ပတ်သက်တဲ့ ကိစ္စကိုဘယ်လိုမှ အရေးမယူတဲ့အပြင် အရှိုးတော်ရဲ့ လုံခြုံရေးအတွက်လဲ ဘေးကင်းတဲ့နေရာ ရောက်တဲ့အထိ ကျွန်တော်ကိုယ်တိုင် စောင့်ရှောက်ပြီး လိုက်လံပို့ဆောင်ပေးပါမယ်'

'ဟဲ....ဟဲ... ဟဲ... ဟဲ၊ တရုတ်ကျော့ ကောင်းလှသကွယ်။ လူ ကလေး ပြောနေတဲ့ စကားတွေဟာ ကောင်းကောင်းကြီးမှား နေပြီ'

မယ်တော်ကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောယင်းမှ ရန်လျှုချင်းကို ပြောလိုက်သည်။

'ဘယ်လိုကြောင့်ပါလဲ အရှင်တော်'

'မင်းလိုလူမျိုး သုံးလေးယောက်ကို အရှင်တော် အနေနဲ့ ကောင်းကောင်းကြီး ယှဉ်ပြိုင်အနိုင်ယူနိုင်စွမ်း ရှိတယ်ဆိုတာ လူ ကလေး မသိသေးလို့သာ ဒီစကားမျိုးပြောနေတာပေါ့။ ကဲလေ ကြည့်ကြစမ်းရအောင်'

စကားအဆုံး မယ်တော်ကြီးသည် လက်ခုပ်တီးလိုက်သည်။

'ဖြောင်း....ဖြောင်း....ဖြောင်း....ဖြောင်း'

လက်ခုပ်သံနှင့်အတူ မိန်းကလေး ခြောက်ယောက်တို့သည် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။

စောစောက ရန်လျှုချင်း ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသော ပန်း လိပ်ပြာအဖွဲ့ဝင် မိန်းကလေးများ။

သူတို့အားလုံးသည် စိတ်နဲ့လျှောက်လှမ်းလာ ယင်းမယ်တော် ကြီးရှေ့တွင် ရိုသေလေးစားစွာ ရပ်လိုက်ကြသည်။

ရီကျင်းနန်လည်း သူမတို့နှင့်ရော၍ ဝင်ရပ်လိုက်သည်။

ပန်းလိပ်ပြာအဖွဲ့ဝင် ခုနစ်ဦးလုံးကို ရန်လျှုချင်း စုံစုံညီညီ မြင်တွေ့နေရပြီ။

မယ်တော်ကြီးသည် ကျေနပ်အားရစွာပြုံးလိုက်၏၊ ဦးခေါင်း ကိုလည်း တဆတ်ဆတ်ညိတ်လိုက်သည်။



နောက် ရန်လျှုချင်းကို စူစမ်းဟန်ဖြင့် တချက်ကြည့်လိုက် သည်။

'သူတို့ကလေးတွေ ဘယ်သူဘယ်ဝါဆိုတာ သိပြီးရောပေါ့'

'မှန်လှပါ အရှင်တော်။ ဒီမိန်းကလေးတွေဟာ ပန်းလိပ်ပြာ ညီအမတွေပါ'

'သူတို့တဦးချင်းရဲ့ စွမ်းဆောင်ချက်တွေကကောကွယ်'

'မှန်ပါ၊ ချီးမွမ်းထိုက်လောက်အောင်အစွမ်းထက်ကြပါတယ် အရှင်တော်'

'စောစောကတော့ လူကလေးအနေနဲ့ သူတို့ကို တဦးချင်း ရင်ဆိုင်ခဲ့ရတယ်နော်'

'မှန်ပါတယ် အရှင်တော်'

'ကိုင်း.... သူတို့ခုနစ်ယောက်စလုံးနဲ့ လူကလေး တပြိုင်နက် တိုက်ခိုက်ရမယ်ဆိုယင်ကောကွယ်'

ရန်လျှုချင်း ပြန်မဖြေနိုင်။

ပန်းလိပ်ပြာ ခုနစ်ဦးကို တပြိုင်တည်း တိုက်ခိုက်ရပါက နိုင်ဘို့ လွယ်လှမည်မဟုတ်ဟု တွေးလိုက်မိသည်။

မယ်တော်ကြီးထံမှ စကားသံ ဆက်လက်ထွက်ပေါ်လာသည်။

'အိမ်း.... ဒီမိန်းကလေး ခုနစ်ဦးစလုံးရဲ့ ပေါင်းစည်းထားတဲ့ စွမ်းရည်ဟာ မယ်တော့်မှာရှိတဲ့ ပညာတဝက်လောက်နဲ့ဘဲ ညီမျှ တယ်။ ဒါကိုသိရယင် စောစောက လူကလေး ကြုံးဝါးခဲ့တာ တွေဟာ အချည်းနှီးဘဲဆိုတာ ရိပ်စားမိလောက်ပါပြီ။ ပြီးတော့ လူကလေးကို ပြောချင်တာက ဒီမိန်းကလေးခုနစ်ဦးဟာ သိုင်း

လောကမှာ ထိပ်တန်း အစွမ်းထက်ကြတဲ့ ညီအမခုနစ်ဖော်ဘဲ။ သူတို့ပညာက လူကလေးသိတာထက် အများကြီးပိုတယ်'

'ကျွန်တော်သိတာထက် အများကြီးပိုနေတယ်။ ဟုတ်လား အရှိးတော်'

'မှန်တယ် လူကလေး။ မှန်တယ်'

မယ်တော်ကြီးသည် ရန်လျှူချင်းအား ပြောနေယင်းမှ မိန်းကလေးများဘက်သို့ လှည့်လိုက်ပြန်သည်။

'ကိုင်း....သမီးတို့က အစွမ်းပြလိုက်ကြစမ်းပါ အုံး'

မယ်တော်ကြီး၏ စကားသံနှင့် တပြိုင်တည်း မိန်းကလေး ခုနစ်ဦးစလုံး လက်များကိုလှုပ်ရှားလိုက်ကြသည်။

'ဝှစ်....ဝှစ်....ဝှစ်....ဝှစ်....'

'ရွှတ်....ရွှတ်....ရွှတ်....ရွှတ်....'

အဆက်မပြတ် ထွက်ပေါ်လာသော အသံများနှင့် အတူ အခန်းနံရံတွင် ဆံထိုးကလေးများ စိုက်ဝင်သွားကြသည်။

'ရန်လျှူချင်း'

ဆံတိုးကလေးများသည် နံရံတွင် ရန်လျှူချင်း၏ အမည်ကို ဖော်ထားကြ၏။

ရန်လျှူချင်း၏မျက်ခုံးအစုံမြင့်တက်သွားသည်။ မိန်းကလေး ခုနစ်ဦးကိုလည်း အံ့ဩသော မျက်နှာနှင့် အကဲခတ်လိုက်သည်။

ယင်းသို့အကဲခတ်ယင်းမှ တစုံတရာကိုသွား၍ သတိရလိုက် မိလေပြီ။

အံ့ဩတကြီးလည်း ရွှတ်ဆိုလိုက်မိသည်။



'ဟား... သူတို့ဟာကနေ့ သိုင်းလောကမှာ နံမယ်ကြီးနေတဲ့ နတ်မိမယ်ခုနစ်ဖော်ပါလား'

ရန်လျှူချင်း၏စကားသံထဲတွင် စိုးရိမ်မကင်းရိပ်များပါလာ သဖြင့် မယ်တော်ကြီး ပြုံးရွှင်စွာခေါင်းညိတ်လိုက်သည်။

'မှန်ပေတာပေါ့လူကလေး။ မှန်ပေတာပေါ့၊ သူတို့ဟာ ရွှေဆံထိုးမယ်ငေ့လို့ နံမယ်ကြီးနေတဲ့ နတ်မိမယ် ခုနစ်ဖော် ပါဘဲ'

ရန်လျှူချင်းသည် အမျိုးသမီးများကို ကြည့်ယင်းမှ ခေါင်း တချက်ညိတ်လိုက်သည်။

'အင်း....ဒါကြောင့်လဲ အရှိးတော်က ဒီလောက်စကားမာမာ ပြောနိုင်တာကိုး။ နံမယ်သတင်းကြီးလှတဲ့ နတ်မိမယ်ခုနစ်ဖော် ဟာ အရှိးတော်ရဲ့နောက်လိုက်တွေဖြစ်နေကြတာကိုး'

'မှန်တယ်လူကလေး။ နတ်မိမယ်ခုနစ်ဖော်ရဲ့ လက်တဖက်ဆီ မှာ ဆံထိုးခုနစ်ချောင်း အမြဲတမ်းရှိကြတယ်။ တဦးကိုဆယ့်လေး ချောင်းဆိုတော့ သူတို့ဆီမှာအားလုံးဆံထိုးကိုးဆယ့်ရှစ်ချောင်း ပေါ့။ ဒီဆံထိုးတွေဟာ အချိန်မရွေးပစ်လွှတ်နိုင်တယ်။ ဆံထိုး များရဲ့အဖျားမှာလဲ ပြင်းထန်တဲ့အဆိပ်များရှိနေတယ်။ ဆံထိုး တချောင်းကို အသုံးပြုလိုက်ယင်လူ့အသက်တချောင်းဘဲ'

ရန်လျှူချင်းပုခုံ နှစ်ဖက်ကို ကြုံ့လိုက်သည်။ ပြီးမှစကား ပြန်သည်။

'အရှိးတော်ချီ မွမ်းနေတဲ့ နတ်မိမယ်ခုနစ်ဖော်ရဲ့ အကြောင်း ကိုကျွန်တော်ကြားသိထားရပါတယ်'

'ဒီလိုဆို လူကလေးအမြင်မှန်ရလောက်ပြီပေါ့။ အရှိးတော်

တို့နဲ့ ယှဉ်နိုင်မယ့် အတူ လူကလေး အသက်ကို အကြောင်းမဲ့ မဆုံးရှုံးရလအောင် အေးအေးဆေးဆေး နောက်ဆုတ်လိုက်ပါတော့ကွယ်'

'ကျွန်တော် နောက်မဆုတ်နိုင်ပါဘူး အရီးတော်'

'အိမ်း... မင်းအတော်ခေါင်းမာတဲ့ သူငယ်ပါလား'

'အရီးတော်က အရီးတော် ဖခင်အတွက် ဂလဲ့စားချေရမှာဖြစ်သလိုကျွန်တော့်အနေနဲ့ကလဲ ကျေးဇူးရှင် မွေးစားဖခင်ကြီးအတွက် အသက်ကိုစွန့်ပြီး ခုခံကာကွယ်ရပါလိမ့်မယ်"

ရန်လျှုချင်းနှင့် မယ်တော်ကြီးတို့ ထိုကဲ့သို့ ပြောဆိုနေကြစဉ် နတ်မိမယ်ခုနစ်ယောက်တို့ သည် နံရံမှ ဆံထိုးများကို ဖြုတ်ယူပြီးကြလေပြီ။

ရန်လျှုချင်း၏ စကားများကြောင့်မယ်တော်ကြီးမှာ မကျေမနပ်ဖြစ်နေရသည်။

'အိမ်း....ဒီလောက် သတိပေးထားပါ ရက်ကယ် နဲ့ မင်းပါ ဒီပြဿနာထဲ ကန့်လန့်ကန့်လန့် ဝင်ပါနေယင်တော့အရီးတော်တို့ကလဲဘယ်လိုမှမညှာနိုင်တော့ဘူး၊ဆိုတာ မြဲမြဲသာ မှတ်လိုက်ပေတော့'

'ကျွန်တော့်ဘက်ကလဲ စကားကုန်နေပါပြီ အရီးတော်။ ကျွန်တော်အသက်ရှင်နေသမျှ ကာလပတ်လုံး ဘဘရဲ့ အသက်ကိုမထိပါးရအောင် အကာအကွယ်ပေးရမှာပါပဲ'

စကားဆုံးသည်နှင့် ရန်လျှုချင်းသည် မည်သူ့ကိုမျှ နှုတ်မဆက်တော့ဘဲ အခန်းပြင်သို့ ခြေလှမ်းလာခဲ့သည်။



မယ်တော်ကြီးသည် ရန်လျှုချင်းကို မတားဘဲ သူ့ကျောပြင်ကိုသာကြည့်ယင်း လှုပ်ယှက်ရပ်နေသည်။

'ဟော့ ရပ်လိုက်စမ်း'

နောက်ဘက်မှ အော်သံပေါ်လာသဖြင့် ရန်လျှုချင်းချာကနဲလှည့်ကြည့်လိုက်သည်။

ချီချူထင်။

ချီချူထင်သည် သူ့ထံသို့ လက်အဖက် လှုပ်လိုက်သည်ကို ရန်လျှုချင်းမြင်လိုက်ရသည်။

'ဝှီး....'

ရွှေရောင်အလင်းတန်းတခု အရှိန်အဟုန်ပြင်းစွာ လေထုကို ဖြတ်သန်း၍ တိုးဝင်လာသည်။

ရန်လျှုချင်းလက်ကို ဖြတ်ကနဲဝှေ့ယမ်းလိုက်သည်။

'ဖပ်'

မြည်သံနှင့်အတူ ဆံထိုးကလေး ထက်ပိုင်း ကျိုးသွားသည်။

ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

ကျန်မိန်းကလေးခြောက်ဦးစလုံးလှုပ်ရှားမည်ပြုလိုက်ကြသည်။

'ဟော့....အားလုံး ရပ်လိုက်ကြ'

မယ်တော်ကြီးထံမှ ထွက်ပေါ်လာသည့် အမိန့်ပေးသံ။

မိန်းကလေးများ ညိမ်သွားကြရသည်။

ရန်လျှုချင်းရှိနေရာသို့ မယ်တော်ကြီးအသာအယာလျှောက်လာခဲ့သည်။

'မင်းအနေနဲ့ ဒီဆံထိုးတချောင်းလောက်ကိုသာ ပုတ်ချနိုင်ပေမယ့် ကျန်တဲ့ဆံထိုးတွေကိုတော့ ပုတ်ချနိုင်လိမ့်မယ် မဟုတ်

ဘူး လူကလေး။ မင်းရဲ့ အသက်ကို မျက်စိတမှိတ် အတွင်းမှာ ဖျက်ဆီးပစ်နိုင်တယ်ဆိုတာ နားလည်စမ်းပါ။ ကိုင်း....ကိုင်း၊ အေးအေး ဆေးဆေး ပြန်ပြီး သေသေ ချာချာ စဉ်းစား။ ရန်တာထုန်ကို အရီးတော်လက်စားချေရမယ့်သတ်မှတ်ထားတဲ့ နေ့ရက်ဟာ နောက်ခုနစ်ရက်တိတိကျန်နေသေးတယ်။ လူကလေးအနေနဲ့ကောင်းကောင်းစဉ်းစားချိန်ရတာပေါ့လေ။ မမိုက်ချင်စမ်းနဲ့ လူကလေးမမိုက်ချင်စမ်းပါနဲ့၊ ကဲ သွားပေတော့။ သွားပေတော့'

ရန်လျှူချင်းသည် တံခါးဝဆီသို့လျှောက်သွားခဲ့၏။

တံခါးဝအရောက်တွင် ခဏမျှရပ်တိုက်သည်။

အခန်းတွင်းသို့အသားပြန်၍ လှည့်ကြည့်လိုက်သည်။

အခန်းတွင်းရှိ မယ်တော်ကြီး အမှူးပြုသော အမျိုးသမီးအားလုံးတို့၏မျက်လုံးများက သူ့ဆီသို့စုပြုံရောက်ရှိနေကြသည်။

ရန်လျှူချင်းသည် တချက်ပြုံးလိုက်၏၊ ပြီး....မယ်တော်ကြီးကိုလည်း အရိုအသေပြုလိုက်သည်။

'အရီးတော်ကို ကျွန်တော်လေးစားပါတယ်ခင်ဗျား။ နို့ပေမယ့် တခုကျွန်တော်ပြောခဲ့ပါရစေ'

'ပြော... လူကလေးပြော....'

'ကျွန်တော့် မွေးစားဖခင်ရဲ့ အသက်ကို ကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့စိတ်ဓါတ်ဟာ နောက်ခုနစ်ရက်မဟုတ်ပါဘူး၊ နှစ်ပေါင်းခုနစ်ရာကြာတောင် ပြောင်းလဲခြင်း မရှိပါဘူးခင်ဗျား၊ ဒါဟာ ကျွန်တော်ရဲ့ ယတိပြတ် ဆုံးဖြတ်ချက်ဖြစ်ပါတယ်'

စကားအဆုံး ရန်လျှူချင်းသည် မယ်တော်ကြီးထံမှ စကားပြန်ကိုစောင့်မနေတော့ဘဲရုတ်ချည်း ထွက်ခွာသွားလေတော့သည်။

## ၁၁

ရန်လျှူချင်းထွက်ခွာသွားသည်နှင့် အခန်းတွင်းသို့ တစုံတဦးရောက်ရှိလာခဲ့သည်။

ထိုသူကား စမ်းချီမြို့စားကြီး ဝှမ်ဆောက်ရန်။

မြို့စားကြီး၏ အမူအယာသည် မကြေနပ်မှုကို အပြင်းအထန်ဖော်ပြနေသည်။

မြို့စားကြီးသည် နတ်မိမယ် ခုနစ်ဖော်ကို တချက်ဝေ့ဝဲကြည့်ရှုလိုက်ပြီး မယ်တော်ကြီး ကျောင်းဝှာ အနီးတွင် ရပ်လိုက်သည်။

သူသည် မကြေမနပ်ဖြစ်နေရုံမျှသာမကသေး။

စိတ်ပျက်လက်ပျက်လည်းရှိနေသည်။

အပြစ်ဘင်သော လေသံဖြင့် မယ်တော်ကြီးကို ပြောလိုက်သည်။

'ထောင်ချောက်ထဲ ရောက်ပြီးတဲ့သားကောင်ကို ဘာ့ကြောင့်

ပြန်လွှတ်လိုက်ရတာလဲမယ်တော်....'

'ဘာကို ဆိုလိုပါသလဲမြို့စားကြီး'

'ရန်လျှူချင်းကို ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ မယ်တော်'

မယ်တော်ကြီးသည် ပကတိ အေးဆေးတည်ငြိမ်သော အမူအယာဖြင့် မြို့စားကြီး ဝှမ်ဆောက်ရန်ကို ကြည့်လိုက်သည်။ ပြီးမှ ပြောလိုက်၏။

'သူ့ကို ပြန်မလွှတ်လို့ ဘာလုပ်ရမှာလဲ မြို့စားကြီး'

ဝှမ်ဆောက်ရန်၏ မျက်နှာကြီးမှာ အစွမ်းကုန် ရှုံ့မဲ့သွားရလေသည်။

'အို....သူဟာ ကျုပ်ရဲ့ မဟာ ရန်သူတော် ရန့်တာထုန်ရဲ့ မွေးစားသား ဖြစ်သလို အားအကိုးရဆုံးနဲ့ ကြောက်စရာ အကောင်းဆုံး ပညာရှင်ဆိုတာ မယ်တော့်ကိုပြောပြထားသားဘဲ။ အခုလို အခွင့်အရေးရခိုက်မှာ သူ့ကို မယ်တော်တို့ သုတ်သင်လိုက်မယ်ဆိုယင် ရန့်တာထုန်ကို အလွယ်တကူနဲ့ ရှင်းလင်းနိုင်ဘို့ သေချာသွားတာပေါ့'

မယ်တော်ကြီး ခေါင်းခါလိုက်သည်။

'ရန်လျှူချင်းနဲ့ ကျမက ဘာရန်ညှိုးရန်စမှ ရှိတာမဟုတ်ဘူး မြို့စားကြီး။ ပြီးတော့ သူဟာ ဖြူစင်ဖြောင့်မတ်တဲ့ လူကောင်းကလေးတယောက်ပါ....'

'ဘာဘဲဖြစ်ဖြစ်ပေါ့မယ်တော်။ ကျူပင်ခုတ် ကျူငုတ်မကျန်ရဆိုတဲ့ စကားကို မယ်တော်လဲသိသားဘဲ....'

'ကျမ လုပ်ဆောင်ရရယ့် အလုပ် မှန်သမျှကို နားလည်ပြီးသားပါ မြို့စားကြီး။ မြို့စားကြီးနဲ့ ကျမတို့ ကတိစကားထားခြ



တုန်းက ရန့်တာထုန်ကို သုတ်သင်ဘို့ ကိစ္စဘဲ ပါပါတယ်....။ ရန်လျှူချင်းကို သတ်ဖို့မပါပါဘူး....'

'ဒါကတော့ မှန်ပါတယ် မယ်တော်....။ ရန်လျှူချင်းမရှိမှ ရန့်တာထုန်ကို သုတ်သင်နိုင်ပါလိမ့်မယ်....'

အဘယ့်ကြောင့်မှန်းမသိ။

မယ်တော်ကြီးသည် တချက်မျှ ရယ်သွန်းသွေးလိုက်၏။

'မြို့စားကြီးကို တခုတော့ ကျမ အသိပေးရအုံးမယ်'

'အမိန့်ရှိပါ မယ်တော်....'

'ရန့်တာထုန်ကို ကျမလက်နဲ့ မသတ်ချင်ဘူး....'

'ဒါဖြင့် ဘယ်သူ့လက်နဲ့ သတ်မှာလဲမယ်တော်....'

'ဒါကို မြို့စားကြီး သိလိုတယ်ပေါ့....'

'သိလိုပါတယ်'

'ရန့်တာထုန်ကို ဘယ်သူ့လက်နဲ့သတ်ရမလဲဆိုတော့ သူအားအကိုးဆုံး အားအထားဆုံးဖြစ်တဲ့သူ့မွေးစားသားရန်လျှူချင်းရဲ့လက်နဲ့ဘဲ သတ်ဖြတ်စေရမယ်'

မြို့စားကြီး ဝှမ်ဆောက်ရန်သည် မယ်တော်ကြီး၏ စကားများကြောင့်မျက်လုံးမျက်ဆံပြူးသွားသည်။ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဝ အံ့ဩလည်း ရေရွတ်လိုက်မိသည်။

'အို... ဖြစ်ပါ့မလား မယ်တော်....'

'ဖြစ်ရမှာမို့ ကျမပြောနေတာပေါ့'

ဝှမ်ဆောက်ရန်သည် ခေါင်းကိုလေးပင်စွာ ခါရမ်းလိုက်သည်။ ပြီးတော့မှ သူ့အယူအဆများကို ပြောသည်။

'ရန်လျှုချင်းအနေနဲ့ ရန့်တာထုန်ကို သိပ်ပြီး ချစ်ခင်ရှိသေနေပါတယ် မယ်တော်။ ဘယ်လိုနည်းနဲ့မှ သူက သူ့မွေးစားဖခင်ကို ပြန်လည်သတ်ဖြတ်ဖို့မဖြစ်နိုင်ပါဘူး....'

'ဖြစ်အောင်ကြံဖို့ ကျမမှာ အစီအစဉ်ရှိပါတယ်။ ဖြစ်လဲဖြစ်ရမယ်လေ။ ရန့်တာထုန်ဟာ သူ့ မွေးစားသားရဲ့ လက်ချက်နဲ့ အသက်သေရတာကို ကိုယ်တိုင်ခံစားရပြီး ဝမ်းပန်းတနဲ့ သေရစေ့မယ်'

'ဒီသို ဖြစ်လာနိုင်မယ်ဆိုယင်တော့ အကောင်းဆုံးပေါ့'

'ဖြစ်မဖြစ် မြို့စားကြီး စောင့်ကြည့်ပေတော့'

မယ်တော်ကြီးသည် ခိုင်မာတိကျ၍ ပြတ်သားသောအသံဖြင့် ပြောလိုက်လေသည်။

မြို့စားကြီး ဝှမ်ဆောက်ရန်သည်မူ ခေါင်းတဆတ်ဆတ်ဖြင့် ရှိနေရလေ့လည်။

# ၁၂

နောက်တနေ့မှာပင် ရန်လျှုချင်းနှင့် မြို့စားကြီးရန့်ဘာထုန်တို့သည် ဆင်ဖန်မြို့သို့ ပြန်လည်ထိုက်ရောက်ခဲ့သည်။

စမ်းချီမြို့မှ တာစွေကိုးကောင် ဝက်၂ါစံအိမ်ကြီးတွင် ဖြစ်ပျက်ခဲ့ရသည့် အဖြစ်အပျက်များကို မြို့စားကြီ ရန့်ဘာထုန်အား ပြန်လည်ပြောမပြခဲ့၊ အခြေအနေကို ကြည့်ရှုစီစဉ်ပြီးမှ ပြောသင့်မပြောသင့် စဉ်းစားမည်ဟု ဆုံးဖြတ်ခဲ့သည်၊

ဆင်ဖန်မြို့နှင့် စမ်းချီမြို့သည် နယ်နမိတ်ချင်းဆက်စပ်နေသောမြို့ဖြစ်သည်။

တနေ့ခရီးဖြင့် ရောက်နိုင်သည်။

ထို့ကြောင့် စမ်းချီမြို့တွင် လျှို့ဝှက်စွာရောက်ရှိနေသောမယ်တော်ကြီး ကျင်းဝှာနှင့် နတ်မိခယ်ခုနစ်ဖော်တို့၏ လှုပ်ရှားမှုများကို သူစောင့်ကြည့်မည်၊

သူတို့၏ သတင်းစုံစမ်း ထောက်လှမ်းရေးသမားများသည်လည်း စမ်းချိမြို့တွင် ရှိနေကြပြီမဟုတ်လား။

ထိုသတင်းစုံစမ်း ထောက်လှမ်းရေးသမားများကို အသုံးပြု၍ စမ်းချိမှ သတင်းများကို ရယူနိုင်သည်။

ဆင်ဖန်မြို့သို့ ပြန်ရောက်ပြီးနောက် သူနှင့် မွေးစားဖခင်ကြီး ရန့်တာထုန်တို့ မျက်နှာချင်းဆိုင်ခွင့် မကြုံကြရသေး။

မွေးစားဖခင်ကြီးရန့်တာထုန်သည်တစုံတရာသောအကြောင်းကိစ္စဖြင့် အလုပ်များနေပုံရသည်။

သူသည်လည်း ယေတော်ကြီးကျင်းဝှာနှင့် နတ်မိမယ် ခုနစ်ဖော်တို့၏ ကိစ္စကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို စဉ်းစားယင်း ခေါင်းမအားနိုင်အောင် ရှိနေရသည်။

မိမိ၏အဆောင်ထဲတွင် ရန်လျူချင်းတကိုယ်တည်း စဉ်းစားခန်းဝင်နေစဉ် စံအိမ်တော်အမှုထမ်းတဦး သူ့ရှေ့မှောက်ရောက်လာသည်။

သူက အမေးဂရုဏာဖြင့် စံအိမ်တော်အမှုထမ်းကို ကြည့်လိုက်သောအခါ စံအိမ်တော်အမှုထမ်းသည် ဦးညွတ်၍ အရိုအသေပေးလိုက်၏။

ပြီးနောက် ရောက်လာရသည့်အကြောင်းကိုလည်း တဆက်တည်း အစီရင်ခံလိုက်သည်။

'အရှင့်ကို မြို့စားကြီးက တွေ့တော်မူလိုနေပါတယ် အရှင်၊ ညှို့ဆောင်မှာ မြို့စားကြီးရှိနေပါတယ်။ လာတွေ့လှည့်ပါတဲ့'

အမှုထမ်းသည် အစီရင်ခံမှုအပြီး ရှိသေစွာဦးညွတ်ကာထွက်ခွါသွားသည်။



ရန်လျူချင်းသည် သူ့အခန်းဆောင်အတွင်းမှ ထွက်ခဲ့နှင်းအာ ရသည်။

စံအိမ်တော်၏ ညှို့ဆောင်သို့ ထွက်ခွါလာသည်။

ညှို့ဆောင်ထဲတွင် မွေးစားဖခင်ကြီး ရန့်တာထုန်သည်ကြည်လင်ရွှင်ပျသော မျက်နှာဖြင့် ထိုင်နေလေသည်။

ရန်လျူချင်း ဝင်လာသည်ကို မြင်သောအခါ သူထိုင်နေသည့် ကုလားထိုင်ကြီးအနီးရှိ တခုသော ကုလားထိုင်ကို လက်ညှိုးထိုးပြယင်း မိန့်ကြားလိုက်သည်။

'ထိုင်.... ထိုင် လူကလေး။ ဒို့သားအဖလဲ ဝှမ်ဆေဓက်ရန့်ရဲ့ ညှို့ခံပွဲက ပြန်လာပြီးကတည်းက အခုအချိန်အထိ စကားမပြောဖြစ်ကြသေးဘူးနော်'

'မှန်လှပါ ဘုဘု'

ရန်လျူချင်းက အလိုက်သင့် ပြန်ဖြေလိုက်သည်ကို မြို့စားကြီးက ခေါင်းဆတ်၍ညိတ်လိုက်သည်။

ရန်လျူချင်းသည် မွေးစားဖခင်ကြီး၏ မျက်နှာကို မသိမသာ အကဲခတ် ကြည့်ရှုနေမိသည်။

မွေးစားဖခင်ကြီး၏ မျက်နှာသည် သာမန် ရွှင်ပျနေသည့် အနေအထားမျိုးမဟုတ်ဘဲ တစုံတရာကို ပီတိပွားကာ ကြည်နူးနေသည့် အနေအထားမျိုး ရှိသည်။

မွေးစားဖခင်ကြီးသည် မည်သည့် အကြောင်းများကြောင့် ယခုကဲ့သို့ ပီတိပွားကာ ကျေနပ် ကြည်နူးနေရပါသနည်း။

ရန်လျူချင်းသည် ကေပ်စံအိမ်တွင် ဆုံဆည်းခဲ့ရသော

သူ့ကြီး ကျင်းဝုဘ၏ မျက်နှာကို ကွက်ကနဲ သွား၍မြင်လင့်လိုက်မိသည်။

မယ်တော်ကြီးကျင်းဝုဘသည် အဘိဘိဏ္ဍာသဘ ရန်ကြွေးယောင်းကို ပေးဆပ်ချိန် တနေ့ခရီးအကွာအရပ်တွင် ရောက်ရှိနေပြီ။

ဤသည်ကို မွေးစားဖခင်ကြီး သိမှသိပါလေစ။

မသိ၍သာလျှင် သည်မျှ ကြည်နူးနေခြင်း ဖြစ်ဟန်တူသည်၊

ထို့ကြောင့် မယ်တော်ကြီးကျင်းဝုဘနှင့် နဘ်မိမယ်ခုနစ်ဖော်တို့အကြောင်းကို ထုတ်ဖော်မပြောတော့ဟု ဆုံးဖြတ်လိုက်သည်၊

ဤအကြောင်းများနှင့် ပတ်သက်၍ ပြောလိုက်မိလျှင် မွေးစားဖခင်ကြီး၏ ကျေနပ်ကြည်နူးမှုများ ပျက်ပြယ်သွားမည်ကို သူ စိုးရိမ်မိသည်။

ဖြစ်နိုင်လျှင် ယင်းပြဿနာကို သူ့နည်းသူ့ဟန်ဖြင့်ကြိုးစား၍ ဖြေရှင်းမည်။

အလွန်အမင်း လိုအပ်သာမှသာလျှင် မွေးစားဖခင်ကြီးအား ထုတ်ဖော်ပြောတော့မည်ဟု သဘောပိုက်ထားလိုက်တော့သည်။

မြို့စားကြီးရန့်ဘာထုန်သည် ချောင်းတချက်ကို ဟန့်လိုက်၏။

ကုလားထိုင်တွင် မှီထိုင်ထားသော သူ့ခန္ဓာကိုယ်ကိုလည်း ရှေ့သို့ အနည်းငယ် ကိုင်းလိုက်သည်။

'အဟမ်း.... ဝှမ်ဆောက်ရန့်ရဲ့ ဧည့်ခံပွဲမှာ ကျန်ရစ်ခဲ့တဲ့ညအလူကလေး ဘာများ ထူးထူးခြားခြားကြုံတွေ့ခဲ့ရသေးသလဲ'

'သိပ်ပြီး ထူးထူးခြားခြားတော့ မရှိလှသေးပါဘူး ဘာဘ။ စုံစမ်းလို့လဲ မရလှသေးပါဘူး။ သောသောဆယ် ကျွန်တော်ပြော



နိုင်တာ တခုကတော့ ပန်းလိပ်ပြာ အဆိုအကအဖွဲ့ဝင် မိန်းကလေး ခုနစ်ယောက်တို့ဟာ ရိုးရိုးကချေသည်တွေမဟုတ်ဘဲ ထိပ်တန်း သိုင်းပညာရှင် မိန်းကလေးတွေ ဖြစ်ဘယ်ဆိုတာကိုပါဘဲ'

'အင်း.... အင်း.... အင်း'

မြို့စားကြီးရန့်ဘာထုန်သည် ရန်လျူချင်း၏ စကားကို ခေါင်းတဆတ်ဆတ်ဖြင့် နားထောင်လိုက်သည်။

လေးနက်သော အရိပ်အခြည်တရပ်သည် မြို့စားကြီး၏ အကောင်းပကတိရှိသည့် တဖက်သော မျက်လုံးပေါ်တွင် ရှေ့လျား ဖြတ်သန်းသွား၏။

မုတ်ဆိတ်ကြီးကိုလည်း ညာလက်ဖြင့်သပ်ကာ ခေတ္တမျှတွေးနေလေသည်။

ရန်လျူချင်းသည်လည်း မြို့စားကြီးကို ခတ်မဆိတ် ကြည့်၍နေသည်။

ခဏမျှကြာမှ ငြိမ်သက်နေသော မြို့စားကြီး စကားသံထွက်ပေါ်လာသည်။

'လူကလေးမပြောလဲ အဲဒီညကထဲက ဒီမိန်းကလေးတွေဟာ ထိပ်တန်းသိုင်းသမားတွေဆိုတာ ဘာဘ ရိပ်စားခဲ့မိပါတယ်လေ။ အိမ်း....ဒင်းတို့ ဒီကိုရောက်လာတဲ့အကြောင်းကိစ္စဟာ ဘာဘတို့နဲ့များ ဆက်စပ်ပတ်သက်နိုင်လိမ့်မယ်လို့ လူကလေး ထင်မြင်ယူဆမိသလဲ'

ရန်လျူချင်း ချက်ခြင်းမဖြေ။ ငြိမ်သက်ပြီး စဉ်းစားနေသည်။ ပြီးမှ....

'အခုအချိန်မှာတော့ တိတိကျကျပြောလို့ မရသေးပါဘူး

ဘဘ။ ဒီအဖြေကိုသိနိုင်အောင် ကျွန်တော် စုံစမ်းထောက်လှမ်းကြည့်ပါအုံးမယ်'

မြို့စားကြီး ခေါင်းညိတ်လိုက်ပြန်သည်။

'အိမ်း.... အိမ်း... လူကလေးရဲ့လက်ရုံးရည်နဲ့နှလုံးရည်ကို ဘဘယုံကြည်ထားပြီးသားပါကွယ်။ လူကလေးအနေနဲ့ သေသေချာချာစုံစမ်း။ အခြေအနေ ထူးခြားလာယင်တော့ ဘဘကို အသိပေးပေါ့'

'မှန်ပါ ဘဘ'

ရန့်တာထုန်သည် သူ၏ခန္ဓာကိုယ်ကို ကုလားထိုင်ကြီးတွင် ပြန်၍ မှီလိုက်သည်။ ကုလားထိုင်ကျောမှီပေါ်တွင် ခေါင်းတင်လိုက်ပြီး မျက်နှာကြက်ကိုမော့ကာ ကုလားထိုင်လက်တန်းအား လက်ဝါးဖြင့် အသာအယာပုတ်နေသည်။

မြို့စားကြီး၏အမူအယာသည် တစုံတခုသော အကြောင်းကို ချိန်ဆနေဟန်တူသည်။

ခဏနေမှ ရန်လျူချင်းကို ကြည့်လိုက်၏။

ရန်လျူချင်းသည်လည်း မွေးစားဖခင်ကြီး၏ အမူအယာကို ကြည့်ရှုနေမိသည်။

မွေးစားဖခင်ကြီးသည် သူ့အား တစုံတရာ ပြောလိုနေပုံရသည်။

ပြောသင့်မပြောသင့်ကိုလည်း ချိန်ဆနေဟန် တူ၏။

မွေးစားဖခင်ကြီးသည် မိမိအား အဘယ် အကြောင်းအရာမျိုး ပြောလိုနေသနည်း။

အဘယ့်ကြောင့် သည်မျှလောက် စဉ်းစားနေရလေသနည်း။



ထွက်ပေါ်လာမည့်စကားများကို ရန်လျူချင်း စောင့်ဆိုင်းနေစဉ် ရန့်တာထုန်သည် ထိုင်နေရာ ကုလားထိုင်ကြီးအထက်မှ အသာထ၍ ရပ်လိုက်၏။

လက်နှစ်ဖက်ကိုလည်း နောက်ပစ်လိုက်သည်။

ကုလားထိုင်ကြီးရှေ့ အခန်း ကြမ်းပြင်ပေါ်တွင် သည်မှဟိုဟိုမှသည် စင်္ကြံလျှောက်နေလိုက်သည်။

ရန်လျူချင်းသည်မူ ယခုအချိန်အထိ မွေးစားဖခင်ကြီးအား မေးခွန်းမထုတ်မိသေး။

မွေးစားဖခင်ကြီးမှာ ပြောစရာစကား အလေးအနက်ရှိသည်ကိုတော့ သူ ကောင်းကောင်းသိနေပြီ။

ရန့်တာထုန်သည် မလှမ်းမကမ်းရှိ ပြတင်းပေါက် ဆီသို့ လျှောက်သွားခဲ့၏။

ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးမော ကြည့်ရှုနေလိုက်ပြန်သည်။

ခဏကြာသွားတော့မှ ရန်လျူချင်းဘက်သို့ မျက်နှာလှည့်လိုက်သည်။ သိပ်သည်းသောလေသံဖြင့်လည်း ခေါ်လိုက်သည်။

'လူကလေး....'

တဖက်နံရံကို ငေးစိုက်ပြီး အတွေးဝင်နေသော ရန်လျူချင်းသည် ဖခင်ကြီးဘက်သို့ မျက်နှာလှည့်လိုက်၏။

သူတို့နှစ်ဦး မျက်နှာချင်းဆိုင်လိုက်မိကြသည်။

ခဏမျှ မျက်လုံးချင်းဆိုင်မိနေပြီးနောက် မြို့စားကြီးရန့်တာထုန် မျက်နှာလွှဲသွားသည်။

ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးကြည့်လိုက်ပြန်သည်။

သို့သော် နှုတ်မှမူ စကားသံထွက်ပေါ်လာခဲ့၏။

'လူကလေးကို ဘဘပြောစရာတခု ရှိနေတယ်'

'မှန်ပါ၊ မိန့်ပါဘဘ'

'လူကလေးဟာ ဘဘရဲ့မွေးစားသားဆိုပေမယ့် ဘဘသားအရင်းတမျှ ချစ်ခင်တယ်ဆိုတာ အသိဘဲနော်'

'မှန်ပါ၊ သိပြီးကြောင်းပါ ဘဘ'

'ဘဘရဲ့ ဒုတိယကြင်ဖက် ချင်စုကွမ်း လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပျောက်ကွယ်သွားပြီးတဲ့နောက် ဒီကနေ့ဒီအချိန်အထိ ဘဘအနေနဲ့ နောက်ထပ် ကြင်ဖက်အသစ် မထားခဲ့တာ လူကလေးအသိဘဲနော်'

'မှန်ပါ ဘဘ'

'အခုတော့ ဘဘမှာ အသက်အရွယ်ကထောက်လာပြီ လူကလေး၊ ဘဘအနားမှာ ခြေဆုပ်လက်နယ် ဆေးပေးမီးယူ ပြုစုစောင့်ရှောက်ဘို့ ကြင်ဖက်တယောက်လိုလာခဲ့ပြီ။ ဒါကြောင့် ကြင်ယာတော်သစ်တင်မြှောက်ဘို့ ဘဘဆုံးဖြတ်လိုက်တယ်'

ရန့်တာထုန်သည် ပြတင်းပေါက်မှ မျက်နှာကို ခွာပြီး ရန်လျူချင်းကို အကဲခတ်ကြည့်ရှုလိုက်သည်။

ရန်လျူချင်းစကားမပြန်၊ နံရံကိုသာ အငေးသားကြည့်နေသည်။

ရန်လျူချင်းမျက်နှာတွင်၊ မည်သည့်ခံစားမှု အရိပ်အရောင်မျိုးကိုမှ မတွေ့ရသဖြင့် မြို့စားကြီး စိတ်သက်သာရာ ရသွားသည်။

ထို့ကြောင့် စကားကို ဆက်သည်၊



'အခု ဘဘပြောတဲ့ကိစ္စနဲ့ပတ်သက်ပြီး လူကလေးရဲ့ သဘောဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ ဘဘသိစမ်းချင်တယ်ကွယ်'

ရန်လျူချင်းသည် ထိုင်နေသော ကုလားထိုင်ထက်မှ အသာထ၍ ရပ်လိုက်သည်။ ရန့်တာထုန်ရှိရာ ပြတင်းပေါက် အနီးသို့ လျှောက်လာခဲ့သည်။

ရန့်တာထုန်နှင့် မလှမ်းမကမ်းတွင် ရပ်သည်။

မြို့စားကြီးသည် သူ့ကို အကဲခတ်သလို ကြည့်ရှုနေ၏။

ရန်လျူချင်းထံမှ စကားသံများ ထွက်ပေါ်လာသည်။

'ကျွန်တော့အနေနဲ့ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ဘယ်လိုမှ အနှောက်အယှက်မဖြစ်မိပါဘူး သဘာ၊ ဘဘ အိမ်ထောင်သစ်ထူထောင်မှာကို သဘောတူကျေနပ်ပါတယ်'

ရန့်တာထုန် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းတချက် ချလိုက်သည်။ ရန်လျူချင်းကိုလည်း လိုက်လှဲစွာ ပြုံး၍ကြည့်လိုက်သည်။

'အိမ်း....အိမ်း....လူကလေးတပါ ကျေနပ်မှုရှိဘယ် ဆိုတော့ ဘဘစိတ်ထဲမှာ စနိုးစနောင့်မဖြစ်ရတော့ဘူးပေါ့ကွယ်'

ရန်လျူချင်း ရိုသေစွာခေါင်းညိတ်လိုက်သည်။

'ကျွန်တော်ကျေနပ်ပါတယ်ဘဘ။ ဘဘဟာမြို့ကြီး တမြို့ကို အုပ်ချုပ်နေရတဲ့အကြီးအကဲ နယကမြို့စားကြီး တပါးပါ။ တယောက်တော့ ကြင်ယာသက်ထား ရှိထားမှသာ တင့်တယ်လျောက်ပတ်ပါတယ်။ ကျွန်တော့်အနေနဲ့လဲ ဘဘကိုကြင်ယာသစ်ရှာဖွေစေချင်နေတာ ကြာလှပြီ။ နို့ပေမယ့် ဘဘရဲ့ဆန္ဒသဘောထားက ဘယ်လိုရှိမှန်းမသိတာကြောင့် ပြောမထွက်နိုင်

ခဲ့တာပါ။ အခုတော့ ဘဘမှာ ဒီအတွက် အစီအစဉ် ရှိနေပြီဆိုတော့ ကျွန်တော်လိုက်လိုက်လှဲလှဲ ဝမ်းသာမိပါတယ် ဘဘ'

'အိမ် ... ဒီလိုဆိုယင် ဘဘကြင်ဖက်အသစ်တင်မြှောက်တော့မယ့်အကြောင်း စံအိမ်တော်ဘဆောင်လုံးနဲ့တကွ မြို့သူမြို့သားများပါသိအောင် ကြေငြာလိုက်တော့မယ် သူငယ်လေး'

'ကောင်းလှပါတယ် ဘဘ။ တခုတော့ သိခွင့်ရှိယင် သိပါရစေ....'

'ဘာများပါလိမ့်လူငယ်လေး'

'ဘဘ တင်မြှောက်မယ့် ကြင်ယာတော်လောင်းဟာ ဘယ်သူဘယ်ဝါလဲဆိုတာ သိလိုပါတယ်'

ရန့်ဘာထုန်သည် ချက်ခြင်းမဖြေမူဘဲ အပြုံး တရပ်ကိုသာ ပြုံးလိုက်သည်။

ဇ.ဖန် ဟက်ဟက်ပက်ပက်ရယ်သွမ်းသွားပြီး ရန်လျူချင်း၏ ပုခုံကို အသာအယာပုတ်လိုက်၏။

'လူကလေးသိလိုတာကို သိရပါစေမယ်လေ၊ မြင်လဲမြင်ရပါစေ့မယ်။ နို့သော် အချိန်ကလေးတော့ စောင့်အုံးလေကွယ့်'

'ဘာ့ကြောင့်များပါလဲ ဘဘခင်ဗျား။ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ကြိုတင်သိထားရတော့ ကောင်းတာပေါ့....'

'အိန်း....မကြာမီ အချိန်ပိုင်းအတွင်းမှာ စံအိမ်တော်ကို သူကိုယ်တိုင်ရောက်လာပါလိမ့်မယ်၊ ဒီတော့လူငယ်လေး မြင်ရတွေ့ရပါလိမ့်မယ်'

'မကြာမီအချိန်ပိုင်းအတွင်းမှာ ရောက်လာတော့မယ်....ဟုတ်လား ဘဘ'



ရန်လျူချင်းသည် တအံ့တဩမေးလိုက်မိ၏။ အဖြစ်အပျက်သည် သူ့စိတ်ထဲတွင် မြန်လွန်းနေသည်ဟု ထင်မှတ်မိသည်။

မြို့စားကြီးသည်မူ ပြုံးရွှင်သောမျက်နှာဖြင့် ခေါင်းညိတ်၍ ပြလိုက်သည်။

'အိမ်း....ဘဘရဲ့ဆန္ဒကို လူကလေး ငြင်းပယ်ခြင်း ပြုမယ်မဟုတ်ဘူးဆိုတာ စောစောကသဲက ကြိုတင် သိထားပါတယ်လေ။ ဒါ့ကြောင့် အခုလိုအချိန်နီးမှဘဲ ဖွင့်ပြောရတော့ဘာဘဲ၊ နံနက်ပိုင်း မိုးမသောက်မီအချိန်ကထဲက ကြင်ယာတော်သစ်ကို ခေါ်ဆောင်ဖို့ စံအိမ်တော်အမှုထမ်းများနဲ့ သက်တော်စောင့်တပ်ဖွဲ့ထွက်ခွာသွားကြပါပြီ။ မကြာခင် သူတို့ဟာ ကြင်ယာတော်လောင်းကို စံအိမ်တော်အရောက် ခေါ်ဆောင်လာကြပါလိမ့်မယ်'

'ကြင်ယာတော်လောင်းဟာ ဘယ်အမျိုးအနွယ် ဖြစ်တယ်။ အမည်နာမဟာ ဘယ်လိုရှိတယ်ဆိုတာလောက်ကိုတော့ ကြိုတင်ပြီး သိထားနိုင်ခွင့်မရှိဘူးလား ဘဘခင်ဗျား'

'အို....လူငယ်လေးနှယ်။ သူရောက်လာတော့ အားလုံးသိရမှာဘဲ မဟုတ်လားကွယ်။ ဆန္ဒစောရန်ကော....'

မွေးစား ဖခင်ကြီးနှင့် စကားများ ပြောဆိုပြီးနောက် ရန်လျှူချင်းသည် ညှော်ဆောင်မှူစံအိမ်တော်ကြီးအပြင်သို့ထွက်ခွာလာခဲ့သည်။

အကြောင်း ရည်ရွယ်ချက်တော့ သိပ်မရှိလှ။

သူ့ခြေလှမ်းများသည် စံအိမ်တော်ကြီးနှင့် မလှမ်းမကမ်းရှိ တောအုပ်ဘက်သို့ အလိုအလျောက် လျှောက်လှမ်းလာခဲ့သည်၊

တောအုပ်အတွင်းသို့ ရောက်လာပြန်တော့လည်း စိတ်အာရုံ၏ စေ့ဆော်မှုကြောင့် မကြာခဏ ထိုင်နေကြစမ်းချောင်းကလေး ရှိရာဆီသို့ ရောက်လာခဲ့ရသည်။

စမ်းချောင်းအစပ်မိုးမခပင်ကြီးအောက်ရှိ ကျောက်တုံးပေါ်တွင် သူ ထိုင်ချလိုက်သည်။

စမ်းချောင်းကလေးသည် ငွေရောင်လက်၊ ပလုံစီ ရေစီးသံ လွင်လွင်ကို ပြုယင်း စီးဆင်းနေသည်။



စမ်းရေစီးသံ၊ သစ်ရွက်များကို လေတိုးသဖြင့် တရှဲရှဲအသဲ့သဲ့ မြည်သံ၊ ငှက်ကလေးတချို့၏ အော်ဟစ် မြည်ကြွေးသံမှအပ တောအုပ်သည် ပကတိ တိတ်ဆိတ်နေလေသည်။

အေးမြသော သစ်ရိပ်ဝါးရိပ်များကြောင့်လည်း စမ်းချောင်းကလေး၏ ဝန်းကျင်တွင် ကြည်နူးချမ်းမြေ့ဖွယ် ကောင်းနေသည်။

စမ်းချောင်းသည် တောအုပ်ထဲတွင် တခဖြောင့်တည်း တသွယ်တည်းမဟုတ်။

ကွေ့လည်ရစ်ခွေ စီးဆင်းနေခြင်း ဖြစ်သည်။

မြွေလိမ်မြွေကောက်သဏ္ဍာန် စမ်းချောင်းကလေးတလျှောက် ငေးမောကြည့်ရှုယင်း ရန်လျှူချင်း တွေးတောနေမိပြန်သည်။

လူ့ဘဝဟူသည် ဤစမ်းချောင်းငယ် ကဲ့သို့ပင် အကွေ့အကောက် အလှည့်အပြောင်း များတတ်လှချေသည်တကား။

ဘဝနှင့်ပတ်သက်၍ တွေးမိလာသည်နှင့် တစုံတရာသည် ခေါင်းထဲတွင် ဖြတ်ကနဲ ပေါ်ပေါက်လာခဲ့ရလေသည်။

မဝေးလှသေးသော အချိန်ကာလဆီက အဖြစ်အပျက်များ။

လပိုင်းမျှသာ ရှိနေသေးသည်။

သူသည် ချောင်းရေပြင်ကို ငေးစိုက်ကြည့်နေမိပြန်သည်။

ပယင်းနှယ် စိမ်းမြကြည်လင်နေသော ချောင်းရေပြင်တွင် မျက်နှာကလေးတခုက ထင်ဟပ်လာသည်။

ချောမောနုပျိုသော မျက်နှာကလေး။

ရွှန်းစိုလှပသော မျက်နှာကလေး။

ချစ်နိုးဖွယ်ရာမျက်နှာ။

လွင်စာပေ
အမှတ် ၁၃၀ ၆လ

ထိုမျက်နှာကလေးသည် ရိုလျှံ၏ မျက်နှာပင်ဖြစ်၏။

သူ့နှလုံးသားနှင့်ထပ်တူ တွယ်တာမြတ်နိုးရသည့် ရိုလျှံ၏ မျက်နှာ။

ယခုတော့ ရန်လျှူချင်းသည် မိမိဘာကြောင့် မွေးစားဖခင်ကြီးနှင့် စကားပြောဆိုအပြီး သည်ချောင်းစပ်သို့လာရောက်ထိုင်မိကြောင်း နားလည်လိုက်ပြီ။

မသိစိတ်နှလုံးသားတွင် အချစ်ဆိုသောအရာက စေ့ဆော်လိုက်သောကြောင့် ဖြစ်သည်။

မိမိ၏မွေးစားဖခင် မြို့စားကြီး ရန့်တာထုန်သည် မိမိအား သူဆောင်နှင်းတော့မည့် ကြင်ယာတော်လောင်းအကြောင်းပြောကြားခဲ့သည်။

သည်အခါ မိမိနှလုံးသား အတွင်းမှသည် မေတ္တာစိတ်အားများသည် ညိမ်သက်နေရာမှ လှိုင်းထလှုပ်ရှားလာခဲ့ရသည်။

ရိုလျှံကို တမ်းတလာမိခဲ့ရသည်။

ထို့ကြောင့် ချောင်းစပ်ဆီသို့ ရောက်ခဲ့ရ၏။

ချောင်းရေပြင်ထဲမှ ထင်ဟပ်နေသော ရိုလျှံ၏ မျက်နှာကလေးသည် ပိုမို၍ကြည်လင်လာသည် ပိုမို၍ပီပြင်လာသည်။ ပိုမို၍လည်းပြုံးလာရပါသေး၏။

ရန်လျှူချင်းသည် သက်ပြင်းတရပ်ကို ဟင်းကနဲ ချလိုက်မိသည်။

ရီဝေသော၊ ဆွေးမြေ့သော အရိပ်အခြည်များသည် မျက်လုံးအိမ်တွင်နေရာယူ၍ လာခဲ့သည်။

နှုတ်မှလည်း တီးတိုးရေရွတ်လိုက်သည်။



'ဘယ်ဆီရောက်လို့ ဘယ်ဆီမှာများ ပျောက်နေရသလဲ ရိုလျှံရယ်'

သူ့ရေရွတ်ညည်းတွားသံကို ရိုလျှံကတော့ ကြားနိုင်လိမ့်မည်မထင်။

ကြားနိုင်မည်ဆိုလျှင်တော့ ကြားရာအရပ်က သူရှိရာသို့ အပြေးအလွှားရောက်လာခဲ့မည်မှာသေချာသည်။

သူကအသက်နှင့်ထပ်တူ ချစ်ရသလို ရိုလျှံကလည်း သူ့အပေါ် ဘဝလုံးပုံ၍ချစ်ခဲ့ရှာပါ၏။

တွေ့ရပုံကဆန်းသလို၊ ပျောက်ကွယ်သွားပုံကလည်း ဆန်းကြယ်လှသောမိန်းကလေး။

ဘဝတကွေ့တွင် တခဏမျှသာတွေ့ရသော်လည်း မမေ့နိုင်အောင် စွဲလမ်းခြင်းဖြစ်ရသည်။

သစ်ရွက်ကလေးများသည် လေတိုးသဖြင့် တရှဲရှဲမြည်ကြွေးနေကြသည်။

ငှက်ကလေးများကလည်း တပင့်တပင် ကူးထားသန်းကာ ဘာသာဘာဝတေးမြည်ကြွေးနေကြသည်။

စမ်းချောင်းကလေးသည်လည်း သံစဉ်မှန်မှန်ဖြင့်ဆိုဆဲတေးကိုသီကြွေးနေဆဲရှိပါ၏။

လေပြင်းပြင်းတချက်တိုးဝှေ့လိုက်သည်။

ပင်ယံအမြင့်မှ ရွက်ဝါကလေး တရွက်သည် လေငြိတွင် ဝဲပျံလူးယင်းစမ်းချောင်းကလေးအတွင်းသို့ ကျသွားသည်။

ရေအလျဉ်တွင် ရွက်ဝါကလေး စီးဆင်း မျောပါသွားသည်။

နောက်ထပ်လေအသုတ်တွင် ရွက်ဝါကလေးတရွက် ကြွေခဲ့လာခဲ့ပြန်သည်။

ပထမမြောပါနေသော ရွက်ဝါကလေးနဘေးတွင် နောက်ထပ်ရွက်ဝါကလေးကျသွားသည်။

ရွက်ဝါကလေး နှစ်ရွက်တို့သည် တရွက်နှင့် တရွက်ပူးကပ်ယှဉ်တွဲယင်း ရေစီးကြောင်းအတိုင်းမြောပါသွားကြသည်။

ဤရွက်ဝါကလေး နှစ်ရွက်တို့သည် သံသရာ ဆုံးသည့်တိုင်ပူးကပ်ယှဉ်တွဲယင်း ယခုကဲ့သို့ မြောပါသွားကြလေမည်လား၊

ကြေကွဲဆွေးမြေ့ရိပ်များသည် ရန်လျှုချင်း၏ မျက်နှာထက်တွင် ပိုမို၍ ကြီးစိုးမင်းမူလာခဲ့သည်၊

မသဲကွဲသော စကားသံတရပ်သည်သူ့နှုတ်ဖျားမှထွက်ပေါ်လာခဲ၏၊

ပြီးနောက်....

ခေါင်းကိုလည်း လေးပင်စွာ ခါယမ်းလိုက်မိသည်။

သစ်ရွက်ကလေးများက မြည်ကြွေးဆဲ၊ ငှက်ကလေးများကတေးဆိုဆဲ၊ စမ်းချောင်းကလေးကလည်း ပလုံစီမြည်ဆဲ။

ယင်းတို့နှင့်အတူ ရန်လျှုချင်း၏ အတွေးတို့သည် ဟိုအခေါ်ဆီသို့ ရောက်ရှိသွားရလေတော့သည်၊

တခုသောအတိတ်ဆီ၊

ယင်းအတိတ်သည် ရိဝှမ်းလင် အမည်ရှိသော သွေးသောက်ရောင်းရင်းတဦးမှ အစပြုခဲ့လေသည်၊

## ၁၄

ရိဝှမ်းလင်သည် ရန်လျှုချင်း၏ အရင်းနှီးဆုံးသော ရောင်းရင်းသွေးသောက်တဦး ဖြစ်ခဲ့သည်။

ရှင်းဝှာတောင်တန်းမှ ဆရာကြီး ကျိုသုံးလေခင်လင်ထံတွင် အတူတကွ ပညာသင်ကြားစဉ် တဦးနှင့်တဦး ညီရင်းအကိုတမျှ ရှိခဲ့ကြသည်။

သူတို့နှစ်ဦးသည် ဆရာကြီးကျိုသုံးလောင်သင်ထံတွင် ငါးနှစ်တာမျှ ပညာရင်နို့ လက်တွဲ သောက်စို့ခဲ့ကြသည်။

မွန်ဂိုကေရာဇ် ဂျင်ဂစ်ခန်၏ မွန်ဂိုတပ်များ တရုတ်ပြည်ကြီးမြောက်ပိုင်း ဝင်ရောက် တိုက်ခိုက်ပြီးနောက် မွေးစားဖခင်ကြီး ရန်တာထုန်သည် ရန်လျှုချင်းအား တိုင်းပြည်၏ ကာကွယ်ရေး လုပ်ငန်းများ ပိုမိုထက်မြက်စွာလုပ်ကိုင်နိုင်စေရန်အတွက် ရန်လျှုချင်းကို ရှင်းဝှာတောင်တန်းဆီသို့ သွား၍ ပညာသင်ကြားစေခဲ့သည်။

ရန်လျူချင်းသည်လည်း မွေးစား ဖခင်ကြီး၏ အမိန့်ဆန္ဒအတိုင်း သွားရောက် ပညာသင်ကြားခဲ့ရသည်။

မြို့စားကြီး ရန့်တားထုန်သည် မျိုးချစ်ပြည်ချစ် ပုဂ္ဂိုလ်ကြီးတဦးဖြစ်၏။ နယ်ချဲ့ မွန်ဂိုတပ်များကို စစ်မြေပြင်တွင် အကြိတ်အနယ် ရင်ဆိုင်တိုက်ခိုက်ခဲ့သည်။ စစ်မြေပြင်အရပ်တွင် မြှားသင့်ပြီး မြို့စားကြီး၏ ဝဲမျက်လုံး ကန်းခဲ့ရသည်။

ဝဲမျက်လုံး ကန်းခဲ့ရသည့်အတွက် မြို့စားကြီးသည်မွန်ဂိုနယ်ချဲ့ဆန့်ကျင်မှု နောက်ဆုတ်မသွား။ လက်လျှော့မသွား။။

ပို၍ပင် မျိုးချစ်စိတ် ထက်သန်လာခဲ့သည်။

မွန်ဂိုဆန့်ကျင်ရေး လုပ်ငန်းများကို ပိုမို၍ လုပ်ဆောင်လာခဲ့သည်။

မိမိအားထားသော မွေးစားသား ရန်လျူချင်းကိုသိုင်းပညာအထွဋ်အထိပ် ရောက်စေနိုင်ရန်အတွက် ပညာများ အပတ်တကုပ်သင်ကြားစေခဲ့သည်။

သို့ဖြင့် ရန်လျူချင်းသည် ရှင်းဝှာတောင်တန်းတွင် ငါးနှစ်မျှကြာခဲ့ရသည်။

သိုင်းပညာများကိုလည်း မအိပ်မနေ ကြိုးစားသင်ယူခဲ့သည်။

ဖခင်ကြီး သွပ်သွင်းပေးသဖြင့် နယ်ချဲ့ဆန့်ကျင်ရေး မွန်ဂိုဆန့်ကျင်ရေး မျိုးချစ်စိတ်ဓာတ် များသည်လည်း ပြင်းသည်ထက်ပြင်းထန်လာခဲ့ရသည်။

ဆရာကြီး ကျိုလုံးလောင်လင်ထံတွင် ပညာတူတပည့်များအတွင်းမှ ရန်လျူချင်းသည် ရိဝှမ်းလင်နှင့် ပိုမို၍ ပူးပေါင်းမိခဲ့သည်။



ရိဝှမ်းလင်သည်လည်း၊ ရန်လျူချင်းကဲ့သို့ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော လူငယ်တဦး။

ရိဝှမ်းလင်၏ ဖခင်သည် အကျော်အမော် သိုင်းပညာရှင်ကြီးတဦးဖြစ်သည်။

ဆရာကြီး ကျိုလုံးလောင်လင်နှင့် ပညာတူ ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည်။

တရုတ်ပြည်မြောက်ပိုင်းတွင် ဂျင်ဂစ်ခန်၏တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာမှ သူရဲကောင်းပီသစွာ ကျဆုံးခဲ့ရသည်။

ဖခင်များထံမှ အမွေရထားသော စိတ်ဓာတ်များကြောင့် ရန်လျူချင်းနှင့် ရိဝှမ်းလင်တို့မှာ ယခုကဲ့သို့ ပိုမိုပူးပေါင်းမိကြခြင်းဖြစ်သည်။ ပိုမိုတွဲဖက်မိကြခြင်းဖြစ်သည်။

ပညာသင် ငါးနှစ်မျှကြာပြီးနေစဉ်က မြောက်ပိုင်းကိုရရှိထားသော မွန်ဂိုဧကရာဇ် ဂျင်ဂစ်ခန်၏မြေးတော်ကူဗလိုင်ခန်ဧကရာဇ်သည် တရုတ်ပြည် တောင်ပိုင်းကို အင်အားကြီးမား လှသောတပ်ကြီးများဖြင့် ထိုးစစ်စတင်ဆင်ခဲ့လေပြီ။

တောင်ပိုင်းနှင့်မြောက်ပိုင်းနယ်စပ် တင်းနယ်ပင်ကျဆုံး သွားခဲ့ပြီဖြစ်ကြောင်း၊ မွန်ဂိုတို့လက်တွင်းသို့ ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း ရှင်းဝှာတောင်တန်းမှ သူတို့ သတင်းရရှိခဲ့သည်။

ပညာရပ်များကို အေးအေးလူလူ သင်ကြားနိုင်ခြင်းမရှိကြတော့။

စိတ်လက်မဖြောင့် ရှိလာခဲ့ကြသည်။

သူတို့ရင်ထဲမှ မျိုးချစ်စိတ်ဓာတ် အမိနိုင်ငံတော်ကို အကာ

အကွယ်ပေးလိုသည့် စိတ်ဓာတ်များသည် လျှိဖိုဘ်လာခဲ့သည်။ ချုပ်ဘည်းခြင်းငှာ မစွမ်းသာတော့။

ရိဝှမ်းလင်သည် သူ့နေရာ်းအချပ်ဒေသဖြစ်သည့် ထန့်ကျှင်လွှင်ပြင်ဒေသသို့ အလျှင်အမြန် ပြန်သွားခဲ့သည်။

သူငယ်ချင်း သွေးသောက်နှစ်ဦး နှုတ်ဆက် ညစာစားပွဲဘှင် ရန်လျှူချင်းအပြန် ထန့်ကျှဲ်ဒေသသို့ ဝင်လာခဲ့ပါရန် ဖိတ်ခေါ်သွားခဲ့သည်။

တသမျှမကြာမီ ရန်လျှူချင်းသည်သည်း ရှင်းဝှာခတာင်တန်းကြီးပေါ်မှ ဆင်းလာခဲ့၏။

မိမိအရပ် ဆင်ဖန်မြို့သို့ပြန်အာ နယ်ချဲ့မွှန်ဂိုဘပ်များကို ခုခံအာကွယ်ဘို့ဖြစ်သည်။

အပြန်တွင် သွေးသောက်ရောင်းရင်း ရိဝှမ်းလင်ရှိရာ ထန့်ကျှင်ဒေသသို့ လှည့်၍ဝင်ခဲ့သည်။

ရိဝှမ်းလင်နေထိုင်ရာ မြို့ကလေးသို့ ညဘက်တွင် ဆိုက်ရောက်ခဲ့သည်။

တလဘာမျှ ခွဲခွာခဲ့ရသော သူငယ်ချင်းဖြစ်သူနှင့် ပြန်လည်တွေ့ရှိရတော့မည်ဖြစ်သဖြင့် ရန်လျှူချင်း များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သည်။

သူသည် မိမိအရပ်ဒေသဖြစ်သည့် ဆင်ဖန်မြို့သို့ တိုက်ရိုက်မပြန်သေးဘဲ သွေးသောက်ရောင်းရင်း ရိဝှမ်းလင်နှင့် တသဘန်သည် ဆယ့်ငါးရက်ဘန်သည် နေလိုက်ဦးမည်။ သူငယ်ချင်းနှစ်ဦးမွန်ဂိုနယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ဘို့အဘွက် တိုင်ပင်နှီးနှောကြမည်။ အမြင်ခြင်းဖလှယ်ကြမည်၊ ဆွေးနွေးညှိနှိုင်းကြမည်။



ပြီးတော့ ပျော်ပျော်ပါးပါး သောက်ကြစားကြမည်။ သည့်နှယ် စိတ်ကူး၍ ဆုံးဖြတ်လာခဲ့၏။

မြို့ကလေးသို့အဝင်မှာပင် ရန်လျှူချင်းသည် ချစ်သူငယ်ချင်း၏ ဆီးကြိုနေမည့်မျက်နှာကို မြင်ယောင်ကာ ပြုံးလိုက်မိသေးတော့သည်။

မိမိအား အားပါးတရ ဖက်လှဲတကင်း ဆီးကြိုမည့် သွေးသောက်ရောင်းရင်း သူငယ်ချင်း၊ ရိဝှမ်းလင်။

မိုးချုပ်ညရီမှာ သူ ရိဝှမ်းလှင်တို့ အိမ်ရှေ့သို့ ရောက်ရှိလာခဲ့သည်။

သူငယ်ချင်း၏အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်။

မိမိရောက်ရှိလာသည်ကို သိလျှင် သူငယ်ချင်းသည် ဝမ်းပမ်းတသာ ပြေးထွက်၍ ဆီးကြိုပေလိမ့်မည်။

သူမြှော်လင့်ထားသည့် အတိုင်းပင် သူငယ်ချင်းဖြစ်သူသည် သူ့အား ဆီးကြိုနေပါ၏။

သို့သော်....

သို့သော်....

သူမြှော်မှန်းထားသည့် ပုံစံအနေအထားမျိုးနှင့်တော့မဟုတ်။

အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်နှင့် အိမ်ခြံဝန်းထဲတွင် လူအများ ရှုပ်ထွေးနေသည်ကို တွေ့ရသည်။

ရန်လျှူချင်းသည် မြင်းပေါ်မှ ဆင်းလိုက်ပြီးနောက် အိမ်ခြံဝန်းအတွင်းမှ ထွက်လာသူတဦးကို မေးလိုက်သည်။

'ဒီဥစ္စာ ရိဝှမ်းလင်တို့ရဲ့အိမ် ဟုတ်ပါသလားခင်ဗျာ'

အိမ်အတွင်းမှ ထွက်လာသူက ပြန်ဖြေသည်။

'မှန်ပါတယ်မောင်။ မောင်က....

'ကျွန်တော်က ရိုဗမ်းလင်ရဲ့ သူငယ်ချင်းပါခင်ဗျာ။ ရှင်းဗွာ တောင်တန်းပေါ်မှာ သူနဲ့ ပညာသင်ဖော်သင်ဖက်ပါ။ အခု နေရင်းအရပ်ဒေသအပြန် သူ့ဖိတ်ကြားထားလို့ ဝင်လာခဲ့တာပါ'

'အို.... ဟုတ်လား'

'မှန်ပါတယ်ခင်ဗျာ။ သူ့ကိုတွေ့ရအောင် လာခဲ့တာပါ။ ဒါ့ထက် အိမ်ဝန်းထဲမှာ လူဝင်လူထွက်များလှချည်လား။ ဘာတွေများ ဖြစ်နေပါသလဲ ဦးရီးတော်'

လူကြီး၏မျက်နှာသည် ကွက်ကနဲ တချက်ပျက်သွား၏။

'အော်... မောင်က မသိသေးဘဲကိုး။ ဒီမှာ ဖြစ်နေတဲ့အကြောင်း'

လူကြီးမျက်နှာပျက်သွားသဖြင့် ရန်လျှုချင်းစိတ်ထဲ ထင့်ကနဲ ဖြစ်သွားမိသည်။ စိုးရိမ်ပူပန်မှုကလည်း ဝင်လာသည်။ ထို့ကြောင့် အလောတကြီး မေးလိုက်မိ၏။

'ဒီမှာ ဘာတွေများဖြစ်နေပါသလဲ ဦးတော်ခင်ဗျာ။ တဆိတ်ကလေး အမြန်အမိန့်ရှိစေလိုပါတယ်'

လူကြီးသည် စိတ်ထိခိုက်စွာ ခေါင်းကို လေးလေးပင်ပင်ကြီး ခါယမ်းလိုက်၏။ ပြီးမှ တလုံးချင်း ပြောလိုက်သည်။

'ရိုဗမ်းလင် သေပြီတူငယ်။ သူ ဆုံးရှာပြီ'

'ခင်ဗျာ'

ရန်လျှုချင်းသည် ပါးစပ်အဟောင်းသားနှင့် ခင်ဗျာတခွန်းသာ ရွတ်ဆိုမိယင်း လူကြီးမျက်နှာကို ကြောင်ရှာကြည့်နေမိသည်။



မယုံ။

မယုံနိုင်။

ကိုယ့်နားကို ကိုယ်မယုံနိုင်။

သေပြီ။

သေပြီတဲ့။

ရိုဗမ်းလင် သေပြီတဲ့။

ဘုရား....

ဘုရား။

သင်္ချိုင်းရသဘောတရားကား မြန်လှချေတကား။

ရန်လျှုချင်းခေါင်းထဲတွင် မူးမိုက်သွားသလို ခံစားလိုက်ရသည်။

၁၅

လူကြီးသည် ရန်လျှုချင်းအား အိမ်ဝန်းထဲသို့ ခေါ်ဆောင်လာခဲ့၏။

အိမ်ရှေ့တွင် ရိဝှမ်းလင်၏ အသုဘကို ပြင်ထားသည်။

ခေါင်းပင်သွင်းပြီးနေပြီ။

ခေါင်းအဖုံးပေါ်တွင် ရိဝှမ်းလင်ဆောင်နေကျ ခေါင်းကို တင်ထားသည်။

အသုဘခေါင်းရှေ့တွင် ဖယောင်းတိုင်နီများ ထွန်းညှိထားသည်။

အမွှေးတိုင်များကလည်း အငွေ့များတလူလူနှင့်။

ရောင်စုံပန်းများ ထိုးစိုက်ထားသည့် ပန်းအိုးများကလည်း ရှိနေသည်။

ရန်လျှုချင်းသည် ရိဝှမ်းလင်၏ အသုဘရှေ့တွင် ဦးညွှတ် အရိုအသေပြုလိုက်သည်။



ပြီးနောက် ကြေကွဲရိပ်ဝေသော မျက်လုံးများဖြင့် အသုဘခေါင်းကို ကြည့်လိုက်မိသည်။

ခေါင်းထဲတွင် သူငယ်ချင်း ဖြစ်သူသည် အသက်ဝိဥာဉ်ကင်းမဲ့စွာ အိပ်မောကျနေပေရော့မည်။

ရန်လျှုချင်းသည် ခင်မင် နှစ်လိုဘွယ် ကောင်းသော၊ ယောကျ်ားပီသ၍ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော သွေးသောက်ရောင်းရင်း ရိဝှမ်းလင်၏ မျက်နှာကို မြင်ယောင်နေမိသည်။

လာခဲ့စဉ်ကမူ သူငယ်ချင်း သွေးသောက်ရောင်းရင်း နှစ်ဦး ပြောကြမည်၊ ဆိုကြမည်၊ တိုင်ပင်နှီးနှောကြမည်၊ ပြီးတော့ ပျော်ရွှင်စွာ နေလိုက်ကြမည်။ စသည်ဖြင့် စိတ်ကူးလာခဲ့သည်။

ယခုတော့ သူ့စိတ်ကူးမှုဟူသမျှ ပျက်ပြယ်ခဲ့ရပြီ။

သူ့ဆန္ဒဟူသမျှ လေနှင်တိမ်ကဲ့သို့ လွင့်မြောခဲ့ရပြီ။

ချစ်သော သွေးသောက်ရောင်းရင်းသည် ဤလောကတွင် မရှိတော့။

သည်နေရာတွင် သူ ဆက်လက်ရှိနေဘို့ လိုအပ်ပါသေးသလော။

ထို့ကြောင့် ပြန်လည်ထွက်ခွာဘို့ ဆုံးဖြတ်လိုက်သည်။

ပြန်လည်မထွက်ခွာမီ အကြောင်းတရပ်တော့ သိသွားလိုသည်။

ရန်လျှုချင်းသည် သူ့အား အိမ်တွင်းသို့ ခေါ်ဆောင်လာခဲ့သည့် လူကြီးကို မေးလိုက်မိသည်။

ရိဝှမ်းလင်ဟာ ဘာ့ကြောင့် သေဆုံးခဲ့ရပါသလဲ ဦးဘောင်'

လူကြီးသည် မဖြေ။ ရိဝှမ်းလင်၏ အသုဘခေါင်းကို ငေး စိုက်ကြည့်နေသည်။

လူကြီး၏မျက်လုံးများအတွင်းတွင်လည်း စိတ်ထိခိုက်ကြေကွဲခြင်းတို့ မင်းမူနေသည်။

ရန်လျှုချင်းသည် လူကြီးထံမှထွက်ပေါ်လာမည့် အဖြေစကားကို စောင့်ဆိုင်းနေလိုက်၏။

ခဏကြာမှ လူကြီး၏အသံ ထွက်ပေါ်လာသည်။

'တူမောင့်နံမယ်က ရန်လျှုချင်း ဟုတ်ပါတယ်နော်'

ရန်လျှုချင်း ပြန်ဖြေလိုက်ရ၏။

'မှန်ပါတယ် ဦးတော်ခင်ဗျား။ ဘာ့ကြောင့်များပါလဲ'

'အကြောင်းကလေးတခုရှိလို့ ဆိုပါတော့လေ။ ဒါထက် မောင်က ဆင်ဖန်မြို့က မဟုတ်လား'

'ဟုတ်ပါတယ် ဦးတော်ခင်ဗျား'

လူကြီးသည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အိမ်း....ကျုပ်ကလဲ မောင့်ကို ခုဝမှာတွေ့တွေ့ခြင်း ကျုပ်တူတော်မောင် ရိဝှမ်းလင်မှာကြားသွားခဲ့တဲ့ ရန်လျှုချင်း ဆိုတဲ့ သူငယ်ဖြစ်လိမ့်မယ်ဆိုတာ ထင်မိလိုက်ပေသားကွယ့်'

ရန်လျှုချင်း လူကြီး၏စကားကြောင့် တအံ့တဩ ဖြစ်သွားသည်။

ကွယ်လွန်သေဆုံးခဲ့သည့် ရိဝှမ်းလင်သည် ကြိုတင်မှာကြားသွားခဲ့သည် ဆိုပါကလား။

မိမိဆိုက်ရောက်လာမည်ကို သိသွားခဲ့ပုံပါကလား။



'ရိဝှမ်းလင်က ကျွန်တော့ကို မှာသွားတယ် ဟုတ်လား ဦးတော်'

လူကြီးသည် ခေါင်းညိတ်လိုက်ပြန်၏၊

'မှန်တယ် တူတော်မောင်။ မှာကြားသွားရုံတင် မကဘူး.... မောင့်အတွက်လဲ တစုံတခု ထားခဲ့တယ်။ ကိုင်း...ကိုင်း....အိမ်တွင်းခန်းထဲလိုက်ခဲ့ပေအုံး။ ကျုပ်တူတော်မောင် မှာကြားမှုနဲ့ ပတ်သက်လို့ ပြောဆိုကြရအောင်။ အော်...ဒါထက် ကျုပ်.... ဘယ်သူတယ်ဝ ဖြစ်တယ်ဆိုတာကို မောင့်ကို ပြောမပြရသေးဘူး။ ကျုပ်နံမည်က ရိပတ်ဖုတဲ့ကွယ့်၊ ရိဝှမ်းလင်ရဲ့ဦးကြီးဝမ်းကွဲ တဦးပေါ့ကွယ်။ အခုလဲ ရိဝှမ်းလင်ရဲ့အသုဘကို ကျုပ်ဘဲ ကြီးမှူးဆောင်ရွက်နေရတယ် ဆိုပါတော့'

ရန်လျှုချင်းသည် ရိပတ်ဖုနှင့်အတူ အိမ်ကြီး၏ အတွင်းဆောင်အတွင်းသို့ လိုက်ပါလာခဲ့သည်။

အတွင်းဆောင်ထဲသို့အရောက်တွင် နှစ်ဦးသား ထိုင်လိုက်ကြသည်။

ထိုင်မိကြသည်နှင့် ရိပတ်ဖုသည် ရန်လျှုချင်းအား အံဆွဲအတွင်းမှ စာပုလွေလိပ်တခု ထုတ်၍ပေးသည်။

စာပုလွေလိပ်ကို ရန်လျှုချင်း လက်ခံယူလိုက်ရသည်။

စာပုလွေလိပ်ပေါ်တွင် ချိတ်တံဆိပ်တခု ထိုးနှိပ်ထားသည်၊

ယင်းချိတ်တံဆိပ်သည် ရိဝှမ်းလင်တို့ မျိုးဆက်၏ အမှတ်တံဆိပ်ပင် ဖြစ်ပေလိမ့်မည်။

ရန်လျှုချင်းသည် ချိတ်ကိုခွာ၍ စာပုလွေအား ဖွင့်ပြီး စာကို ထုတ်ယူလိုက်သည်။

စာကား ဤသို့ အစချီထားလေသည်။

ချစ်ကြည်ရင်းနှီး လေးစားအပ်ပါသော အကြည်တော် သွေးသောက် ရောင်းရင်းရန်လျူချင်း....။

သွေးသောက်သည် တနေ့တွင် ကျွန်ုပ်တော်ရှိရာသို့ ရောက်ရှိလာမည်ကို အတတ်သေချာ သိထားပြီး ဖြစ်ပါသည်။

ရှင်းဝှါတောင်တန်းကြီးပေါ်တွင် ကျော်ဇော့ရှင် ဆရာကြီး ကျိုလုံးလောင်လင်ထံ၌ အတူတကွ ချစ်ခင်သွေးစည်းစွာ ပညာသင်ကြားခဲ့ရသည့်ရက်များကို မမေ့နိုင်ခဲ့ပါ။

ညီအကိုရင်းချာသဖွယ်နေထိုင်ခဲ့ရသည်တို့ကိုမမေ့နိုင်ခဲ့ပါ။

ချစ်သောသွေးသောက်အား ကျွန်တော်သည် တမလွန်ဘဝမှာပင် သတိရနေမိမည် ဖြစ်ပါသည်။

ချစ်သော သွေးသောက်ခင်ဗျား....။

ယခု ဤစာကို အကြည်တော်ဖတ်နေရစဉ် ကာလတွင် ကျွန်တော်သည် လူ့ပြည်လူ့လောကတွင် ရှိနေတော့မည် မဟုတ်ပါ။

ရန်သူ့လက်ချက်ဖြင့် ဘဝတပါးသို့ ကူးပြောင်းသွားခဲ့ရပြီ ဖြစ်ပါသည်။

အကြည်တော် ရန်လျူချင်း....။

အကြည်တော်နှင့် အကြည်တော်၏ဖခင် မြို့စားကြီး ရန့်တားထုန်တို့သည် မွန်ဂို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်သော မျိုးချစ်ပုဂ္ဂိုလ်များဖြစ်သလို ကျွန်တော်



တို့မျိုးဆက် မိသားစုသည်လည်း မွန်ဂို နယ်ချဲ့ဆန့်ကျင်ရေးသမားများ ဖြစ်ကြပါ၏။

ယခုမှုပင် ဖွင့်ဟပြောကြားပါတော့မည်။

ကျွန်တော်တို့သည် သာမန် နယ်ချဲ့ ဆန့်ကျင်ရေးသမားများ မဟုတ်ကြပါ။

ကျွန်တော်၏ဖခင်ကြီးသည် ဆုံးရှုံးခဲ့သော ပီကင်းနေပြည်တော်ကို အုပ်ချုပ်စိုးစံခဲ့သည့် ဘုရင်ကောရာဇ်၏ ညာလက်ရုံး အမတ်ကြီးတပါး ဖြစ်ပါသည်။

နှလုံးရည်သာမက လက်ရုံးရည်ပါ ထက်မြက်သဖြင့် ဘုရင်ကောရာဇ်၏ တပ်မတော်ထဲတွင် သေနာပတိချုပ်ရာထူးကိုလည်း ထမ်းရွက်ရပါသည်။

မွန်ဂိုတို့နှင့်တိုက်ခိုက်သော တိုက်ပွဲတွင် တိုက်ပွဲအခြေအနေပြင်းထန်လာ အရေးမလှသဖြင့် ပီကင်းကောရာဇ်သည် ကျွန်တော်၏ဖခင်အား အဖိုးထိုက်အဖိုးတန် နန်းစဉ်ပစ္စည်းများကို ယူဆောင်၍ ဆုတ်ခွာစေခဲ့ပါသည်။

နန်းစဉ်ပစ္စည်းများ၏တန်ဖိုးမှာ ခန့်မှန်းအကဲဖြတ်၍မရပါ။

သိန်းပေါင်း သန်းပေါင်းများစွာ တန်မည်ကိုတား ရဲရဲကြီးပြောဝံ့ပါသည်။

ဖခင်ကြီးသည် နန်းစဉ်ပစ္စည်းများကို လျှို့ဝှက်သော တနေရာတွင် အမှတ်အသားလုံခြုံစွာ ပြုပြီး မြှုပ်နှံခဲ့ပါသည်။

ပြီးမှ တဖန် စစ်မြေပြင်သို့ထွက်၍ ရန်သူတို့အား ရဲရဲရင့်ရင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ပါသည်။

တခုသောတိုက်ပွဲတွင် ဖခင်ကြီး ကျဆုံးခဲ့ရပါသည်။

သည်မှနောက် ကြမ္မာဆိုးသည် ကျွန်တော်တို့မိသားစုနောက်သို့ အရိပ်သဖွယ် လိုက်ပါလာခဲ့ပါလေတော့သည်။

ဖခင်ကြီး လျှို့ဝှက်စွာ မြှုပ်နှံထားခဲ့သည့်နန်းစဉ်ရတနာများသည် မည်ကဲ့သို့ ပေါက်ကြားသွားခဲ့သည်မဆိုနိုင်ပါ။

ယင်းကိစ္စနှင့်ပတ်သက်ပြီး လူဆိုး သူခိုးများ မသူတော်သိုင်းပညာရှင်များ၊ သိုင်းအဖွဲ့အစည်းများသည် ကျွန်တော်တို့ မိသားစုနောက်သို့ တကောက်ကောက်လိုက်၍ ဒုက္ခပေးနေပါလေတော့သည်။

ဖခင်ကြီး မြှုပ်နှံခဲ့သည့် နန်းစဉ် ရတနာများကို အရယူနိုင်ရန် နည်းအမျိုးမျိုးဖြင့် နှောက်ယှက်ကြိုးပမ်းကြပါလေတော့သည်။

ကျွန်တော်တို့၏မိခင်ကြီးနှင့်တကွ အကိုငါးယောက်သည်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ လူဆိုးတို့၏ သတ်ဖြတ်မှုကို ခံခဲ့ရပါသည်။

ကျွန်တော်နှင့် အငယ်ဆုံး နှမ အထွေးကလေးသာ နောက်ဆုံး မိသားစုများအဖြစ် ကျန်ရစ်ခဲ့ရပါသည်။

ကျွန်တော်တို့မောင်နှမသည် မြောက်ပိုင်းမှ တောင်



ပိုင်းသို့ထွက်ပြေးလာခဲ့ကာ ခြေရာဖျောက်၍ နေထိုင်ခဲ့ကြရပါ၏။

ရှင်းဝှာတောင်တန်းတွင် ကျွန်တော် လာရောက်ပညာသင်ကြားခဲ့ရသည်မှာ နယ်ချဲ့များကို ဆန့်ကျင်တိုက်ခိုက်ရုံမျှသာမဟုတ်ပါ။

ဤကိစ္စကြီးနှင့်ပတ်သက်၍ ကျွန်တော်တို့အား လိုက်လံနှောက်ယှက်နေသော လူဆိုး သူဆိုးများ၏ ဘေးရန်အတွက်ပါ ကာကွယ်ဖို့ဖြစ်ပါသည်။

ကျွန်တော်သည် ရှင်းဝှါတောင်တန်းမှ ပြန်လာပြီး ရက်ပေါင်းနှစ်ဆယ်ခန့်အကြာတွင် မျှော်လင့်ထင်မှတ်ထားသည့်အတိုင်း ရန်သူများ၏ အနှောက်အယှက်ပေးမှုကို ခံရပါသည်။

ကျွန်တော်၏နှမငယ် ရိလျှံသည်လည်း လူဆိုးတို့၏ ဖမ်းဆီးသွားခြင်းကို ခံရပါသည်။

ရိလျှံနှင့်အတူ နန်းစဉ်ရတနာများနှင့်ပတ်သက်သည့် လျှို့ဝှက်ချက်များလည်း ပါသွားရပါသည်။

ကျွန်တော်သည် လူဆိုးတို့နောက်သို့လိုက်စဉ် အဆိပ်လက်နက် ပုန်းမိကာ ပြင်းပျသော ဝေဒနာကို ခံစားခဲ့ရပါသည်။

ကိုယ့်ကိုကိုယ်လည်း ဤတောင်မှ ကျော် နိုင် တော့မည်မဟုတ်ကြောင်း သိရှိနားလည်လိုက်ပါသည်။

ထို့ကြောင့် ဤစာအား ဦးရီးတော်ဖြစ်သူ ရိပတ်ဖုံကို နှုတ်ဖြင့်ပြောကြား၍ ရေးသားစေရပါသည်။

အဆွေတော် ရန်လျှူချင်းခင်ဗျား။

မိတ်ဆွေကြီးအား သွေးသောက် ညီအကိုများပီပီ သေတော့မည့် ဆဲဆဲဖြစ်သော ကျွန်တော် ရိဝှမ်းလင် အကူအညီတောင်းခံပန်ကြားခဲ့ပါသည်။

ကျွန်တော်၏ နှမငယ် ရိလျှံ အား လူဆိုးများ လက်တွင်းမှပြန်လည်ကယ်တင်ပေးပါရန်နှင့် ဖခင်ကြီးလျှို့ဝှက်မြှုပ်နှံခဲ့သော နန်းစဉ် ရတနာများကို ဖော်ထုတ်၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများတွင် အသုံးပြုပေးပါရန် ဖြစ်ပါသည်ခင်ဗျား။

ယုံကြည်လေးစားစွာဖြင့်....။

သွေးသောက်ရောင်းရင်းရိဝှမ်းလင်။

ရိဝှမ်းလင်၏စာရှည်ကြီးမှာ ဤနေရာတွင် အဆုံးသတ်သွားခဲ့လေသည်။

ရန်လျှူချင်းသည် စာကိုဖတ်ပြီးသည်နှင့် အံ့သြခြင်းကြီးစွာ ခံစားမိသည်။

မိမိမိတ်ဆွေ ရိဝှမ်းလင်သည် နွယ်နွယ်ရရ အမျိုးအနွယ်တစ်ဦး မဟုတ်ဘဲ ဘုရင်ဧကရာဇ်၏အမတ် သေနာပတိကြီး တပါး၏ အဆက်အနွယ်ဖြစ်နေပါကလား။

ထိပ်တန်းလျှို့ဝှက်ချက်ကြီးတရပ်နှင့် ထွေးငြိပတ်သက်သွားခဲ့ရသော မိသားစုပါကလား။

ထိုလျှို့ဝှက်ချက်ကြီးကြောင့်ပင် ရိဝှမ်းလင်တို့ မိသားစုသည် တဦးပြီးတဦး သေဆုံးကုန်ခဲ့ကြရပါပကောလား။

နှ ... ဆုံးအဆက်အနွယ်ဖြစ်သည့် ရိလျှံ အမည်ရှိ မိန်းက



လေးသည် ရန်သူများ၏သက်တွင်းသို့ ကျရောက် သက်ဆင်းနေလေပြီ။

သည့်အတွက် ကွယ်လွန် သေဆုံးခဲ့ရသော သွေးသောက်ရောင်းရင်းသည် မိမိအား အကူအညီတောင်းခံသွားခဲ့သည်။

ရန်လျှူချင်းသည် စာကို တင်းတင်းဆုပ်ယင်း ခိုင်မာသော ဆုံးဖြတ်ချက်တရပ်ကို ပြတ်ပြတ်သားသားချလိုက်သည်။

ရိဝှမ်းလင် တောင်းခံခဲ့သည့် အကူအညီကို သူ့အသက်နှင့်ရင်း၍ ဖြည့်ဆီးဆောင်ရွက်ရတော့မည်ဟူ၍....။

လွင်စာပေ
အမှတ် ၁၃၀ ၆ လမ်း၊
လှောင်ရှိအနီး - ...

၁၆

တခုသော ညဥ့်ဦးပိုင်း။

နှင်းမှုံမှုံဖွဲ့တလေးများက ကျနေသည်။

မြူခိုးများကလည်း အတန်အသင့် ဝန်းရစ်နေသည်။

လုလင်ပျိုတဦးသည် ကျူးကျော်မြို့စွန်သို့ မြင်းဖြူကြီး တစီးဖြင့် စိုင်းနှင်လာခဲ့သည်။

ခဏမျှကြာသည်အထိ စိုင်းနှင်လာခဲ့ပြီးနောက် မြို့စွန်အစပ်လမ်းတနေရာရှိ အုတ်တံတိုင်း မြင့်မားစွာ ခတ်ထားသော ခြံဝန်းကျယ်ကြီးတခုရှေ့သို့အရောက် မြင်းကို ရပ်တန့်လိုက်လေသည်။

မြင်းပေါ်မှလူရွယ်သည် ဆင်းသက်လာခဲ့၏။

လူရွယ်၏ ခန္ဓာကိုယ်ပေါ်တွင် အဖိုးထိုက်အဖိုးတန်အဝတ်အစားမျိုးကို ခန့်ငြားထည်ဝါစွာ ဝတ်ဆင်ထားသည်။

သူကြွယ်သူဌေးတဦးအလွား။



ထိုလူရွယ်သည် အခြားသူမဟုတ်၊

ရန်လျူချင်းပင်ဖြစ်တော့သည်။

ရန်လျူချင်းသည် မိမိအရပ်ဒေသရှိရာ ဆင်ဖန်မြို့သို့ မပြန်သေးဘဲ သင်္ချိုင်းဂူ၌ ဆုံးဖြတ်ခဲ့သည့် အတိုင်း ချစ်သောသေွးသောက်ရောင်းရင်း ရိဝှမ်းလင် အကူအညီ တောင်းခဲ့သည့်အတိုင်း ဆောင်ရွက်ပေးရန် လှုပ်ရှားနေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ဖြင့် သူသည် ရက်ပေါင်းအတော်ကြာကြာ လူဆိုးများနောက်သို့ ပါသွားသည်ဆိုသော ရိဝှမ်လင်၏ နှမငယ် ရိလျူကိုလိုက်လံရှာဖွေနေခဲ့သည်။

ရိလျူ၏ ပုံပန်းသဏ္ဌာန်ကို ရိဝှမ်းလင်၏ဦးရီးတော်သူ ရိပတ်ဖုထံမှ သိရှိထားခဲ့ရသည်။

အချို့သော အကျိုးအကြောင်းများကိုလည်း ရိပတ်ဖုက ပြောပြလိုက်သည်။

ရန်လျူချင်းသည် ရိလျူ၏သတင်းများကို စုံစမ်းထောက်လှမ်းယင်းမှသတင်းတခုရခဲ့သည်။

ထိုသတင်းစာ ကျူးကျော်မြို့ရှိ သူဌေးယောင်မယ် ပျော်တော်ဆက်ရိပ်သာနှင့် ပတ်သက်နေသည်။

ထိုပျော်တော်ဆက်ရိပ်သာ အတွင်းသို့ ဝင်ရောက်စုံစမ်းနိုင်လျှင် ရိလျူ၏ ခြေရာကို သဲလွန်စရနိုင်သည်။

ထို့ကြောင့် သူသည် ယခုသူဌေးယောင်မယ် ပျော်တော်ဆက်ရိပ်သာအဆောက်အအုံဆီသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်၏။

ရန်လျူချင်း ခြံဝန်းတံခါးကြီးရှေ့ချဉ်းကပ်မိချိန်တွင်ဝန်း

တံခါးကြီးမှ ချောင်းကြည့်ပေါက်ကလေးဟခုသည် ပွင့်ဟသွားလေသည်။

ချောင်းကြည့်ပေါက်မှ မျက်နှာတခုကပေါ်လာသည်။

ထိုမျက်နှာသည် သူဌေးသူကြွယ်ပုံစံမျိုးရှိနေသည့် ရန်လျူချင်းကိုမြင်လိုက်ရသည်နှင့် ရုတ်ချည်းပင် ရွှင်ပြ ချိုပြုံးသွားသည်။

ချောင်းကြည့်ပေါက်မှ မျက်နှာပျောက်ကွယ်သွားပြီး မလွယ်ပေါက်တံခါးပွင့်လာသည်။

လူတယောက် ကျွန်းတံခါးကြီး အပြင်ဘက်သို့ ထွက်လာခဲ့၏။

လက်ထဲတွင် ပိုးမီးအိမ်ကလေး တလုံးဆွဲကိုင်ပါလာသည်။

ထွက်လာသူသည် ရန်လျူချင်းအား ဖော်ရွေပြူငှါစွာ ညွှတ်ကြိုစကားဆိုလိုက်လေသည်။

'ကြွပါခင်ဗျား။ ကြွပါ။ အထဲကိုဝင်တော်မူပါ။ ကျွန်တော်တို့ဂဟာမှာ သူယောင်မယ်ကလေးတွေပေါပါတယ်ခင်ဗျ'

ရန်လျူချင်းသည် ခေါင်းညိတ်ပြလိုက်၏။

'ကျွန်တော်က ခင်ဗျားတို့သူယောင်မယ်ဂဟာရဲ့ သတင်းကျော်ကြားလွန်းလို့ ရပ်ဝေးကတောင် လာခဲ့ရတာဗျ။ ကျွန်တော့်အပေါင်းအသင်း ရောင်းရင်းတွေကလဲ အမျိုးသားတယောက်ဖြစ်ပြီး ခင်ဗျားတို့ရဲ့ သူယောင်မယ်ဂဟာကို မရောက်ဘူးယင် လူဖြစ်ကျိုးနပ်မှာမဟုတ်ဘူး ဆိုလို့ လာခဲ့ရတာပဲ'

'ဟုတ်ပါတယ်ဆရာလေးရေ၊ ဟုတ်တယ်...ဟုတ်တယ်။ ဆရာ



လေးရဲ့ အပေါင်းအသင်းတွေပြောတဲ့စကား မမှားဘူးဗျ။ ဂဟာကြီးထဲရောက်တဲ့အခါ မှန်မမှန်သိရပါလိမ့်မယ်ဗျာ။ ဟား ဟား....ဟား...ဟား....'

ဂဟာအမှုထမ်းသည် မလွယ်ပေါက်မှ ပြန်ဝင်သွားသည်။ ချက်ချင်းပင် ကျွန်းတံခါးကြီး ပွင့်ဟလာသည်။

ရန်လျူချင်း။

သတိကြီးစွာထား၍ ပျော်တော်ဆက် ဂဟာဝန်းအတွင်းသို့ချည်းနင်းဝင်ရောက်လာခဲ့သည်။

ဂဟာအမှုထမ်းသည် ရန်လျူချင်း၏ မြင်းကို ဆွဲကာရှေ့မှစကား ဖောင်လောက်အောင် ပြောယင်း ဦးဆောင်သွားလေသည်။

'ဂဟာကြီးထဲ ရောက်ယင်တော့ ဆရာလေး စိတ်ကြိုက်အလှပဂေးကလေးတွေ တွေ့ရပါလိမ့်မယ်ဗျာ။ ဟဲ...ဟဲ...ဟဲ...ဟဲ...။ သူတို့ ကလေးတွေနဲ့များ တွေ့လိုက်ရယင် နတ်စည်းစိမ်ဆယ်ဆက် တကယ်မခံနိုင်အောင်ဖြစ်သွားရလိမ့်မယ်'

ဟဲ....ဟဲ....ဟဲ....။ မိတ်ဆွေကြီးစကားတယ်ညွှန်းသကိုးဗျ'

'ညွှန်းတာမဟုတ်ဘူးဆရာလေး။ တွေ့ရမယ်။ တွေ့ရမယ်။ တကယ့်ကိုတွေ့ရမယ်'

'အင်း....ကျုပ်တော့ခင်ဗျား ပြောတာနဲ့ သိပ်တောင်စိတ်ပါနေမိပြီဗျို့။ ကိုင်း....ရော့....ရော့။ ခင်ဗျား အတွက် လဘက်ရည်ဖိုး'

ရန်လျူချင်းသည် အမှုထမ်း၏လက်တွင်းသို့ ငွေစတစ်စထည့်ပေးလိုက်သည်။

အမှုထမ်းမှာ ရန်လျှုချင်း၏ ရက်ရောမှုကြောင့် အထပ်ထပ် ဦးညွတ်ကာ ကျေးဇူးတင်မှုဆုံးနိုင်အောင်ရှိနေရလေသည်။

'အခုလို ချီးမြှင့်တဲ့အတွက် ကျေးဇူးအများကြီး တင်လှပါတယ် ဆရာလေး။ ဆရာလေး ဒီဂေဟာကြီးမှာ မိုးလင်းတဲ့အထိစိတ်ပျော်သလောက်နေပါ၊ ဆရာလေးရဲ့မြင်းကို ကျွန်တော် စောင့်ရှောက်ထားလိုက်ပါ့မယ်'

'ကောင်းပါပြီဗျာ။ ကျေးဇူးပါဘဲ'

အမှုထမ်းသည် ရန်လျှုချင်း၏ မြင်းကို မြင်းဇောင်းများ ရှိရာဘက်ဆီသို့ ဆွဲ၍သွားသည်။

နောက်တခဏတွင် ရန်လျှုချင်းသည် ဂေဟာကြီးအောက် ဧည့်ခန်းဆီသို့ ရောက်ရှိလာခဲ့ရလေပြီ။

ဤသူယောင်မယ် ပျော်တော်ဆက် ဂေဟာကြီးကို စီမံအုပ်ချုပ်သူမှာ အသက်လေးဆယ်ကျော်အရွယ် ဝဝဖိုင့်ဖိုင့်ခန့်ညားရည်မွန်သော အမျိုးသမီးကြီး တဦးဖြစ်သည်။ သန့်ပြန့်သော အင်္ကျီရုပ်လည်းရှိသည်။

အမျိုးသမီးကြီးသည် ပိုးမီးအိမ်တင်ထွန်းထားသည့် စားပွဲကြီးတလုံးနောက်ရှိ ကုလားထိုင်ကြီးတလုံးထက်တွင် တည်ကြည်စွာ ထိုင်နေသည်။

ပျိုမြစ်နုနယ်၍ ချောမောလှပသော မိန်းကလေးနှစ်ဦးတို့က အမျိုးသမီးကြီး၏ ခြေရင်း တဖက်တချက်တွင် ကျုံ့ကျုံ့ရုံ့ရုံ့ ထိုင်နေကြသည်။

မိန်းကလေးများသည် အမျိုးသမီးကြီး၏ ခြေထောက်များကို နှိပ်နယ်ပေးနေခြင်းဖြစ်၏။



အခန်းဆောင်အတွင်းသို့ ရောက်ရှိလာသော ရန်လျှုချင်းအား အမျိုးသမီးကြီးက ဖိတ်ခေါ်ကြိုဆိုလိုက်သည်။

'ကြွပါမောင်၊ ဒီမှာထိုင်ပါ'

ရန်လျှုချင်းသည် အမျိုးသမီးကြီးညွှန်ပြသော ကုလားထိုင်တလုံးထက်တွင် အိန္ဒြေရရ ဝင်ထိုင်လိုက်သည်။

သည်စဉ်အခိုက် သူယောင်မယ်ကလေးများသည် ဧည့်ခန်းမကြီးအတွင်းသို့ အသီးသီးဝင်ရောက်လာကြသည်။

ဆယ့်ငါးယောက်ထက်မနည်းရှိသည်။

သူကလေးတို့အားလုံးအထူးပင်တင့်တယ်ချောမောကြသည်။ ကိုယ်လုံးကိုယ်ထည်သော ရုပ်ရည်ပါ အပြစ်ပြောစရာလုံးဝမရှိ။

မိန်းကလေးများသည် ရန်လျှုချင်းအား ပြုံးချိုသော မျက်နှာကလေးများဖြင့် ဝိုင်း၍ကြည့်နေကြသည်။

စီမံအုပ်ချုပ်သူအမျိုးသမီးကြီးသည် ဂုဏ်ယူကြွားဝင့်သော လေသံဖြင့် ရန်လျှုချင်းအားပြောလိုက်လေသည်။

'ကိုင်း....ဟောဒီအချောအလှ သူယောင်မယ် ကလေးတွေကို ဝိဇ္ဇာဇော်ဂျီတွေရဲ့ ဆေးဘောင်ဝှေးမသိဘဲ မောင့်စိတ်ကြိုက်ကျ သဘောရှိ အသုံးပြုပေတော့'

ရန်လျှုချင်းသည် ခေါင်းညိတ်လိုက်၏။

အမျိုးသမီးကလေးများကို တဦးစီ တယောက်စီ စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

အမျိုးသမီးကလေးများကလည်း မခို့တရို့ အမူအယာကလေးများနှင့်....။

အမျိုးသမီးအားလုံးကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် မေးခွန်းတခုထုတ်လိုက်လေသည်။

'ဒါထက် အမကြီးခင်ဗျား။ သူတို့အထဲမှာ ပန်းဝါဆိုတာ ဘယ်သူပါလဲခင်ဗျ'

ပြုံးရွှင်နေသော အမျိုးသမီးကြီး။

မြှော်လင့်မထားသော ရန်လျှုချင်း၏ အမေး ကြောင့် အကြီးအကျယ် မျက်နှာပျက်သွားသည်။

လိပ်ပြာလွင့်သွားလူမတတ် တုန်လှုပ် ချောက်ခြား၍လည်း သွားရသည်။

အမျိုးသမီးကြီးသည် ပျက်ယွင်းသွားသော မျက်နှာကို ပြန်လည်၍ အိနြွေဆယ်လိုက်သည်။

ထိတ်လန့်လှုပ်ရှားသွားသောသူမ၏စိတ်ကိုလည်း ကြိုးစား၍ ပြန်လည်ငြိမ်သက်ဆောင် ထိန်းသိမ်းလိုက်ရတော့သည်။

ပြီးနောက် ကြိုးစား၍ အားတင်းပြုံးယင်း လေသံကိုနှိမ့်ကာ ပြောလိုက်သည်။

'ဒီအထဲမှာ ငါ့မောင်မေးတဲ့ပန်းဝါဆိုတာမပါပါဘူး။ သူက သီးခြားအဆောင်တခုနဲ့နေတယ်ကွယ့်။ နေပါဦးမောင်ငယ်....' မောင်ငယ်က ဘယ်လိုအကြောင်းနဲ့ ပန်းဝါကို မေးရတာပါလဲ'

အမျိုးသမီးကြီး၏တုန်လှုပ်ပျက်ပြားသွားသောအမူအယာကို သတိထားလိုက်မိသည် ရန်လျှုချင်းသည် တည်ငြိမ်သော စကားသံဖြင့် ပြန်ဖြေလိုက်လေသည်။

'ကျွန်တော်က သူ့ကိုတွေ့ဘူးချင်လွန်းလို့ ထန့်ကျင်တာတောင် လာရတာပါခင်ဗျာ'



'အော်....အော်.... မောင်ငယ်က ထန့်ကျင်ကတောင် လာခဲ့ရတာကိုး....'

'မှန်ပါတယ်အမကြီးခင်ဗျား၊ အမကြီးတို့ သူယောင်မယ်ဂေဟာမှာ ထိတ်တန်းသူယောင်မယ်ကလေးတပါးဖြစ်တဲ့ပန်းဝါဟာနံမယ်ဂုဏ်သတင်းကြီးလွန်းလှတာကြောင့်တွေ့ရှိနိုင်ဖို့လာခဲ့ရခြင်းဖြစ်ပါတယ်'

ရန်လျှုချင်းသည် သည်စကားကိုပြောယင်း အမျိုးသမီးကြီး၏အမူအယာကို မျက်ခြေမပြတ်တန်း အကဲခတ်နေသည်၊

သူသည် မျက်စိနှင့်နားကိုလည်း အလစ်မပေး။

ရရှိထားသော သတင်းများအရ ဒီနေရာသည် ရန်သူလူဆိုးဂိုဏ်း၏အဝန်းအဝိုင်းဖြစ်နေသည်။ အရေးပါသော နေရာဌာနတခုလည်းဖြစ်သည်။

အမျိုးသမီးကြီးသည် ဆက်ာမတင်းသော အမူအယာဖြင့် ရန်လျှုချင်းကိုအကဲခတ်သည်။ ခြေဆုံးခေါင်းဆုံး။

စောစောကထက် တိုးအုပ်သောလေသံဖြင့် နှိမ့်၍ပြောလိုက်သည်။

'ထားပါတော့လေ၊မင်းတို့ဂေဟာမှာ ပန်းဝါဟာ ငါ့မောင်ပြောသလို နံမယ်ကျော်ကြားလှဘာကတော့ မှန်ပါရဲ့ကွယ်....။ ဒါပေမယ့် အခုဘလော....'

အမျိုးသမီးကြီးသည် စကားကိုဆုံးအောင်မပြော၊ ရှေ့သို့မဆက်ဘဲ ရပ်တန့်ထားသည်။

တစုံကတရာ သောအန္တရာယ်ကိုလည်း စိုးရိမ်ထိတ်လန့်နေဟန်တူသည်။

ရှေ့ဆက်ရမည့်စကားကို ပြောသင့်မပြောသင့် ချိန်ဆနေဟန်လည်း ရှိ၏။

ရန်လျှူချင်းထံမှစကားသံထွက်ပေါ်လာသည်။

'ပန်းဝါ နာမည်ကြီးရတဲ့အကြောင်းကို ကျွန်တော်သိပြီးပါပြီလေ၊ နို့ပေမယ့် ကျွန်တော့်ဘယ်သိမှ မစိုးရိမ်မထိတ်လန့်ပါဘူး။ သူနဲ့ တညလောက်နေပြီးယင် ကျွန်တော့် အသက် သေချင်သေပါစေတော့။ ရဲရဲဝန့်ဝန့်အသေခံရဲပါတယ်ခင်ဗျား...။ ကိုင်းပါလေ၊ အသက်အန္တရာယ်နဲ့နီးလှပါတယ်ဆိုတဲ့ပန်းဝါကို တညလောက်စွန့်ပြီး ကျွန်တော်တွေ့စမ်းပါရစေ'

ရန်လျှူချင်း၏စကားကပြတ်သည်၊ ရှင်းလင်းတိကျသည်၊

အမျိုးသမီးကြီးသည် ရန်လျှူချင်း၏စကားကြောင့် ကျောချမ်းသွားသည့်ဟန်ဖြင့် ပုခုံးများကို တွန့်လိုက်သည်။ တားမရနိုင်ရန်ကောဟူသော အမူအယာမျိုးဖြင့်လည်း သက်ပြင်းတရပ်ချလိုက်သည်။

'ပန်းဝါက သိပ်ဈေးကြီးတယ်ကွယ့်၊ မောင်တတ်နိုင်ပါ့မလား။ မထူးပါဘူးကွယ်။ ဒီမှာရှိတဲ့ သူငယ်မလေးတွေလဲ မောင့်အမြင် ဘယ်လောက် ချောမောလှပကြသလဲ။ ပန်းဝါနဲ့ပတ်သက်တာကို မေ့ထားလိုက်စမ်းပါ'

အမျိုးသမီးကြီးသည် ရန်လျှူချင်းအား ပန်းဝါနှင့် တွေ့မပေးလိုကြောင်း သေချာနေသည်။ ထင်ရှားနေသည်။

သို့သော်.... ရန်လျှူချင်းက ခေါင်းခါပြီးယင်းမှ မေးခွန်းထုတ်လိုက်၏။

'ပန်းဝါက ကြေးဘယ်လောက်ယူပါသလဲခင်ဗျား'



'တညကို ရွှေဒင်္ဂါးတထောင်ယူသကွယ့်'

ရန်လျှူချင်းသည် အဆင်သင့်ယူဆောင်လာသော ခါးကြားမှ ဒင်္ဂါးအိတ်နှစ်အိတ်ကိုဖြုတ်ယူပြီး ကုလားထိုင်မှထလိုက်သည်။

အမျိုးသမီးကြီး၏ စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

'ဟောဒါက ရွှေဒင်္ဂါးတထောင်ထုပ် နှစ်ထုပ်ပါခင်ဗျ။ အားလုံး နှစ်ထောင်တိတိရှိပါတယ်၊ ကျွန်တော် ပန်းဝါနဲ့ တွေ့ပါရစေတော့'

အမျိုးသမီးကြီး လက်လျှော့သွားရလေသည်။

ရန်လျှူချင်း၏ အလိုဆန္ဒကို မလွန်ဆန်နိုင်တော့။

မိန်းကလေးတဦးအား ပန်းဝါရှိရာ သီးခြားအဆောက်အဦအဆောင်ဆီသို့ လိုက်လံပို့ဆောင်ခိုင်းလိုက်ရလေတော့သည်။

နောက်ခဏမျှအကြာတွင် ရန်လျှူချင်းသည် ပင်မဂေဟာကြီး၏ အနောက်ဘက် ဥယျာဉ်စပ်သို့ ရောက်ရှိလာခဲ့ပြီ။

ထိုနေရာသို့အရောက် မိန်းကလေးသည် ဆက်မလိုက်တော့။ ရုတ်တရက် ရပ်တန့်လိုက်သည်။

ဥယျာဉ်အလယ်ရှိ အဆောင်တခုကို လက်ညှိုးညွှန်ပြသည်။

'ကိုင်း.... အကို့ဟာအကိုဘဲ ဆက်သွားပေတော့။ ကျမတို့အထိ လိုက်မပို့ဝံ့ဘူး။ ပို့ခွင့်လဲမရှိဘူး။ ပန်းဝါကလဲ သူ့အဆောင်ကို ကျမတို့ လာတာသွားတာ မကြိုက်ဘူး'

မိန်းကလေးသည် စကားအဆုံး နောက်ကြောင်းသို့လှည့်၍ မြန်နိုင်သမျှမြန်အောင် သုတ်ခြေတင်သွားလေတော့သည်။

ရန်လျှူချင်းသည် ခေတ္တမျှရပ်တန့်လိုက်သည်။ စဉ်းစားခန်းလည်း ဝင်လိုက်သည်။

ဤဂေဟာအဆောက်အဦကြီး၏ အုပ်ချုပ်သူ အမျိုးသမီးကြီးနှင့်တကွ အားလုံးသော သူယောင်မယ်ဏလေးများသည် ပန်းဝါနှင့်ပတ်သက်၍ အလွန်အမင်း ထိတ်လန့်ချောက်ခြားနေကြဟန်ရှိသည်။

ရှိလည်း ရှိထိုက်စရာ။

ပန်းဝါသည် အစကမူ ဤသူယောင်မယ် ပျော်တော်ဆက်ဂေဟာကြီးမှမဟုတ်။

တနေရာမှ မကြာသေးမီက ရောက်ရှိလာခဲ့သူဖြစ်သည်။

သူမသည် အလွန်အမင်း ချောမောလှပသည်။ ကြေးကြီးသည်။ စသည့် ဂုဏ်သတင်းများဖြင့် ကျော်ကြားခဲ့သည်။

ယခုမူ ဤကျော်ကြားမှုများနှင့်သာ မကတော့။ သူမနှင့်ပတ်သက်မိသော ယောကျ်ားမှန်သမျှသည် တနည်းတဖုံအသက်ပျောက်ခဲ့ကြရတတ်သည်။ လောကကြီးကို ကျောခိုင်းသွားတတ်ကြရသည်။

သည်သတင်းများကို ရန်လျှုချင်း မရမဟုတ်။ ရခဲ့သည်။

သို့သော် သည်သတင်းထက်ပို၍ဘန်ဘိုးကြီးမားသောသတင်းတခုကိုလည်း လျှို့ဝှက်စွာ သူရထားသည်။

ပန်းဝါနှင့် ညဥ့်ကူးမိုးသောက်အထိ အတူနေနိုင်လျှင် လူဆိုးများ ဖမ်းဆီးခေါ်ဆောင်ထားသော ရိလျှံ၏ သတင်း သဲလွန်စကို ရရှိနိုင်မည်။

သို့မို့ကြောင့်....

၁၇

လရောင်သည် ဝိုးတဝါး ထိုးဖြာကျဆင်းနေ၏။

ညဥ့်လေကာ တသုန်သုန်တိုက်နေသည်။

ဥယျာဉ်အတွင်းရှိ ပန်းရနံ့များသည် ညဥ့်အား သင်းထုံပြန့်မွှေးစေသည်။

ရန်လျှုချင်းသည် ခေတ္တမျှ ရပ်တန့်၍ အခြေအနေကိုသုံးသပ်လိုက်သည်။

သူ့မျက်လုံးများသည် ဥယျာဉ်အတွင်းရှိ အဆောင်တခုကိုလှမ်း၍ အကဲခတ်လိုက်သည်။

အဆောင်အပေါ်ထပ် တံခါးရွက်တခုမှ မီးရောင်ကလေးသည် အပြင်သို့ ဖိတ်လျှံထွက်ကျနေသည်။

အဆောင်သည် ပီသုကာစအကျော်အမော်တို့၏ လက်ရာဖြင့်သေသပ်စွာ ဆောက်လုပ်ထားသော အုတ်အဆောက်အဦတခုဖြစ်သည်။ အမိုးသည် အုတ်ကျွတ်ချပ်များဖြစ်၏။

အဆောင်အပေါ်ထပ်သို့ တက်ရန် မြေစိုက် ငါးကျောက်သား လှေခါးတစင်းရှိသည်။

သို့တစေလှေခါးရှိရာဘက်သည် မှောင်ရိပ်ကျနေသဖြင့် သဲသဲကွဲကွဲ မမြင်ရ။ မှောင်ရီဝိုးတဝါး ရှိနေရသည်။

ရန်လျူချင်းသည်ပန်းရနံ့များဖြင့် သင်းထုံနေသောဥယျာဉ်အတွင်းမှ ဖြတ်လျှောက်ကာ အဆောက်အဦဆီသို့ လျှောက်၍ လာခဲ့သည်။ သတိသည်မူ သူနှင့်မကွာ ရှိစေခဲ့သည်။

အဆောက်အဦရှေ့သို့ ရောက်ရှိလာခဲ့ပြီ။

ကျောက်သားလှေခါးခြေရင်းနှင့် နီးကပ်လာခဲ့သည်။

သည်စဉ် ရုတ်တရက် လှမ်းနေသည့် သူ့ခြေလှမ်းများ တုန့်ကနဲ ရပ်တန့်သွားရ၏။ ညာလက်သည်ပင် အလိုအလျောက် ကျောမှ ဆောင်ဓားရိုးကို ဆုပ်လိုက်မိသည်။

သည်မျှထိ သူ့စိတ်ဓာတ်များ လှုပ်ရှားသွားရသည်။

လှေခါးရင်းတွင် မှောင်ရိပ်ခိုနေသော တစုံတယောက်။

ထိုသူသည် ကျောက်ထိုင်ခုံငယ်တလုံးပေါ်တွင် ပဏ္ဏတိအလှုပ်အရှားကင်းမဲ့စွာ ထိုင်နေသည်။

မျက်နှာနှင့် ပုံပန်းသဏ္ဌာန်ကို ကွဲကွဲပြားပြားမမြင်ရ။

သို့သော် ဝတ်ရုံဖားဖားအောက်မှ ထိုသူ့ခန္ဓာကိုယ်သည် အရိုးတမျှ ပိန်လှီစွာရှိနေကြောင်းကိုမူ ရန်လျူချင်း သတိပြုလိုက်မိသည်။

ထိုသူသည် မိမိသူ့ရှေ့သို့ ရောက်လာသည့်တိုင် မည်သည့် လှုပ်ရှားမှုကိုမျှ မပြုသဖြင့် ဓားရိုးပေါ်မှ ဆုပ်ထားသောညာ



လက်ကို ပြန်ဖြေလိုက်ရသည်။ ပြီးနောက် သိမ်မွေ့အေးဆေးသော လေသံဖြင့်လည်း ထိုသူ့ကို ရန်လျူချင်း မေးလိုက်မိသည်။

'တဆိတ်ကလေး မိတ်ဆွေကြီးခင်ဗျား၊ အခု လှေခါးအတိုင်း တက်သွားယင် ပန်းဝါကို တွေ့နိုင်ပါ့မလား၊ ဟိုအပေါ်ထပ်က မီးရောင်သဲ့သဲ့ကလေး ထွက်နေတာ ပန်းဝါအခန်းဘဲထင်ပါတယ်'

အမေးခံရသော အရိုးပဒေသစလူသည် ရန်လျူချင်း၏မေးခွန်းကို လုံးဝမဖြေ။

ထိုသူ့မျက်နှာသည် ရန်လျူချင်းအား မော့ကြည့်ခြင်း၊ စောင်းငဲ့ခြင်း မလျင်းမပြု။ ရှေ့တူရူသို့သာ စူးစူးစိုက်စိုက်ကြည့်နေသည်။

'ဒီလူဟာ စကားမပြောတတ်တဲ့ ဆွံ့အ နေတယ်ထင်တယ်။ နားလဲကြားပုံမရဘူး။ ငါဟာငါဘဲတက်သွားတာအေး ပါတယ်လေ'

ရန်လျူချင်းသည် လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ သတိကိုတော့ အလစ်မပေး။

အပေါ်ထပ်လှေကား ထိပ်သို့ရောက်လာသည်။

ပိတ်ထားသော တံခါးတချပ်ကိုတွေ့ရသည်။

တံခါးကို လက်ဖြင့် အသာတွန်းကြည့်သည်။

တံခါးကမလှုပ်။

အတွင်းဘက်မှ ကလန့်ချထားဟန်ရှိသည်။

ထို့ကြောင့် ရန်လျူချင်းသည် တံခါးရွက်ကိုလက်ဆစ်များဖြင့်ခေါက်လိုက်လေသည်။

‘ဒေါက်....ဒေါက်....ဒေါက်....ဒေါက်....’

နှုတ်မှလည်းတံခါးခေါက်သံနှင့်အတူ ခေါ်လိုက်မိသည်။

‘ပန်းဝါ....ပန်းဝါ....’

ပိတ်ထားသောတံခါးအတွင်းပိုင်းမှ ခြေသံ တရှပ်ရှပ်ပေါ်လာသည်။

တံခါးဝနားသို့ အရောက်တွင် ခြေသံကလေးက ရပ်တန့်သွားသည်။

‘အပြင်ကတံခါး ခေါက်တာ ဘယ်သူလဲဟင်’

ချိုမြလွင်စီသော အသံကလေးက ထွက်ပေါ်လာသည်။ သာယာလိုက်သည့် အသံကလေး။

ကြားလိုက်ရသည့် ခဏမှာပင် နားထဲတွင် စွဲသွားမိသည်။

သူ့တသက်နှင့်တကိုယ် သည်မျှလောက်သာယာသော မိန်းကလေး တဦး၏ အသံကို မကြားဖူးဟု ရန်လျှုချင်း ထင်မိသည်။

သူသည်မိန်းကလေး၏ အသံတွင်ကြည်နူးမိယင်းအပြင်ဘက်မှပြန်၍ အဖြေပေးလိုက်မိသည်။

‘ကိုယ်က ရပ်ဝေးကလာခဲ့ရတဲ့ ဧည့်သည်တယောက်ပါ ပန်းဝါ။ မင်းကို တွေ့ချင်လွန်းဇောကြီးတာကြောင့် အဝေးကြီးကလာခဲ့ရတဲ့သူပါ’

အထဲမှအသံတိတ်ဆိတ်သွားသည်။

တံခါးမင်းတုံးဖြုတ်သံ ထွက်ပေါ်လာသည်။

တံခါးက ရုတ်တရက်ပွင့်ဟသွားရ၏။



တံခါးပွင့်သွားသည်နှင့် ငွေဝန်းသော်ဘာနှယ် လှပလွန်းသည့် မျက်နှာကလေး တခုကို မြင်တွေ့လိုက်ရသည်။

ရန်လျှုချင်းမှာ လှလွန်းသောမိန်းကလေးကြောင့် ပါးစပ်အဟောင်းသားပင်ဖြစ်သွားမိရသည်။

ကော့ပျံ့ရှည်လျားသော ဆံခတ်သာတို့က ပိတုန်းရောင်တမျှ နက်မှောင်နေသည်။ ယင်းဆံခတ်သာတို့သည် မဖီးမသင်ပုခုံးပေါ်အသာအယာချထားသဖြင့် သဘာဝအတိုင်းလှချင်တိုင်းလှနေသည်။

ညှို့ခလုအတိုးတွင် ဆံစကလေးများ လှုပ်ခတ်သွားပုံကချစ်နိုးထွယ်ရာ။

မိန်းကလေး၏ နှုတ်ခမ်းအစုံမှာလေးကိုင်းသဏ္ဍာန် ကွေးကွေးအိအိကလေး။

ဝါရှေလဲ့ရှိန်းသော ပါးပြင်နှစ်ဖက်သည် အကြောစိမ်းကလေးများကိုပင်မြင်ရနိုင်သည်။

လှပသော မျက်ဝန်းအိမ်အထက်တွင် ဇင်ယော်တောင်မျက်ခုံးကလေးနှစ်ဖက်က ကွေးညွတ်သွယ်ဘန်းနေသည်။ မျက်နက်ဝန်းကလေးများသည် ကျောက်မျက်ရတနာမှ ရောင်လျှံများအလား တဖိတ်ဖိတ်လက်နေသည်။ မျက်နက်ဝန်းများကို ရှည်လျားကော့ပျံ့သော မျက်တောင်များက လွှာယှက်အုပ်မိုးထားသည်။

နှင်းတံကလေးမှာမူ ပိပြင်ဖြောင့်စင်းလွန်းလှပါ၏။ လုံးဝန်းချောမွတ်သော မေးစေ့ကလေး အထက်နားဆီမှ လည်တိုင်ကလေးကလည်းကျော့ရှင်းနေသည်။

ရန်လျှုချင်း။

မိန်းကလေး၏အလှအပတွင် တဏှာမျှ သတိလက်လွှတ် ယစ်မူး မိသွားသည်။ အသက်ရှုဘို့ကိုပင်မေ့လျော့သွားမိသည်။

သည်အစဉ်အခိုက် ရုပ်ဆင်းပြေပြစ် တင့်တယ်သလို ချိုသာယဉ်ကျေးသော စကားသံကလေးက မိန်းကလေးထံမှ ထွက်ပေါ်လာသည်။

'အကိုရောက်လာတဲ့အကြောင်းက'

'ကိုယ် မင်းဆီကိုလာတဲ့ ဧည့်သည်ပါကွယ်။ မင်းဆီကိုအရောက်လာခဲ့ရတဲ့ဧည့်သည်ပါ'

ရန်လျှုချင်း၏ အပြောစကားကြောင့်မိန်းကလေးသည် သွားတက်ဖွေးဖွေးကလေးများပေါ်အောင်ပြုံးလိုက်သည်။ အခ်ပ္ပါယ် လေးနက်လှသောအပြုံး။

'အခန်းထဲက ကြွပါအကို၊ ညီဆီကိုလာတဲ့ ဧည့်သည်ဆိုယင် ထိုက်ထိုက်တန်တန် ဧည့်ဝတ်ပြုရမှာဘဲပေါ့'

ပန်းဝါဂဖိတ်ခေါ်သည်။

ရန်လျှုချင်းသည် ပန်းဝါနှင့်အတူ အခန်းဆောင်အတွင်းသို့လိုက်ခဲ့ရသည်။

ထူသည် ပန်းဝါ၏အလှတွင် ယစ်မူးသွားခဲ့မိသည်မှာ အမှန်သည်မျှလောက် လှပချောမွေ့လွန်းခြင်းကြောင့်လည်း ပန်းဝါ၏ ယောက်ကျော်ကြားနေရခြင်းဖြစ်ပေလိမ့်မည်။

ကြုံဘူးဆုံဘူးသမျှ မိန်းကလေးများ အတွင်းတွင် ပန်းဝါသည်အလှဆုံးဟုသူဆုံးဖြတ်လိုက်မိသည်။



ပန်းဝါ၏အလှတွင် ယစ်မူး မိသည်ဆိုစေ၊ သတိကိုတော့ အလစ်မပေးဝံ့။

ဤနေရာတွင် သူရောက်လာခဲ့သည်မှာ ပန်းဝါနှင့်နှစ်ကိုယ်တူပျော်မွေ့ဘို့မဟုတ်။

ကွယ်လွန် သေဆုံးသွားခဲ့သော သေွးသောက် ရောင်းရင်းရိဝှမ်းလင် ၏အကူအညီတောင်းမှုကို ဆောင်ရွက်ရန် ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်။

တနည်းပြောရလျှင်။

လူဆိုးများလက်ဝယ်ရောက်ရှိနေရသည့် ရိလျှံကိုရှာဖွေကယ်တင်ရန်ပင်ဖြစ်သည်။

ဧည့်ဆောင်ထဲသို့သူတို့နှစ်ဦး ရောက်လာကြသည်။

ပန်းဝါသည် ရန်လျှုချင်းအား စားကောင်းသောက်ဖွယ်များ အဖိုးထိုက်အဖိုးတန်အရက်တောင်းများဖြင့် ဧည့်ခံသည်။

ပန်းဝါဧည့်ခံသော အစားအသောက်နှင့် အရက်များကို ရန်လျှုချင်းမသိမသာ စစ်ဆေးလိုက်သည်။

အဆိပ်ခတ်ထားခြင်းအလျှင်းမရှိ။

စိတ်ချလက်ချ စားသုံးလိုက်သည်။

ပန်းဝါသည် ရန်လျှုချင်းအား ဖော်ရွေပျူငှာစွာပင် ဧည့်ဝတ်ပြုနေသည်။ ပြုံးချိုတီတားသော မျက်နှာကလေးဖြင့်။

ရန်လျှုချင်းရှေ့မှ အရက်ခွက်အတွင်းသို့ ကရားအတွင်းရှိ အရက်ကို ဖြူသွယ်ပျော့ပြောင်းသော လက်ချောင်းကလေးများဖြင့် ငှဲ့သည့်ပေးသည်။ ပြီးမှ မေးလိုက်သည်။

'အကို ပန်းဝါဆီကို ဟိုး....အဝေးကြီးက လာခဲ့ရတယ်လို့ ပြောတယ်နော်'

'ဟုတ်တယ်လေ။ အဝေးကြီးကတောင် လာခဲ့ရတာ'

'ဘယ်အရပ်ကများတောင် လာခဲ့ရသလဲ ဟင်....'

'ထန်းကျင်က လာခဲ့ရတာ ညီမ'

'အို....တကယ့်ကိုဝေးတဲ့ အဝေးကြီးပါလား။ ဒီလောက် ကြီးများတောင် အကိုရယ်'

'ညီမရဲ့သတင်းကလဲ ဒီလောက်တောင် ကြီးနေတာကိုးကွယ်'

ရန်လျှူချင်းသည် ပြုံးရွှင်နေသော မျက်နှာ၊ အချစ်ခိုးတို့ ရီဝေနေသောမျက်လုံးများဖြင့် ပန်းဝါကို ပြန်ပြောလိုက်သည်။

ပြီးနောက် ပန်းဝါ ပေးထားသော အရက်ခွက်ကို အမှတ်မထင်ကောက်ယူလိုက်သည်။

သို့သော်....

ရန်လျှူချင်း၏ လက်ချောင်းများသည် အရက်ခွက်ဆီသို့ မရောက်။

အရက်ခွက်ဆီသို့ ဦးတည်ထားသော လက်ချောင်းများသည် ပန်းဝါ၏ လည်ပင်းသွေးကြောတလျှောက်နှင့် မေ့ကြောနှင့် ပျော့ကြောများဆီသို့ လျှပ်စစ်ပျက်သည့်အသွား ရောက်ရှိသွားရသည်။

'ဖျန်း....'

ပန်းဝါကလည်း မြန်လွန်းလှ၏။

သူမ၏သွေးကြောများဆီသို့ ရောက်ရှိလာသော ရန်လျှူချင်း လက်ချောင်းများကို တမဟုတ်ခြင်းရိုက်ထုတ်လိုက်သည်။



'ဝှီး....'

'ဝုန်း....'

ပြင်းထန်သော အသံတို့က ဆက်တိုက် ဖြစ်ပွားသွားသည်။

တဦးကိုတဦး တကွက်စီ တိုက်ခိုက်လိုက်ကြသည်။

တိုက်ခိုက်လိုက်ကြသည့် သိုင်းကွက်နှင့် စွမ်းအားများမှာ ကြောက်မက်ဘွယ်ရာကောင်းလွန်းပေစွ။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုအရှိန်အဟုန်ကြောင့် အခန်းဆောင်မှာ လျှော်တော်လဲသည့်ပမာ သိမ့်သိမ့်ခါရမ်းသွားရသည်။ ပရိဘောဂပစ္စည်းများ အသံဗလံမျိုးစုံဖြင့် ဂျမ်းထိုးမှောက်ခုံ ဖြစ်သွားသည်။

တိုက်ခိုက်လိုက်ကြသော ထိပ်တန်းပညာရှင်နှစ်ဦးသည် လေထဲတွင် မြောက်တက်သွားပြီး ကြမ်းပြင်ထက်သို့ အသာအယာ ပြန်ကျလာကြသည်။

ကြမ်းပြင်တွင်ရပ်ယင်း မျက်နှာချင်းဆိုင် ဖြစ်သွားကြပြီ။ တလံကျော်ကျော်အကွာခန့်။

ရန်လျှူချင်းသည် လက်အစုံကို ပိုက်ထားယင်းမှ ပန်းဝါကို ပြုံး၍ကြည့်နေသည်။ သာရော်ပြုံး၊ မခိုးမခန့်အပြုံး။

စောစောက အချစ်ခိုးများ ရီဝေဖိတ်လျှံခဲ့သော ထူးမျက်လုံးတို့သည် ယခုမူ ကျားရဲဘကောင်၏မျက်လုံးပမာ စူးရှတောက်ပြောက်နေရလေသည်။ နှုတ်မှလည်း ရယ်သွမ်းတချက်သွေးယင်း ဆိုလိုက်၏။

'ဟဲ....ဟဲ.... သိုင်းလောကမှာ ပျုံးမာယာ သိုင်းပညာရဲ့ အကြောင်း နာမည်ကျော်ကြားနေတာတော့ကြားပါပြီ။ အခုမှ

ဘဲ မျက်ဝါးထင်ထင် ကိုယ်တွေ ကြုံရတော့သဗျာ။ ချီးကျူးစရာဘဲဗျို့ မိတ်ဆွေကြီး'

ပန်းဝါကလည်း ရန်လျှုချင်းကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ပြုံးလိုက်သည်။ သူ့အပြုံးကလည်း စိမ်းခေါ်မှုကို လိုလိုလားလား လက်ခံသောအပြုံး။

ပြီးမှ ပကတိကြည်လင်ပြတ်သားသော လေသံဖြင့် တုန့်ပြန်လိုက်လေသည်။

'ခင်ဗျား ရောက်လာတဲ့ထဲက ကျုပ်သိနေတယ်မိတ်ဆွေ...။ ခင်ဗျားဘယ်သူဘယ်ဝါဆိုတာ ကျုပ်မခွဲခြား နိုင်သေးပေမယ့် အဆင့်မြင့် ပညာရှင်တယောက်ဆိုတာတော့ အကဲခတ် မိထားတယ်။ ကျုပ်ဘည်ခင်းလိုက်တဲ့အရက်နဲ့အစားအစာထဲမှာအဆိပ်ပါမပါ လျှို့ဝှက်ပြီး စစ်ဆေးနိုင်ကထဲက ခင်ဗျားရဲ့ အရည်အသွေးကို အကဲခတ်လိုက်မိပြီ၊ ကိုင်းဗျာ....ဆိုစမ်း...။ ခင်ဗျား ကျုပ်ဆီလာခဲ့တဲ့ကိစ္စ'

ပန်းဝါသည်ယောကျ်ားတဦး၏အသံဖြင့်ပြောနေခြင်းဖြစ်၏။

စောစောက တုပြိုင်ဘက်ကင်းသည့် သာယာချိုအေးသော မိန်းကလေး၏ဧဘောအသံမျိုးမဟုတ်တော့။ စမ်းရေစီးသံနှယ်.... ငွေဆည်းလည်းလှုပ်ခတ်သံနှယ်.... ပျော့ပြောင်းသိမ်မွေ့လှသည့် အသံမျိုးလည်းမရှိတော့။

ကိုယ်ဟန် လက်ဟန် အမူအယာများသည် ဖော့ဖော့ယောင်းလိုနွဲ့နှောင်းသွဲ့ပြောင်းနေရာမှ တောင့်တင်းလာခဲ့သည်။ ကြံ့ခိုင်ခန့်ထည်သောအသွင်သို့ ဆောင်လာခဲ့ပြီ။



ယောကျ်ားသားဘဦး၏အမူအယာ၊ယောကျ်ားသားတဦး၏အနေအထား။

ယောကျ်ားသားဘဦး၏ ဆင်းသွင်သဏ္ဍာန်။

မှန်သည်။

စင်စစ် သူသည် ယောကျ်ားကြီးဘဦးဖြစ်သည်။

ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှသော ယောကျ်ားကြီးတဦးပင်ဖြစ်၏။

သိုင်းလောကတွင် မာယာပျားအုံ၊ သို့မဟုတ်ပျားမာယာဟု ခေါ်ဝေါ်ကြသော လျှို့ဝှက် ဆန်းကြယ်သည့် ဂိုဏ်းကြီးတဂိုဏ်းရှိသည်။

ယင်းဂိုဏ်းသည် လျှို့ဝှက်ဆန်းကြယ်သလောက် ကျစ်လစ်သိပ်သည်းသည်။ လူသိ အင်မတန်နည်းသည်။

ထိုဂိုဏ်းဝင်သိုင်းသမားအားလုံးတို့သည် ခက်ခဲနက်နဲသော သူတို့၏ကျင့်စဉ်များအရ ယောကျ်ားစင်စစ်ဖြစ်ပါလျက် စုံမက်မြတ်နိုးဖွယ်ရာ၊ တပ်မက်စွဲသန်းဖွယ်ရာ၊ ညို့မြူ ဖမ်းစားနိုင်သော မိန်းကလေးများ အသွင်သဏ္ဍာန်သို့ ပြောင်းလဲနိုင်စွမ်းရှိကြသည်။

မည်မျှပင် ခက်ထန်ကြမ်းကြုပ်သော၊ မည်မျှပင်ပညာအဆင့်အတန်းမြင့်မားလွန်းသော သိုင်းအကျော်အမော် ပုဂ္ဂိုလ်ပင်မဆို မာယာပျားအုံဂိုဏ်းသားတဦးတယောက်နှင့်တွေ့ရပါက ညို့မြူဖမ်းစားခံရပြီး အသက်ပျောက်တတ်ကြရသည်ချည်းသာ....။

ဤမျှ အထိ အံ့ဖွယ်သူရဲထူးကဲ၍ ကြောက်မက်ဖွယ်ရာကောင်းလွန်းလှသော ဂိုဏ်းသားများ။

ရန်လျှုချင်းသည် ပန်းဝါအမည်ရှိ ကြေးကြီး ပျော်တော်ဆက်မယ်အသွင် ဆောင်ယူထားသည့် မာယာပျားအုံဂိုဏ်းဝင်သိုင်းသမားကို မျက်တောင်မခတ်တမ်းကြည့်ယင်း အမေးကို ပြန်ဖြေလိုက်သည်။

'ကျုပ်ခင်ဗျားဆီလာခဲ့တဲ့အကြောင်းကတော့ တခြားမဟုတ်ဘူး မိတ်ဆွေကြီး။ ကွယ်လွန်သွားရှာတဲ့ ရိဝှမ်းလင် တယောက် အသက်ပြန်ရှင်လာတယ်ဆိုတဲ့အကြောင်း လာရောက်ပြောကြားတာဘဲ'

မာယာပျားအုံ ဂိုဏ်းသားသည် အသံထွက်၍ ရယ်လိုက်သည်။ လေးနက်သော အဓိပ္ပာယ်ဆောင်သည့် မျက်လုံးများဖြင့်လည်း ရန်လျှုချင်းကိုတချက်ကြည့်လိုက်သည်။

'ဟဲ....ဟဲ....ရိဝှမ်းလင်သေခဲ့ပြီဆိုတာ ကျုပ်တို့အသိပါလေ။ ရိဝှမ်းလင် သေခဲ့ရတာလဲ တခြားသူကြောင့် မဟုတ်ဘဲ ကျုပ်ကြောင့်ဘဲ။ ကျုပ်လက်ချက်ကြောင့်ဘဲ'

ရန်လျှုချင်းက တင်းမာပြတ်သားသောလေသံဖြင့် တုန့်ပြန်လိုက်သည်။

'အဲဒီသေသွားပြီဖြစ်တဲ့ ရိဝှမ်းလင် အသက်ပြန်ရှင်လာတယ်လို့ ကျုပ်ပြောပြီးခဲ့ပါတော'

မာယာပျားအုံဂိုဏ်းသား မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ပြီးမှ တစုံတခုကိုသတိရဟန်ဖြင့် နှုတ်ခမ်းများသရော်ပြုံးတချက်ပြုံးသွားရ၏။

'အော်....အော်....ကျုပ်သိပြီ....ကျုပ်သိပြီ၊ ခင်ဗျားက ကွယ်



လွန်သေဆုံးသွားတဲ့ ရိဝှမ်းလင်ရဲ့တာဝန်ကို ဆက် လွှတ် ထမ်းဆောင်မယ့်သူဆိုပါတော့'

'မှန်တယ်။ ကျုပ်ဆိုလိုတဲ့သဘောကိုခင်ဗျားအခုနားလည်ပြီ'

'အား....ဝမ်းသာလိုက်လေဗျာ။ ယှဉ်ပြိုင်မှု ဆိုတာက လက်ညီမှ ပိုပြီးပျော်စရာကောင်းသဗျ၊ မိတ်ဆွေလို အဆင့်ရှိတဲ့ လူတယောက်ကို ယှဉ်ပြိုင် ရမှာကတော့ စိတ်ချမ်းသာစရာအကောင်းဆုံး အလုပ်တခုပေါ့ဗျာ။ ဒါ့ထက် ခင်ဗျားကို တခုလောက်တော့ မေးစမ်းပါရစေ'

ရန်လျှုချင်း ခေါင်းဆတ်လိုက်သည်။

'ဆိုပါအုံး ခင်ဗျားသိချင်တာ'

'တခြားမဟုတ်ပါဘူးဗျာ။ ကျုပ်က ကိုယ့်ကိုကိုယ် ပျော်တော်ဆက်မယ်ကလေးပန်းဝါအဖြစ် ဖန်တီးထားတာ....။တော်တော်ပီပြင်တော်တော်ပိုင်တယ်လို့ထင်ထားမိသဗျို့။ ဒါကြောင့်လဲ ကျုပ်ပြိုင်ဘက် သိုင်းသမားအတော်များများဟာ သူ ယောင်မယ်ဂေဟာက ပန်းဝါဆိုတဲ့ မိန်းမချောကလေးဆီကို လာယင်း အသက်ပျောက်ပျောက်သွားကြရတာ'

'အင်း....ခင်ဗျားက သူတို့ကို မာယာနဲ့ ဖြားယောင်းပြီ....အပျောက်ရှင်းရှင်းပစ်လိုက်တာဆိုပါတော့ဗျာ'

'ဟုတ်တယ်....ဟုတ်တယ်....ခင်ဗျားက ရိဝှမ်းလင် ကိုယ်စား ရိဝှမ်းလင်ရဲ့တာဝန်ကို ဆောင်ရွက်လာတဲ့သူဆိုတော့ ဘာမှ ထိန်ချန်ထားစရာမလိုဘူးပေါ့။ ရိဝှမ်းလင်တို့အဖေ သေနာပတိကြီးရဲ့ လျှို့ဝှက်မြုပ်နှံထားခဲ့တဲ့ နန်းစဉ်ရတနာ ( ရွှည်းတွေ ဘယ် တိုးကလဲ မနည်းဘူးကိုဗျ။ လူတယောက်မပြောနဲ့ ဆွေမျိုးစုကြီး

တစုလုံး ဆယ်သက်စားမကုန်နိုင်လောက်အောင် တန်ဖိုးရှိတဲ့ ပစ္စည်းတွေဘဲ။ ဒီပစ္စည်းတွေတူးဖော်ရရှိနိုင်ဘို့ လိုက်နေကြတဲ့ အဖွဲ့အစည်းတော့၊ ဂိုဏ်းဂဏတွေကလဲ အများကြီးပေါ့ဗျာ’

‘ခင်ဗျားတို့ မာယာပျားအုံအဖွဲ့ အပါအဝင်ပေါ့လေ’

‘မှန်ပါတယ်။ ဒါ့ကြောင့်လဲ ကျုပ်ကပြိုင်ဘက်အဖွဲ့အစည်းထဲ ထူးချွန်သူတွေ ခေါင်းဆောင်တွေကို အနိုင်နည်းနဲ့ ရှင်းလင်းခဲ့ရတာပေါ့။ ခင်ဗျားကျမှဘဲ ကျုပ် ပိယိမှုအားနည်းပြီး မကျေမနပ် ဖြစ်ရသဗျာ’

‘ဘာမှ မကျေမနပ်ဖြစ်စရာ မလိုပါဘူးဗျာ။ ခင်ဗျားဖန်တီးမှုဟာ ကျုပ်နဲ့တွေ့တဲ့အခါ ပျက်ပြယ်သွားရတယ် ဆိုတာက ကျုပ်ကခင်ဗျားထင်ထားတာထက် ပိုပြီးတော်နေလို့ဗျ။ ဟဲ....ဟဲ’

မာယာပျားအုံဂိုဏ်းသားသည် ပုခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်၏။ ခေါင်းကိုလည်း တဆတ်ဆတ်ညိတ်သည်။

‘အခုပြောကလေးကိုဖြင့် သဘောကျခဲ့ပြီဗျို့။ ခင်ဗျားသာ ကျုပ်မိတ်ဆွေဘဝရောက်ဆိုယင် အတော် ဝမ်းသာစရာကောင်းပေမှာဘဲ။ အခုတော့ တဖက်တလမ်းစီ ဖြစ်နေကြရတယ်။ ကဲ ပူးပေါင်းညှိနှိုင်းလို့ရယင်လဲရအောင်၊ ဒီကိစ္စထဲ ခင်ဗျား ဘယ်လိုပါလာရသလဲဆိုတာ တဆိတ် သိပါရစေဗျာ’

‘အင်း.... ကျုပ်ကလဲ ခင်ဗျားနဲ့ အပင်ပန်းခံပြီး ယှဥ်ပြိုင်တိုက်ခိုက်မနေဘဲ ပူးပေါင်းချင်ပါရဲ့။ နို့သော် ကျုပ်မှာက မှန်ဘန်တဲ့ တာဝန်ကလေးကို ဆောင်ရွက်ချင်သေးသကိုးဗျ။ မြှုပ်နှံထားတဲ့ နန်းစဥ်ရတနာ ပစ္စည်းတွေဟာ နောက်ဆုံး အမွေခံနှစ်ဦးဖြစ်တဲ့ ရိဝှမ်းလင်နဲ့ သူ့နှမ ရိလျှံတို့နဲ့သာ ပတ်သက်နေပါတယ်၊



ရိဝှမ်းလင်က ဒီပစ္စည်းတွေနဲ့ပတ်သက်လို့ မှန်ကိုနယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲမှာ အသုံးပြုဘို့ မှာကြားပြီးသွားပါပြီ။ ကျုပ်အနေနဲ့ နောက်ကဲတဦးဖြစ်တဲ့ ရိလျှံရဲ့သဘောထားကို သိဘို့ဘဲလိုပါတော့တယ်။ ကိုင်း.... ရိလျှံကို ခင်ဗျားတို့ ဘယ်မှာဝှက်ထားထယ် ဆိုတာ ဖွင့်ဟလမ်းညွှန်ပါတော့ခင်ဗျား’

မာယာပျားအုံဂိုဏ်းသားသည် ရန်လျှုချင်းကို စူးစူးစိုက်စိုက် ကြည့်ရှုသင်း ခေါင်းတဆတ်ဆတ်ဖြင့် ပြုံးလိုက်သည်။

‘အင်း.... ခင်ဗျားနဲ့ကျုပ် ပြဒါးတလမ်း သံတလမ်းဆိုတာ သေချာသွားပြီ။ မှန်တယ်။ ကျုပ်တို့ ရိလျှံကိုဖမ်းဆီးပြီး ဖွက်ထားခဲ့ဘယ်။ ရတနာပစ္စည်းတွေနဲ့ ပတ်သက်လို့ အမျိုးမျိုး ချောက်လှန့်ပြီး မေးခဲ့တယ်။ ချော့မေးခဲ့ဘယ်။ ဒါပေမယ့် ကောင်မကလေးက သူ့အဖေ သူ့အကိုတွေရဲ့ သွေးပါတော့ အတော်ခေါင်းမာသဗျ။ ခုအချိန်အထိ လုံးဝဘူးကွယ်နေတယ်။ ကျုပ်တို့လဲ စိတ်ရှည်ရှည်ထားပြီး သူ့ဆီကစကားကို ရအောင် စောင့်နေကြရဘယ်။ ဒီကြားထဲ ဒီကောင်မလေး တခြားအဖွဲ့အစည်းလက် ပါသွားမှာလဲ စိုးရိမ်နေရသေးတယ်။ အခုတော့ ခင်ဗျား ကျုပ်တို့ခြေရာကို ခံမိသွားနိုင်ခဲ့ပြီ’

‘ဟုတ်တယ်လေ။ ဒါကြောင့် အမျိုးသမီး ဘယ်မှာလဲဆိုတာ ကျုပ်မေးနေပြီကော’

‘ဟဲ.... ဟဲ၊ ဒီအခြေသိချင်ယင်တော့ ကျုပ်ထံမှဘဲ ခင်ဗျား သိရနိုင်လိမ့်မယ်ဗျို့’

ရန်လျှုချင်းသည် အေးစက်ဘင်းမာစွာပြုံးယင်း တခွန်းချင်း ပြောလိုက်သည်။

'ခင်ဗျားသေမှ သိရမယ်ဆိုယင်လဲ ခင်ဗျားကိုသတ်ပြီး သိရအောင် လုပ်ရမှာပေါ့ဗျာ'

'ကြိုက်ပြီဗျို့.... ကြိုက်ပြီ။ ခင်ဗျား နောက်ကျောဘက်ကို တဆိတ်ကလေး လှည့်ကြည့်လိုက်စမ်းပါအုံး'

ပျားမာယာ ဂိုဏ်းသားသည် စဉ်းလဲသော အမူအယာဖြင့် ရန်လျှို့ချင်းအား လှမ်းပြောလိုက်သည်။

ရန်လျှို့ချင်းသည် ခေါင်းကို ဖြေးလေးသက်သာ ခါယမ်းပြလိုက်သည်။

'လှည့်ကြည့်စရာ မလိုပါဘူးဗျာ။ ခင်ဗျားအဖော် ကျုပ်နောက်ကို ရောက်နေတယ်ဆိုတာ တော်တော် စောစောကထဲက သိပြီးနေပါပြီ'

မှန်သည်။

တစုံတဦးသည် ခတ်စောစောကတည်းကပင် ရန်လျှို့ချင်း၏ နောက်ကျောဘက်သို့ ရောက်နေခဲ့သည်။

မာယာပျားအဖွဲ့ဂိုဏ်းသား လှည့်ဖြားပြောခြင်းမဟုတ်။

သူတို့နှစ်ဦး အချီအချပြောနေစဉ် တချိန်လုံး ထိုသူသည် လှုပ်ရှားမှုကင်းမဲ့စွာ ရှိနေခဲ့သည်။

ထိုလူ့အရွေ့အပြောင်းမှာ ပေါ့ပါးလွန်းလှသဖြင့် တော်ရုံတန်ရုံ သိုင်းသမား မရိပ်မိ။ သတိမထားမိ။ အသက်ရှူသံကလည်း မကြားရသလောက် မရှိသလောက် သိမ်မွေ့ညင်သာလွန်းသည်။

သို့သော် ရန်လျှို့ချင်းသည် မိမိတို့နှစ်ဦးတို့အပြင် အခန်းထဲ၌ အခြားသော အသက်ရှူသံတခု ရှိနေကြောင်းကို သိထားခဲ့၏။



ထို့ကြောင့် မာယာပျားအဖွဲ့ဂိုဏ်းသား အလှန့်တွင် အိန္ဒြေပျက်ယွင်းသွားခြင်းမဖြစ်။

တချိန်လုံး နောက်ဘက်မှ ငြိမ်သက်စွာရှိနေခဲ့သော သူသည် ရန်လျှို့ချင်း မြင်သာသည့်ဘက်သို့ ရွေ့လျားလာခဲ့၏။

ထိုသူကား အခြားသူမဟုတ်။

ရန်လျှို့ချင်း ဤအဆောင်ပေါ်သို့ တက်လာခဲ့စဉ်က လှေခါးရင်းတွင် တွေ့ဆုံခဲ့ရသော ဆံ့အနားမကြားပုံရသည့် အရိုးပဒေသာ လူပင်ဖြစ်သည်။

ထိုသူသည် စောစောက အမှောင်ထဲမှာထက် ယခုလို အလင်းရောင်အောက်တွင် ပိုမို၍ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းနေသည်။

ဖော်ပြပြီးခဲ့သည့်အတိုင်း ကြုံလှီသော ခန္ဓာကိုယ်အထက်ပေါ်တွင် ဂုနီဝတ်စုံကို ဝတ်ဆင်ထားသည်မှာ ရက်လွန်အသုဘကမ္ဗည်းဘောင်အား အဝတ်ဟောင်းပတ်ထားသည်နှင့် တူလှပေ၏။

မရိတ်မသင်ဘဲထားသည့် မုတ်ဆိတ် ပါးသိုင်းမွေးများသည် ရင်ဘတ်ပေါ်သို့ တွဲကျနေသည်။

ထုံးနှောင်ထားခြင်း မရှိသည့် ဆံပင်များသည် ပုခုံးထက်တွင် ဖားလျားဝေ၍နေ၏။

ဟောက်ပက်ဖြစ်နေသော မျက်ကွင်းများအတွင်းဝယ် ငါးမျက်စိကဲ့သို့ ပြူးကြောင်နေသော မျက်လုံးများရှိ၏။

မျက်နှာသည် ခံစားမှုကင်းမဲ့သော ပကတိမျက်နှာသေမျိုး။

ခြုံ၍ဆိုရလျှင် သင်းချိုင်းအတွင်းမှ ယခုပင် ထလာသည့်

လွင်စာပေ

နာနာဘာဝ မကောင်းဆိုးဝါး တကောင်အသား မှတ်ထင်ရသည်။

သို့သော်.... သူ့ သိုင်းပညာသည် ကြောက်မက်ဖွယ်ရာကောင်းလွန်းလှသည့် အနေအထားမျိုးရှိ၏။

အတွင်းအား နက်ရှိုင်းသူတဦးလည်း ဖြစ်ပုံရသည်။

ယခု မာယာပျားအုံဂိုဏ်းသားနှင့် ဇမ္ဗူဒွာန်းကောင် သိုင်းသမားတို့သည် ရန်လျှူချင်းအား ရှေ့နောက်ညှပ်ဝိုင်းထားလိုက်ကြပြီ။

မာယာပျားအုံ ဂိုဏ်းသား၏ အဆင့်သည် စောစောပိုင်းကလေးက ယှဉ်ကြည့်လိုက်မိသည်နှင့်အဆင့်လွန်တဦးဖြစ်ကြောင်း ရန်လျှူချင်း သိထားသည်။

ဇမ္ဗူဒွာန်းကောင် သိုင်းသမားသည်လည်း မာယာပျားအုံဂိုဏ်းသားထက် နိမ့်ကျလိမ့်မည် မဟုတ်။ သာလွန်ကောင်းပင်သာလွန်နိုင်သည်။

ဤမျှ ကြောက်စရာကောင်းသူနှစ်ဦးအကြားသို့ ရန်လျှူချင်း ရောက်ရှိနေရပြီ။

ထိုသူနှစ်ဦး၏ လက်ချက်ဖြင့် သိုင်းသမားပေါင်း မည်မျှ၏ အသက်များ ပျက်စီးသေဆုံးခဲ့ကြရပြီနည်း။

ထိုစာရင်းထဲတွင်ရန်လျှူချင်း၏အမည် တိုးတော့မည်လား။

ထိုသူတို့နှစ်ဦးသည် ရက်စက်ကြမ်းကြုတ်မှု အနိုင်းအဆရှိသော သနားညှာတာမှု လုံးဝကင်းသော လူဆိုးဂိုဏ်းသားများဖြစ်ကြ၏။

ငါးမျက်စိကဲ့သို့ ပြူးကြောင်သောမျက်လုံးဖြင့် ဇမ္ဗူဒွာန်း



ကောင် သိုင်းသမားသည် ရန်လျှူချင်းကိုကြည့်ကာ ကြက်သီးမွေးညှင်းထတွယ် အသံဖြင့် ရယ်မောလိုက်လေသည်။

'ဟီး.... ဟီး.... ဟီး.... ဟီး'

ဇမ္ဗူဒွာန်းကောင် သိုင်းသမား၏နာနာဘာဝရယ်သံနှင့်အတူ မာယာပျားအုံဂိုဏ်းသားကလည်း အားပါးတရ ပြုံးလိုက်လေသည်။

သူတို့သည် ရန်လျှူချင်းအား စာရင်း အပြတ်ရှင်းကြတော့မည်ဖြစ်သည်။

ရုတ်တရက် အခန်းထဲတွင် ငြိမ်သက်သွားသည်။

မည်သည့်အသံမျှ မကြားရတော့။

ထိုစဉ် ရုတ်တရက်....

အလွန်အလွန် တိတ်ဆိတ်နေသည့် အခန်းထဲတွင် လျှပ်ရှားပေါက်ကွဲသံကြီးသုံးခု ဆက်တိုက် ထွက်ပေါ်လာသည်။

'ဝုန်း....'

'ဒုန်း....'

'ဒိုင်း....'

အခန်းဆောင်တခုလုံး ၎ကတိ အမှောင်ကျသွားသည်။

အမှောင်ထုအတွင်းမှ ကျယ်လောင်နက်ကျောသော အော်သံကြီးတရပ်က ကြောက်ခမန်းလိလိ ထွက်ပေါ်လာခဲ့၏။

'အား....'

ရန်လျှူချင်းတယောက် အသက်ပျောက်သွားခဲ့ရရှာလေပြီလား။

နောက်တခဏအကြာတွင်....

မြင်းစီးသမားတဦးသည် သူယောင်မယ် ပျော်တော်ဆက် ဂေဟာကို ကျောခိုင်း၍ တနေရာဆီသို့ ဒလကြမ်းစိုင်းသွားလေသည်။

မြူခြည်များသည် ညဉ့်ကို ဝန်းရစ်ထား၏။ မြင်သွယ်ပါးလှပ်သော နှင်းစကလေးများကလည်း တဖွဲဖွဲကျနေသည်။

လရောင်က ဝိုးတဝါး။

မြင်းကြီးသည် အပြင်းအထန် စိုင်းနှင်လျက်သား ရှိနေလေသည်။ လည်ဆံမွေးတခါခါ အမြီးတဖွားဖွား။

တနေရာအရောက်တွင်ဝိုးတဝါးလရောင်သည်မြင်းစီးသမား၏ မျက်နှာပေါ်သို့ တဖက် ကျဆင်းသွား၏။

လှစ်ကနဲ တွေ့လိုက်ရသည့် ထိုမြင်းစီးသမား၏ မျက်နှာကား ရန်လျှုချင်း၏ မျက်နှာပင်ဖြစ်တော့သည်။

၁၇

နံနက်မိုးသောက်ခဲ့ပြီဖြစ်သော်လည်းအလင်း ရောင်ကရောက်ရှိမလာသေး။

အမှောင်သည် သိပ်သည်းဆဲ....အားကောင်းဆဲ၊

မြူခိုးတွေက တလူလူ။

မြူခိုးဆိုသည်ထက် တောင်ခိုး တောင်ငွေ့များဟု ဆိုကပို၍ မှန်ကန်ပေလိမ့်မည်။

မှန်သည်။

အမှောင်နှင့် မြူခိုးကြားတွင် ကြီးမားသော တောင်စဉ်တောင်တန်းကြီးတခုသည် နဂါးကြီးတကောင် အိပ်ပျော်နေသည့်အလား တည်ငြိမ်စွာရှိနေသည်။

ဤတောင်ကြီး၏ အမည်နာမကို အရှေ့နဂါးမင်းတောင်ဟု လူတို့ခေါ်ဆိုသမုတ်ကြသည်။

ဤတောင်ကြီးနှင့်ပတ်သက်၍ ရှေးဟောင်း ဒဏ္ဍာရီ တပုဒ်သည်လည်းရှိခဲ့၏။

ရှေးထက် ရှေးကျသော အခါကာလက အရှေ့ပင်လယ်မှ နဂါးမင်းသည် ဤအရပ်ဒေသသို့ ခရီးဆန့်ယင်း ရောက်ရှိလာခဲ့သည်။

ဤနေရာအရပ်ဒေသသို့ရောက်သောအခါ အရှေ့ ပင်လယ်နဂါးမင်းသည် လွန်မင်းစွာသဘော ကျသဖြင့် မိမိနှင့် အလားသဏ္ဍာန်တူသော တောင်ကြီးတလုံးကို တန်ခိုးဖြင့်ဖန်တီးခဲ့သည်ဟု ဆို၏။

ထိုအဆို မှန်သည်မမှန်သည်ကို ခွဲခြားဖော်ပြခြင်းငှာ မစွမ်းနိုင်သော်လည်း ခေတ်ကာလအစဉ်အဆက်တိုင်းပင် ထိုတောင်ကြီးကို အရှေ့ပင်လယ်နဂါးမင်းတောင်ဟု ခေါ်ဝေါ်လာခဲ့ကြသည်။

နံနက်ဦးလေပြေက တသုန်သုန် တိုက်ခိုက် လာသောအခါ အမှောင်ရိပ်သည် တစထက်တစ ပြယ်လွင့်လာခဲ့လေသည်။

မြူခိုးမှုန်စသည်ဖြင့် ကြွပါး၍လာခဲ့သည်။ စောစော လောက်တော့ လေ့ပိန်းတော့။

နှင်းစက်နှင်းပေါက်များသည်ကား တဖြောက်ဖြောက် မြည်သံပြုယင်း သစ်ပင်ကြီးများ အထက်မှ ကျဆင်းနေကြဆဲ ဖြစ်လေသည်။

ထိုကာတွင်....။

တောင်တက်လမ်းအတိုင်း မြူခြည်နှင့် တောင်ခိုးတောင်ငွေ



မျှားကိုဖြတ်သန်း၍ သိုင်းသမားတဦး အရှေ့ပင်လယ်နဂါးမင်းတောင်သို့ တက်ရောက်လာခဲ့သည်။

ထိုသူသည် ဖားလျားသော နှင်းကာဝတ်ရုံကြီးကိုခြုံလွှမ်း၍ အနားကုပ်အော ဗျက်ကျယ်သော မြက်ခမောက် တလုံး ကို ဆောင်း၍လာသည်။ မျက်နှာအုပ်လုမတတ် ဆောင်းလာခဲ့ခြင်းဖြစ်သည်၊

ထိုသူသည် တောင်ပေါ်သို့ အလျင်တလိုဟန်မျိုးဖြင့် တက်ရောက်လာခဲ့ခြင်းမဟုတ်ဘဲ ခြေလှမ်း မှန်မှန်ဖြင့်သာ သတိထား လျှောက်လှမ်းနေလေသည်။

ယင်းသို့ဖြင့်....။

အချိန်ကြာမြင့်ပြီးသည့်နောက် တောင်ထိပ်လွင်ပြင် တနေရာတွင် တည်ရှိနေသော ကျောက်သားအဆောက်အဦတခုရှေ့သို့ ရောက်ရှိလာခဲ့လေသည်။

ခမောက် ဆောင်းသည့် မျက်နှာ တူရူမှ ကျောက် သားအဆောက်အဦကိုလှမ်းကြည့်လိုက်သည်။ ပြီးနောက်ကျေနပ်စွာ ခေါင်းတဆတ်ဆတ်လည်း ညိတ်လိုက်၏၊

ကျောက်သားအဆောက်အဦမှာ အခြားမဟုတ်။

အရှေ့ပင်လယ် နဂါးမင်းကို ရည်စူး၍ တည်ဆောက်ထားသည့် နတ်ကွန်းဆောင်ဖြစ်လေသည်။

နတ်ကွန်းဆောင်ထဲတွင် အရှေ့ပင်လယ်နဂါးမင်း၏ ကိုယ်ပွားရုပ်ထုသာမက တောင်စောင့်နတ် တောင်စောင့်နတ် အချို့၏ ရုပ်ထုများလည်း ရွှေရောင်တဝင်းဝင်း ဟသ်ာပြဒါးရောင်တရဲရဲဖြင့် တည်ရှိစံပယ်နေကြလေသည်။

ဤအရပ်ဒေသမှ လူအများသည် တနှစ်လျှင် တကြိမ်ကျ တောင်ပေါ်သို့တက်၍ နတ်ပူဇော်ပွဲကျင်းပကြသည်။

ထိုတကြိမ်မျှသာကျင်းပပြီး နတ်ကွန်းဆောင်သို့ လူအသွားအရောက်ကြဲပါးသွားတတ်ကြသည်။ လုံးဝလာသူမရှိသလောက်ပင်ဖြစ်၏။

နတ်ကွန်းဆောင်တွင် ရုပ်ထုများနှင့် နတ်ကွန်းဆောင်ကို စောင့်ရှောက်ရသော နတ်ဆရာကြီးတဦးရှိသည်။

နတ်ဆရာကြီးသည် သိုင်းပညာ တတ်ကျွမ်းသော ပုဂ္ဂိုလ်တဦးဖြစ်သည်။

ဤနတ်ကွန်းဆောင်ကို စောင့်ရှောက် ထိန်းသိမ်း ခဲ့ရသော နတ်ဆရာအစဉ်အဆက်တို့သည် သိုင်းပညာ တတ်ကျွမ်းသူများဖြစ်ခဲ့ကြရ၏။

အဘယ့်ကြောင့်ဟူမူ နတ်ရုပ်ထုများတွင် စီချယ် မွန်းမံထားသောရွှေငွေ ကျောက်မျက်ရတနာများ၏တန်ဖိုးမှာ လွန်စွာမှပင် အဖိုးထိုက်တန်သည်။

လူသူ အဆက်အသွယ် ကြဲဝေးသည့် ဤသို့ တောင်ထိပ်ပေါ်ဝယ် တန်ဖိုးကြီးမားသောရုပ်ထုများကို စောင့်ရှောက်ရန် သိုင်းပညာ အဆင့်မြင့် တတ်မြောက်ထားမှ ဖြစ်ပေလိမ့်မည်။

ဤကဲ့သို့ ရှိနေသည့်ကြားမှပင် တခါတရံ လူဆိုးသူဆိုးများသည် နတ်ကွန်းဆောင်သို့လာ၍ နတ်ထိန်းကြီးအား တိုက်ခိုက်ကာ နတ်ရုပ်များမှ ရတနာပစ္စည်းများကို လုယက် ယူငင်ဖို့ကြိုးစားခဲ့ကြသည်။

သို့သော် နတ်ထိန်းကြီး၏ ပက်ချက်ဖြင့်ရောက်ရှိလာကြသော



လူဆိုးသူဆိုးများမှာ အသက်ပျောက်သွားတတ်ကြရသည်ချည်းဖြစ်သည်။

ယခု နှင်းကာခြုံလွှာနှင့် မြက်ခမောက်ကို အုပ်လုံတတ်ဆောင်းလာသောသူသည်လည်း လူဆိုးဒမြ တဦးပင်လော။ နတ်ရုပ်များမှရတနာပစ္စည်းများကို လောဘတပ်မက် လာခဲ့သည့် ဒုစရိုက်သမားတဦးပင်လော။

ထိုသူ၏ ကိုယ်လက် လှုပ်ရှားမှုဟန်သည် အဆင့်မြင့်သိုင်းသမားတဦးဖြစ်မှန်း သိသာထင်ရှားလှသည်။

သူလာရောက်ခဲ့သည့် အနေအထားကလည်း လျှို့ဝှက်သည့်အမူအယာအပြည့်အဝရှိသည်။

သူနတ်ကွန်းဆောင်သို့ လှမ်းမြော် ကြည့်ရှုနေပုံကလည်း ကျားရဲ အစာချောင်းသည့်အသွားမှ ဟန်ထင်ရသည်။

ခမောက်ဆောင်းသည် ခေတ္တမျှကြာသည်အထိ သစ်ပင်ချုံနွယ်များအကြားမှ နတ်ကွန်းဆောင်သို့ကြည့်ရှုနေလိုက်သည်။

နတ်ကွန်းဆောင်နှင့် သူ့အကြားတွင် ရှင်းလင်း သုတ်သင်ထားသော ကွက်လပ်ငယ်တခုရှိသည်။

နတ်ကွန်းဆောင် အဆောက်အဦရှေ့ ကြမ်းပြင်တွင် တစုံတဦးသည် ကျောခိုင်းလျက်သား အနေအထားဖြင့် မီးလင်းဖိုတခုတွင် မီးလှုံနေလေသည်။

ခမောက်ဆောင်းသည် ကွယ်ရာမှ တိတ်တဆိတ်ချောင်းမြောင်းကြည့်ရှုနေယင်း ခေါင်းဆတ်ခြင်း ပြုလိုက်ပြန်သည်။

ပြီးနောက်....

တစုတရာကို ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် သူ့အမူအယာသည် တည်ငြိမ်သွားသည်။

သူသည်ပုန်းကွယ်ကြည့်ရှုနေရာချုံနွယ်သစ်ပင်များအကြားမှ ထွက်လာခဲ့သည်။

အိမ်ခြေရှိသော ခြေလှမ်းများဖြင့် နတ်ကွန်းဆောင်ရှေ့ မြေကွက်လပ်ဆီသို့ တလှမ်းချင်း လျှောက်လှမ်းလာခဲ့သည်။

မြေကွက်လပ်အလည်တွင် သူရပ်တန့်မိလိုက်ပြီ။

လက်အစုံကို တင်းတင်းပိုက်ကာ နတ်ကွန်းဆောင်အတွင်းမှ ကျောခိုင်း၍ မီးလှူနေသူကို ကြည့်လိုက်သည်။

မီးလှူနေသူကား ဤနတ်ကွန်းဆောင်၏ နတ်ထိန်းကြီးပင် ဖြစ်၏။

နတ်ထိန်းကြီးသည် သိုင်းပညာအဆင့်မြင့်မြင့် တတ်ထားသူ ဖြစ်သည်။

နတ်ကွန်းဆောင်မှ ရတနာပစ္စည်းများကို လုယက်ယူငင်ရန် လာသော လူဆိုးသူဆိုး သိုင်းသမားများအား သုတ်သင်ရှင်းလင်းခဲ့ပေါင်းလည်း များခဲ့ပြီဖြစ်သည်။

သူသည် ကျောခိုင်းထားသည်ကို လှည့်ကြည့်စရာ မလိုသော်လည်း နတ်ကွန်းဆောင်ရှေ့ မြေကွက်လပ်ပေါ်တွင် တစုံတဦး ဆိုက်ရောက်လာကြောင်းကို သိရှိနိုင်လောက်သည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။ သိလည်းသိပုံရသည်။

ထို့ကြောင့် အသံသြသြကြီးဖြင့် မေးမြန်းလိုက်သံတရပ်က နတ်ထိန်းကြီးထံမှ ထွက်ပေါ်လာသည်။

'ဆိုစမ်းပါဟေ့။ ဘာကိစ္စ ဒီကိုရောက်လာရတာလဲ'



မြက်ခမောက်သည် တိုးတိုးအုပ်အုပ် ရယ်မောလိုက်သည်။ လက်ကိုမူ ပိုက်ထားဆဲ ပိုက်ထားမြဲ။

ပြီးနောက် တိုက်ခတ်နေသည့်လေကို တချက်မျှ အနံ့ခံရှူရှိုက်လိုက်သည်။

နတ်ထိန်းကြီးထံမှ အသံသြသြကြီးက ထပ်မံထွက်ပေါ်လာခဲ့ပြန်သည်။

'ဟိတ်.... မေးနေတယ် မကြားဘူးလား။ ဖြေလေကွာ'

မြက်ခမောက်ကမူ ရယ်သံကိုသာ တဟဲဟဲ ပြုမြဲပြုနေသည်။

နတ်ထိန်းကြီး စိတ်ရှည်ဟန်မတူတော့။ ဒေါသသံစွက်ဖက်လာသည်။

'မေးတာ မကြားဘူးလားကွ။ မင်းအသက် ပျောက်ချင်ပြီနဲ့ တူတယ်'

သည်တော့မှပင် ခမောက်ဆောင်းသည် ပခုံးနှစ်ဖက်သိမ့်သိမ့် ခါအောင် လှုပ်သွားသည်အထိ ဟက်ဟက်ပက်ပက်ရယ်မောယင်း ပြန်ပြောလိုက်သည်။

'ကျုပ်အသက် ပျောက်တာမပျောက်တာထက် ခင်ဗျားကတော့ အသက်ရှူရပ်နေပြီ မဟုတ်လားဗျ'

'ဘာပြောတယ်ကွ'

'ဘာပြောရမှာလဲဗျာ။ ကျုပ်ကြားဘူးတာကတော့ လောကကြီးမှာ လူသေက စကားမပြောတတ်ဘူး နတ်ထိန်းကြီး'

'ဘာရယ်'

'ခင်ဗျားကိုယ်က လူသေနဲ့ တူနေတယ် နတ်ထိန်းကြီး။ လူသေသာ အခုလို စကားပြောဆိုနေတာ ကြုံရတွေ့ရတော့

အတော်ကလေးဆန်းသဗျို့။ ကိုင်း.... ဘယ်လိုမှော်ဝိဇ္ဇာအတတ်တွေနဲ့များ လူသေက စကားပြောနေတယ်ဆိုတာ သိစမ်းကြည့်ရအောင်'

စကားဆုံးသည်နှင့် မြက်ခမောက်သည် နတ်ကွန်းဆောင်အတွင်းသို့ လှမ်းကနဲ ခုန်ပျံဝင်ရောက်သွားလေပြီ။

ကျောခိုင်း၍မီးထိုင်လှုံနေသောနတ်ထိန်းကြီးနှင့်ခြေနှစ်လှမ်းအကွာလောက်တွင် ညင်သာပေါ့ပါးစွာ ကျလာခဲ့သည်။

'ကိုင်း.... လူသေက ဘာဖြစ်လို့ စကားပြောသလဲဆိုတာ သိရအောင်'

မြက်ခမောက်သည် လှေလုံးတလုံးကိုလက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

အရှိန်အဟုန်တရပ်သည် လေထုထဲတွင် လျှင်မြန်စွာတိုးဝှေ့သွားပြီး နတ်ထိန်းကြီး၏ ကျောခိုင်းထားသော ခန္ဓာကိုယ်အားဝင်ရောက် တိုးဝှေ့လိုက်သည်။

'ဝုစ်....'

'စုန်း....'

နတ်ထိန်းကြီး၏ ခန္ဓာကိုယ်သည် ကြမ်းပြင်တွင်ပက်လက်ကြီးလဲကျသွားရလေသည်။

နတ်ထိန်းကြီး။

အသက်ဝိဉာဉ် ကင်းပျောက်နေသော ရုပ်အလောင်းကြီးဖြစ်နေလေပြီ။

'ဟား....ဟား....ဟား....ဟား'

ကျယ်လောင်နက်ကျော အက်ကွဲသော ရယ်မောသံကြီးသည်



နတ်ကွန်း၏ မျက်နှာကျက်ဆီမှထွက်ပေါ်လာခဲ့ပြီးနောက် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် ဓားသမားတစုသည် ပုန်းကွယ်နေရာ နတ်ကွန်းဆောင် အနှံ့အပြားမှ တဟုန်ထိုးပြေးထွက်လာကြပြီ။

မြက်ခမောက်ကို ဝိုင်းရံလိုက်ကြသည်။

ငတ်ရှိန်းက်များသည် အဆင့်မြင့်ဓားရေးကျွမ်းသောသူများဖြစ်ကြပုံရ၏။

သူတို့ဟန်ပန်နှင့် အမူအယာများကအရည်အချင်းမနိမ့်ခဲသောအဆင့်ကို ဖော်ပြနေသည်။

အဆင့်မြင့်ဓားသမားများ ပတ်လည်မှ ဝန်းရံထားသော်လည်း မြက်ခမောက်သည် စိုးစဉ် မျှတုန်လှုပ်ဟန်မပြ။ မခိုးမခန့်ရယ်သံတခွန်းပင် ထွက်ပေါ်လာခဲ့သေး၏။ ပြီးမှ တင်းမာပြတ်သားစွာ ဆိုလိုက်သည်။

'ဆုတ်လိုက်ကြစမ်း။ ဝေးရာကို ရှောင်ထွက်သွားကြ။ မင်းတို့ငါနဲ့ ယှဉ်ပြိုင်ဘက်မဟုတ်ဘူး'

မြက်ခမောက်၏ ဟန်ပန်နှင့် အသံကြောင့် ဝိုင်းထားသောဓားသမားများ၏ စိတ်တွင်း အနည်းငယ်စိမ့်သွားကြသည်။

သို့သော် တယောက်က အော်ဟစ်လိုက်၏။

'ဝင်....တိုက်....ခုတ်....'

'ယား....'

'ဟီး....'

'သတ်....'

ကျယ်လောင်သော ကြွေးကြော်အော်ဟစ်သံများနှင့်အတူ

ဝတ်ရုံနက် ဓားသမားများသည် မြက်ခမောက်အား ဆောင် ဓားအသီးသီးဖြင့် ဒလကြမ်း ဝင်ရောက်ခုတ်ပိုင်းလိုက်ကြသည်။

'ဝှီး....'

'ရှီး....'

'ရှမ်း....'

'ချွင်... ချွင် ဒလုံ....

မျက်တောင်တခတ်အတွင်း သံကိုသံချင်း ထိခတ်သံများ ပြင်းထန်စွာ ထွက်ပေါ်လာသည်။

နောက် ဓားသွားနှင့် လူ့အသားခုတ်မိသံများ ထွက်ပေါ် လာကာ....။

'ရှီး....'

'ဇွီး....'

'အီး....'

'ဗြို....'

ဝတ်ရုံနက်ဓားသမားများသည် ကျောက်ဆောင်ကို ဝင်တိုးမိသော လှိုင်းလုံးများကဲ့သို့ ကြမ်းပြင်ပေါ်တွင် တုန်းလုံးပက် လက်လဲကုန်ကျရတော့သည်။

ဘယ်အချိန်ကထုတ်ယူခုတ်ပိုင်းလိုက်မှန်း မသိရသော ဓားကို မြက်ခမောက်သည် ကျောမှဓားအိမ်အတွင်းသို့ ရှပ်ထနဲ ပြန် လည်သိမ်းဆည်းလိုက်သည်။

မြက်ခမောက်သည် လဲကျအသက်ပျောက်နေကြသောဝတ်ရုံ နက်ဓားသမားများကိုကြည့်ကာ သံမှန်ဖြင့် ပြောဆိုလိုက်လေ သည်။



'ငါ့ပြောခဲ့သားဘဲ၊ မင်းတို့ဟာ ငါ့ပြိုင်ဘက်တွေ မဟုတ် ဘူးဆိုတာ....'

ထိုစဉ် မျက်နှာကြက်မှပင် အသံဟသံ ထွက်ပေါ်လာခဲ့ပြန် သည်။

'အေး....ဟုတ်တယ်။ သူတို့က မင်းရဲ့ ပြိုင်ဘက်မဟုတ်ဘူး. ငါကတော့ မင်းနဲ့ပြိုင်ဘက်ဖြစ်ကောင်း ဖြစ်နိုင်လိမ့်မယ် ထင် တယ်'

စကားသံအဆုံး အရိပ်သဏ္ဍာန်တခုသည် မြက်ခမောက်ရှေ့ သို့ လွှားကနဲကျလာခဲ့သည်။

အရပ်သုံးပေကျော်ကျော်မျှသာရှိသည့် ထူးခြားဆန်းကျယ် သော လူပုကလေးတဦး။

လူပုကလေးသည် အရွယ် ပမာဏအားဖြင့် သုံးပေမျှသာ ရှိ သော်လည်း အသက်အရွယ် ကြီးရင့်သည့် အဖိုးအို တဦးဖြစ် ကြောင်းသိသာထင်ရှားသည်။ ဆံပင်မွေး၊ မုတ်ဆိတ်မွေးများ သည် ဆွတ်ဆွတ်ဖြူ၍နေကြသည်။

အနီရောင်ရဲရဲဝတ်စုံကို အထက်အောက် ဝတ်ဆင်ထားသည်။

ခန္ဓာကိုယ်သည်မူ အသက်နှင့်မလိုက်အောင် ကြံ့ခိုင်တောင့် တင်းနေသည်။

အသေအချာကြည့်မည်ဆိုလျှင် ဂျပုအဖိုးအိုသည် မျောက်စံပု တကောင်နှင့် တူနေပေသည်။

မြက်ခမောက်သည် ဂျပုအဖိုးအိုအား တချက်ကြည့်ကာ။

'မျောက်တရာတောင်တာ ဦးလူပုမှတ်တယ်'

မျောက်ဝံသဏ္ဌာန် ပေါက်နေသော ဦးလူပုသည် တချက်မျှ ရယ်သွမ်းသွေးလိုက်သည်။ ခေါင်းကိုလည်း ညိတ်လိုက်သည်။

'အိမ်း....ဟုတ်ပေတယ်....ဟုတ်ပေတယ်။ မောင်က ကျုပ်ကို သိနေသကိုး။ မောင်ရောက်လာတာက ကျုပ်တို့နဲ့အကြံတူဥာဏ်တူဘဲထင်တယ်'

မြက်ခမောက် ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော်က နတ်ကန်းဆောင်က ရတနာပစ္စည်းတွေကို လုယက်ဖို့ လာတဲ့လူမဟုတ်ပါဘူး'

ဦးလူပုသည် ကျယ်လောင်စွာ ရယ်မောလိုက်ပြန်သည်။

'ဟုတ်ပါ့မယ်လေ ကျုပ်ဆိုလိုတာက ဒီနတ်ကွန်းဆောင်က ရတနာတွေထက်များတဲ့ တနေရာမှာ မြှုပ်နှံထားခြင်းခံရတဲ့ နန်းစဉ်ရတနာပစ္စည်းတွေကို ဆိုလိုတာပါ။ မောင်က ဒီကိစ္စအတွက် လာခဲ့တာဘဲ မဟုတ်လား'

'ဒါတော့ မှန်ပါတယ်ခင်ဗျာ'

မြက်ခမောက် ခေါင်းညိတ်လိုက်သည်။

ဦးလူပုက ပြော၏။

'မောင်နဲ့ ကျုပ်ဟာ ထိပ်တန်းပညာရှင်ချင်းတွေဘဲ။ ဒီတော့ အနိုင်ရသူ အကျိုးအမြတ်ခံစားကြစေမပေါ့၊ မြှုပ်နှံထားတဲ့ ရတနာတွေနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်ဟာ ဟောဒီနတ်ကွန်းဆောင် မြေတိုက်အောက်ထပ်မှာ ရှိနေတယ်'

'ခင်ဗျား၊ မိန်းကလေး ဒီနတ်ကွန်းဆောင်အောက်မြေတိုက်ခန်းထဲမှာ ချုပ်နှောင်ခံထားရတယ်ဆိုတာ သေချာသွားပြီပေါ့'

'ကျုပ်သိပ် သေချာတာပေါ့မောင်....။ မောင်မရောက်ခင် ကျုပ်



ဒီနတ်ကွန်းဆောင်ကို ရောက်လာခဲ့ရတယ်။ ဒီနတ်ကွန်းဆောင်ရဲ့ အစောင့်နတ်ထိန်းကြီးဟာမိန်းကလေးကို တာဝန်ယူချုပ်နှောင်ထားရသူ တဦးပေါ့'

မြက်ခမောက်အမူအယာက စိတ်သက်သာရာရသွားဟန် ရှိလာခဲ့သည်။ ဝမ်းမြောက်ဝမ်းသာ အမူအယာလည်း ဖော်ပြလာသည်။ ပြီးမှ ဦးလူပုကို ပြောလိုက်၏။

'ကောင်းပါပြီခင်ဗျား....ဒီအတိုင်းဆိုယင်'

'အဖြေက ရှင်းတယ်လေ။ မောင်နဲ့ကျုပ် နှစ်ယောက်ယှဉ်မယ်လေ။ အသက်ရှင်ကျန်ရစ်ခဲ့တဲ့လူက မိန်းကလေးကို ခေါ်သွားရုံပေါ့။ ကျေနပ်ရဲ့လား'

'အင်မတန်မှ တရားနည်းလမ်း ကျပါပေတယ်ခင်ဗျာ'

ချက်ချင်းပင် မြက်ခမောက်နှင့် မျောက်တရာတောစင်မှ သိုင်းအကျော်အမော် ဦးလူပုတို့သည် ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရန် နတ်ကွန်းဆောင်ရှေ့ရှိ မြေကွက်လပ်တွင် ဝါးတရိုက်ကျော်အကွာ အဝေးဆီမှ မျက်နှာချင်းဆိုင်လိုက်ကြလေသည်။

မျောက်တရာ သိုင်းသမားကြီး ဦးလူပုသည် ယနေ့အချိန်အထိ ရှုံးပွဲမရှိခဲ့သော ပညာရှင်တဦးဖြစ်သည်။

ထို့ကြောင့် သူ့ကိုယ်သူယုံကြည်သည်။ စိတ်ချသည်။ အသက်ကြေးထား၍ လောင်းဝံ့ရဲခဲ့ခြင်းဖြစ်သည်။

မြက်ခမောက်ကလည်း ဦးလူပု၏ အသက်ကြေးစိမ်ခေါ်မှုကို လက်ခံခဲ့သည်။ ထိုသူသည် အသက်အရွယ် ငယ်ရွယ်သော်လည်း အတွေ့အကြုံသေးပုံမရ။

'ကိုင်း....စကြမယ်'

'ဟုတ်ကဲ့...စ,နိုင်ပါပြီခင်ဗျာ'

တဘက်နှင့်တဘက် အသက်ပေးတမ်း ယှဉ်ပြိုင်တိုက်ခိုက်သတ်ပုတ်ရန် အချက်ပေးလိုက်ကြသည်။

'ကဲ.... လာပြီ'

'အဆင်သင့်ပါဘဲ'

ဦးလူပု၏တရှိန်ထိုးဝင်ရောက်လာသော တောင်ဖြိုလက်သီးကို မြက်ခမောက်က မဟာကျောက်ဖျာလက်ဝါးဖြင့် ဆီး၍ခံလိုက်သည်။

'ဝှီး....'

'ဖျန်း....'

ကျယ်လောင်ပြင်းထန်သော အသံကြီးတသံက ထွက်ပေါ်လာသည်။

အရှိန်အဟုန်ပြင်းထန်သည့်ယာဉ်ရထားကြီးနှစ်စီးဝင်ဆောင့်လိုက်မိသကဲ့သို့။

ပတ်ဝန်းကျင်လေထုသည် သွက်သွက်ခါမျှ တုန်ခါသွားရသည်။

သိုင်းပညာရှင်နှစ်ဦး၏ ခန္ဓာကိုယ်များမှာလည်း တုန်ခါသွားရသည်။

ဤတချက်တည်းနှင့်ပင်နှစ်ဦးစလုံး ချွေးသီးချွေးပေါက်များကျဆင်းလာရသည်။ ငယ်ထိပ်နေရာများဆီမှ အခိုးအငွေ့များတလူလူ ထွက်လာရပြီ။

ပြင်းပြခက်ထန်သော အတွင်းအားကို မြင့်မားစွာ အသုံးပြုလိုက်သောကြောင့် ဖြစ်သည်။



ဦးလူပုသည် နှစ်လှမ်းမျှ နောက်သို့ ဆုတ်လိုက်ရ၍ မြက်ခမောက်မှာ သုံးလေးလှမ်းမျှ ယိုင်ထွက်သွားသည်။

ဤတချက်တည်းနှင့်ပင် အဖြေပေါ်ခဲ့လေပြီ။

ဦးလူပုကား မြက်ခမောက်ထက် အဆင့်မြင့်မားနေလေပြီ။

ဤနှစ်ဦးအနက် အသက်ရှင် ကျန်ရစ်ခဲ့ရမည့်သူမှာ ဦးလူပုဖြစ်နေလေပြီ။

သို့သော် အဘယ့်ကြောင့်မှန်းမသိ။

ဦးလူပုသည် မြက်ခမောက်အား တချက်မျှ စူးစိုက်ကြည့်ရှုလိုက်ပြီးနောက် မြေကွက်လပ်မှ တောင်အောက်သို့ တဟုန်ထိုးပြေးဆင်းသွားလေတော့သည်။

မြက်ခမောက်သည် အံ့အားသင့်စွာ ကျန်ရစ်ခဲ့၏။

တမဟုတ်ချင်း မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားသော ဦးလူပုကို ငေးမောကြည့်ရှုလိုက်မိသည်။

ဦးလူပုသည် အဘယ့်ကြောင့် ရရှိခဲ့သောအနိုင်ကို မယူလေသနည်း။

သူ့အား အဘယ့်ကြောင့် မသတ်ဖြတ်ခဲ့သနည်း။

အဖြေမပေါ်နိုင်သော မေးခွန်းကိုမေးမိယင်း မြက်ခမောက်သည် ဦးခေါင်းထက်မှ ဆောင်းထားသော ခမောက်ကို ဖြုတ်ချလိုက်သည်။

ရန်လျိုချင်း။

မြက်ခမောက်ကား အခြားသူမဟုတ်။

ရန်လျိုချင်းပင် ဖြစ်တော့၏။